www.burmeseclassic.com

(၁၀)ရုပ်ပြောက်ဘရူးယုတ်

# ပြည့်စုံမှုအိပ်

ရနံ့တစ်စင်း၏

## တောင်ပံခတ်သံ



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၂၂၃၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၂၃၈၀၆၁၀ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | အကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ညာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ့ အမှာစာ

Thank !

ပထမဆုံး 27 th Nov "မနု"ရာသီမှာမှ "မနု"နဲ့ "တောင်ရိုး" တိုင်းရင်းသားတွေကြားမှာ မွေးဖွားကြီးပြင်းစေခဲ့တဲ့ အမေနဲ့အဖေကို အထူးကျေးဇူးတင် ဂါရဝပြုပါတယ်။

အဖေနဲ့အမေရဲ့ ကျေးဇူးကြောင့် မြတ်နိုးစရာကောင်းပြီး ရိုးသားအေးဆေးတဲ့ "မနု"နဲ့ "တောင်ရိုး"တွေရဲ့ ကြားမှာ မွေးဖွားကြီးပြင်းခဲ့လို့လည်းပဲ ကျွန်တော်ဟာ မြန်မာစစ်စစ် ဖြစ်ပေမဲ့ မြန်မာစကားကို ပီအောင်ပြောဖို့ဆိုရင်တော့ ကြိုးစားပြီး ထိန်းပြောရပါတယ်။ ချစ်စရာကောင်းတဲ့ "မနု"သံဝဲနေလို့ပါ။ (နိတ်ဟ)

ဒီလေသံဝဲတဲတဲကိုပဲ ချစ်စရာကောင်းတယ်လို့ ဆိုတဲ့ ကောင်မလေးတွေ (ဒါကွ)နားထောင်လို့ကောင်းတယ်လို့ဆိုတဲ့ မိတ်ဆွေတွေ၊ "မနု"စကား သင်ပေးပါလားလို့ ဆိုတဲ့ ဘော်ဒါတွေနဲ့ စာဖတ်သူတွေအတွက် ကျွန်တော် ဒီဝတ္ထုကို ဖန်တီးဖြစ်ပါတယ်။

ဒီဝတ္ထုကိုရေးဖို့ တိုက်တွန်းအားပေးခဲ့တဲ့ ကျွန်တော့်ထုတ်ဝေသူ ကိုကြီးမိုးနဲ့ ကျွန်တော့် အစ်ကိုကြီး ကိုမျိုး (ဆရာမျိုးကိုမျိုး) တို့ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

တကယ်တော့ တချို့ Plot တွေက "ဟာသ"ဂျာနယ်နဲ့ "ဟဒယ" ဟာသမဂ္ဂဇင်းတွေမှာ ဝတ္ထုတိုအဖြစ် ရေးခဲ့ဖူးပါတယ်။ တချို့ကိုပြန်ထွင်ပြီး ဆန်းသစ်ထားသလို တချို့ကိုတော့ ဒီအတိုင်း ပြန်သုံးဖြစ်ပါတယ်။

ရေးမယ်ဆိုရင် "မြန်မာ" စကားနဲ့ "မနု" "တောင်ရိုး" စကားအသုံးအနှုန်း ခြားနားမှုတွေအများကြီးပါ။ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းလောက်အောင် ထူးခြားတဲ့၊ ဟာသလည်းမြောက်တဲ့၊ အားလုံးပဲ နီးစပ်စွာ နားလည်နိုင်မဲ့ အသုံးအနှုန်းတချို့ကိုပဲ သုံးဖြစ်ပါတယ်။ ဒီဝတ္ထုထဲမှာ မနု၊ တောင်ရိုးတွေနဲ့ ပတ်သက်တဲ့ စကားလုံးတွေ မပြည့်စုံသေးဘူးလို့ပဲဆိုရမှာပါ။

ဘာပဲပြောပြော ဒီစာအုပ်ကြောင့် စာဖတ်သူတွေမှာ ဟာသ၊ သုတ တိုးပွားသွားခဲ့မယ်ဆိုရင် ကျွန်တော်ရေးရကျိုး၊ ကြိုးစားရကျိုး နပ်ပါတယ်။ စာဖတ် သူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

ပြည့်ပိုင်နှင်းဆီ

www.burmeseclassic.com

www.burmeseclassic.com

အချစ်သာ ရှိနေရင်
တစ်ကမ္ဘာလုံးက ချစ်သူတွေရဲ့ကြား
ဘာသာဗေဒစကား မလိုဘူး။

www.burmeseclassic.com

www.burmeseclassic.com

"မောင့်ကို ဘာဖြစ်လို့ ချစ်တာလဲ သိလား"

"ဟင့်အင်း"

"ပြောပြရမှာလား"

ကျွန်တော်ခေါင်းကို ခပ်သွက်သွက် ညိတ်ပြဖြစ်သည်။ ကိုယ့်ချစ်သူက ကိုယ့်ကို ဘာကြောင့်ချစ်သည်ဆိုတာ သိထားသင့်သောအရာဖြစ်နေသည်ကိုး။

ချစ်သူကောင်မလေးက ရှက်ဝဲဝဲဖြင့် ခေါင်းကို ဆတ်ခနဲ ငုံ့သည်။ ပြီး စိတ်လှုပ်ရှားနေဟန်ဖြင့် လက်ဖဝါးနှစ်ဖက်ကို ပွတ်သည်။ ထို့နောက် သူ့ကို မရဲတရဲကြည့်ရင်း . . .

"မောင် မရယ်ရဘူးနော်"

"စိတ်ချ"

'စိတ်ချ'ဟု ကျွန်တော် ကတိပေးပြီး အတန်ကြာသည်အထိ သူမက ရှက်အမ်းအမ်းကြီးဖြစ်ကာနေသေးသည်။ ပြီးမှ ခေါင်းကြီးငုံ့ကာ . . .

"မောင့်ရဲ့ ရိုးသားမှုရယ် နောက် ဝဲတဲတဲလေးဖြစ်နေတဲ့ မောင့်ရဲ့ လေယူလေသိမ်းရယ်ကြောင့် ချစ်တာ"

"ဩ . . . ဟုတ်လား"

ကျွန်တော့် ပခုံးပေါ် ခေါင်းလေးမှီရင်း အရှက်သည်းနေသော



www.burmeseclassic.com

www.burmeseclassic.com



သူမကို ခပ်ဖွဖွဖက်ထားရင်း အတိုင်းမသိ ကျွန်တော်ကြည်နူးသွားသည်။

ဘာကြောင့်ပဲ ချစ်ချစ် ချစ်နေဖို့သာ အဓိက မဟုတ်လား။

ကောင်မလေးက ကျွန်တော့်ပခုံးကို မှီထားရာမှ ဆတ်ခနဲ ခေါင်းမတ်ကာ ကျွန်တော့်ကို စိုက်ကြည့်သည်။ ပြီး . . .

"မောင့်အလှည့်ရောက်ပြီ . . . မောင့်ကို မေးဦးမယ်"

"မေးစေဗျား"

"မောင်ကရော ချစ်ကို ဘာဖြစ်လို့ ချစ်တာလဲ"

"အဲ . . ."

"မှန်မှန်ဖြေနော်"

"သူမက လက်ညှိုးထောင်ရင်း ကလေးတစ်ယောက်ကို စာမေးသလိုမျိုး မျက်နှာကို တည်ရင်းဆိုသည်။

ကျွန်တော် ဦးနှောက်တော်တော်စားသွားသည်။ တကယ်တော့ သူမကို ဘာကြောင့်ချစ်သည်ဟူ၍ တစ်ခါမှ မစဉ်းစားခဲ့မိ။ အခု အမျှးခံရတော့မှသာ ဤမေးခွန်းကို တွေးဖြစ်သည်။

"ချစ်တာကိုပဲ အကြောင်းပြချက် လိုသေးလို့လား"ဟု တွေးဖြစ်သည်။ ကျွန်တော် သူမကို ဘာကြောင့် ချစ်သနည်း။ တွေးသော်လည်း အဖြေက ထွက်မလာ . . .

"မောင် . . . ဖြေလေ"

သူမက နှုတ်ခမ်းကို အနည်းငယ်စူရင်း စိတ်မရှည်သလို ကျွန်တော့်ပခုံးကို သူမပခုံးဖြင့် တိုက်ရင်း မေးပြန်သည်။

"ဟို . . . ချစ်စရာ ကောင်းလို့"

"အာ . . . မောင်ကလဲ . . . ဘာဖြစ်လို့ ချစ်စရာကောင်းတာလဲလို့ မေးတာလေ"

"ဪ . . . ချစ်စရာကောင်းလို့ပဲပေါ့ . . . မောင်မပြောပြတတ်ဘူး"

"တော်တော် ပိန်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပခုံးနှစ်ဖက်ကို ခတ်ရှင် မင်းသမီး အက်တင်ဖြင့် ဟန်ပါပါတွန့်ရင်း မျက်စောင်းခဲလျက် ဆိုသည်။

"တော်တော် အူတာပဲ"ဟု မကျေမနပ် ရေရွတ်သော သူမ၏ စကားကြောင့် ရယ်ချင်သွားရသည်။ ကျွန်တော်ကလဲ ကျွန်တော်။ ကိုယ့်ချစ်သူ ကျေနပ်လောက်အောင် နှုတ်ရေးမကြွယ်။

"မရဘူးကွာ . . . ဘာကြီးမှန်းလဲ မသိဘူး။ ဒီလို ဒီအကြောင်း ကြောင့် ချစ်တာပါဆိုတာမျိုးလောက်တော့ ရှိသင့်တာပေါ့။ ပြောပြော . . . မရဘူး။ တစ်ခုခုတော့ ပြော"

"ဟောဗျာ"

ကလေးဆန်သော သူမကြောင့် ကျွန်တော်ခေါင်းကို ကုတ်ဖြစ်သည်။ သူမက 'ပြောလို့' ဟု ခပ်ချွဲချွဲ မျက်စောင်းခဲလျက်ဆိုသောအခါ ကျွန်တော့်ဦးနှောက်တွေ ပျာယာခတ်သွားခဲ့သည်။

"ချစ်က . . အဲ . . . ချစ်က မောင့်အတွက်တော့ ကမ္ဘာပေါ်မှာ အလှဆုံး အဲဒါကြောင့် ထင်တယ်"

ကျွန်တော့် အဖြေကြောင့် သူမ၏ နှုတ်ခမ်းက စောစောက ထက်စူသည်။ ကျွန်တော့်အဖြေကို ကျေနပ်ဟန်မတူ။

"ဟွန်း အဲဒါကြောင့် ထင်တယ်"တဲ့။ ပြောပုံကြီးကလည်း 'အဲဒါကြောင့်'ဆိုလည်း 'အဲဒါကြောင့်'လို့ ပြတ်ပြတ်သားသားလည်းမဟုတ်ဘူး။ မတင်မကျမပြတ်မသားနဲ့ 'အဲဒါကြောင့် ထင်တယ်'တဲ့။ 'ဘာကြီးမှန်းလဲ မသိဘူး'

'ဘာကြီးမှန်းလဲ မသိဘူး'ဟူသော သူမသုံးနေကျစကားကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်သွားမိသည်။

အေးလေ။

သူမပြောမယ်ဆိုလည်း ပြောလောက်စရာ။ ကျွန်တော်ဆိုသော ကောင်ကလည်း ဘာကြီးမှန်းလဲမသိ၊ ကိုယ်ချစ်သော ကိုယ့်ချစ်သူကို စကားလုံး လှလှများဖြင့် မနှစ်သိမ့်တတ်သော အူကြောင်ကြားကောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်က ဒီကကောင်အတွက် ကမ္ဘာပေါ်မှာ အလှတကာ့အလှဆုံး၊ ချစ်စရာအကောင်းဆုံး၊ အဲဒါကြောင့် အဲဒါကြောင့် ဟုတ်ပြီလား"

စပ်ဖြိုးဖြိုးဖြင့်ဆိုသော ကျွန်တော့်အပြောကြောင့် သူမက မကျေနပ်ချင် ကျေနပ်ချင်ဖြင့် 'ပြီးရော'ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

အင်းလျားကန်ရေပြင်ကို ငေးနေသော သူမက 'ပြီးရော' ဟုဆိုသော်လည်း ကျွန်တော်က မပြီးသေး။

"ကျန်သေးတယ်"

ကျွန်တော့်စကားကြောင့် သူမက မျက်လုံးဝင့်ကာကြည့်ရင်း 'ဆက်ပြော'ဆိုသောသဘောဖြင့် မေးဆတ်ပြသည်။

"ချစ်က ဘယ်လိုမှချစ်လို့မဝတဲ့ နမ်းရှိုက်လို့လည်း မဝနိုင်တဲ့ ပန်းတစ်ပွင့်လို ကိုယ့်ကိုအမြဲတမ်း ဆွဲဆောင်ထားတာကြောင့်လည်းပါတယ်"

"အာ . . နား ရှက်တယ်ကွာ . . မောင်ကလည်း . . ဘာကြီးမှန်းလဲမသိဘူး"

စပ်ဖြီးဖြီး ကျွန်တော့်စကားအဆုံးမှာ သူမက ရှက်ရှက်နှင့် ခေါင်းကိုငုံ့ရင်း ဘယ်နှကြိမ်မြောက်မှန်းမသိသော 'ဘာကြီးမှန်းလဲမသိဘူး'ကို ဆိုသည်။

မေးစဉ်ကတော့ မေးပြီး ဖြေပြန်တော့လည်း ရှက်နေသေးသော သူမကို ကြည့်ရင်း ပိုချစ်သွားမိသည်။

ရှက်ရှက်ဖြင့် လက်ဖဝါးနှစ်ဖက်ကို ပွတ်နေသော သူမ၏ ပခုံးနုနုကို ရင်ခွင်ထဲဆွဲယူဖက်ထားသောအခါ သူမက ကျွန်တော့်ရင်ခွင်မှာ ခေါင်းမှီရင်း ကြမ်းရှသော ကျွန်တော့်ရင်ခုန်သံတို့ကို နားဆင်သည်။

ခပ်တင်းတင်းဖက်ထားရင်းက သူမ၏နဖူးပြင်ကို မရဲတရဲခိုးနမ်းတော့ သူမက ဆတ်ခနဲ ရုန်းထွက်သည်။ ပြီး ရှက်မျက်နှာ နီရဲရဲဖြင့် ကျွန်တော့်လက်မောင်းကို 'အုန်း'ခနဲ ထုသည်။

ထို့နောက် ထုံးစံအတိုင်း 'ဘာကြီးမှန်းလဲ မသိဘူး'ဟု ရှက်ရှက်ဖြင့် ရေရွတ်သည်။ 'နမ်းမဝတဲ့ ပန်း'ဟု သူမကို တင်စားထားခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျ သူမကို တစ်ကြိမ်တစ်ခါမှပင် နမ်းခွင့်မကြုံ။ အနမ်းတစ်ပွင့် တစ်ဖူးကိုပင် တွန့်တိုသော ဣန္ဒြေကြီးသည့် သူမပြောသလို ကျွန်တော်ဆိုသော ကောင်က တော်တော်ပိန်းသည် တုံးတစ်ကောင်သာဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် အရှက်သည်းနေသော ကျွန်တော်တို့ နှစ်ယောက်ကို အင်းလျားရေပြင်ပေါ် ရှပ်တိုက်ပြေးလာခဲ့သော လေနုအား 'ဖြန်း' ခနဲ တိုးဝှေ့ကျီစယ်သည်။

"မောင်"

"..."

"ချစ်ကို မောင်တို့စကား သင်ပေးလေ"

နှစ်ယောက်ကြားမှ တိတ်ဆိတ်နေမှုကို သူမက စတင်ဖြိုခွင်းသည်။

"အတူတူပဲလေ"

"ဘာတူတာလဲ၊ မတူပါဘူးနော်၊ မောင်တို့ 'ဓနု'အချင်းချင်းဆုံလို့ စကားပြောကြရင် ချစ် ဘာမှ နားမလည်ဘူး"

ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော်တို့ 'ဓနု'တွေ၊ 'တောင်ရိုး'တွေ အချင်းချင်းဆုံခိုက် စကားကို အားပါးတရပြောဖြစ်ချိန်မှာ တော်တန်ရုံ နားရည်မဝလို့ကတော့ ဘာမှနားလည်မည်မဟုတ်။

"တကယ်တမ်းကျတော့ မောင်တို့ 'ဓနု'တွေ၊ 'တောင်ရိုး'တွေ ပြောတဲ့စကားက 'မြန်မာ'စကားပါပဲ၊ ဒါပေမယ့် လေယူလေသိမ်းမှာမှ တော်တော်ကြီး ကွဲလွဲသွားတာ။ တချို့အသုံးအနှုန်းတွေက 'စာ'ဆန်တယ်။ တချို့အသုံးအနှုန်းတွေကျပြန်တော့ 'ရှေး'ဆန်နေပြန်ရော။ 'မြန်မာ'စကားနဲ့ လုံးလုံးကွဲလွဲနေတာတွေလည်းရှိတယ်"

"အဲဒါဆို ချစ်ကို တစ်နေ့နည်းနည်းစီ သင်ပေး"

"စိတ်ချ တစ်နေ့နည်းနည်းစီနဲ့ တစ်သက်လုံးသင်ပေးမယ် ဆုတ်ပြီလား"

ပြောရင်း ဆိုရင်း သူမ ပခုံးကို လာရောက်သိမ်းဖက်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ကို ပစ်လှည့် ကျွန်တော့်ကို တစ်လှည့်ကြည့်ရင်း သူမက 'လူလည်' ဟူသော အဓိပ္ပာယ်ဖြင့် မချိုမချဉ် ပြုံးသည်။

တဖြည်းဖြည်းနှင့်တော့ ဘာကြီးမှန်းလဲမသိသော ကျွန်တော့်ကို 'ဘာကြီးမှန်း'သိလာဟန်တူသည်။ ရှူးချင်ယောင်ဆောင်ကာ ဖက်ထားသော သူမ၏ ပခုံးပေါ်မှ ကျွန်တော့်လက်ကို လက်သည်းဖြင့် ခပ်ဖွဖွဆိတ်သည်။ ခပ်ဖွဖွဟုဆိုသော်လည်း အတော်တော့နာသည်။

နာပင်နာငြားသော်လည်း ကျွန်တော် အံကြိတ်ကာ ခံရင်း 'အနာခံမှ အသာစံ' ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားဖြစ်သည်။

အံကြီးကြိတ်ကာ ဆိတ်လက်စကို တောင့်ခံနေသော ကျွန်တော့်ကို ကြည့်ကာ သူမက 'ခွီး'ခနဲရယ်သည်။

"ဘာရယ်တာလဲ"

"ဘာ"

ကျွန်တော့်အမေးကို သူမက နားမလည်သည်မို့ 'ဘာ'ဟုမေးသည်။ ခနု လေယူလေသိမ်းက 'ရယ်မောခြင်းကို 'ရီမော'ဟု အသံမထွက်။ စာလုံးပေါင်း အတိုင်း 'ရယ်'ဟုသာ အသံထွက်သည်။

ထို့ကြောင့် သူမနားမှာ အထူးအဆန်းဖြစ်ကာ နားမလည်နိုင်ဖြစ်သွားဟန်တူသည်။

"ဘာရီတာလဲ လို့မေးတာ"

စကားကို ထိန်းရင်း 'ရီ'ဟု ပီအောင်ပြင်ပြောတော့မှ . . .

"ဪ မောင်တို့က 'ရီ'ကို 'ရယ်'လို့ အသံထွက်တာလား"

"ဟုတ်တယ်၊ အဲဒါကြောင့် 'စာ'ဆန်တယ်လို့ပြောတာ"

"တစ်မျိုးကြီးပဲ ဒါဆို ထမင်းစားမယ်ဆိုရင် ဘယ်လိုပြောမလဲ"

"မှင်းစားမယ်"

ကျွန်တော့်အပြောကြောင့် သူမက နှာခေါင်းကို အနည်းငယ် ရှုံ့ရင်း မျက်လုံးကိုထောင့်ကပ်လျက် . . .

"ထ ဆင်ထူးက ဘယ်မှာကျန်ခဲ့လဲ၊ ထမင်းစားမယ်ဆိုမှ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ မဟုတ်ဘူးလား"

"အဲဒါကြောင့် မောင်ပြောတာပေါ့၊ 'ဓနု'စကားဆိုတာ 'မြန်မာ' စကားနဲ့ နည်းနည်းတော့ ကွဲလွဲတယ်လို့ လေသံက ဝဲတော့ 'မင်း'ကို 'မှင်း' အသံထွက်တယ်။ တော်တော်များများပါပဲ ဘယ်လိုပြောမလဲ ဥပမာ 'အိမ်' ဆိုရင် မောင်တို့က 'အိုင်'လို့ အသံထွက်တယ်။ 'တိမ်'ဆိုရင် 'တိုင်'လို့ ထွက်တယ်။ အဲဒီလိုမျိုးပေါ့၊ ဒါပေမယ့် ဖြည်းဖြည်းခြင်း ထိန်းပြီးမှ ပြောရင်တော့ ချစ်တို့နားလည်မှာပါ"

"ဘာကြီးမှန်းလဲမသိဘူး"

သူမက ထုံးစံအတိုင်း ဆိုပြန်သည်။

"ဒါပေမယ့် သီချင်းဆိုရင်တော့ ပီတယ်။ မောင်တို့ 'ဓနု'တွေ မှမဟုတ်ဘူး 'အင်းသား'တွေလည်း သီချင်းဆိုရင်တော့ ပီတာပဲ"

"ဘာဖြစ်လို့လဲဟင်"

"earing Power နဲ့ပဲ ဆိုင်မယ်ထင်တယ် ဘယ်လိုပြောမလဲ earing ပေါ့၊ နားယဉ်တာ နားရည်ဝနေတာမျိုးပေါ့။ သီချင်းတစ်ပုဒ်ကို အရမ်းကြိုက်တယ်ဆိုရင် အမြဲနားထောင်ဖြစ်မယ်၊ အမြဲတမ်း နားထောင်ဖြစ်တော့ နားရည်ဝပြီးတော့ လေယူလေသိမ်းကို မဝဲအောင် အလိုလို ကျင့်ပြီးသား ဖြစ်သွားတာပေါ့၊ ဒါပါပဲ"

"ဒါဆို မောင် ဒီရန်ကုန်မှာ အကြာကြီးနေရင် လေသံက မဝဲ တော့ဘူးလား"

"သိပ်တော့မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်တို့ ဓနုတွေ တောင်ရိုးတွေက ဒီရန်ကုန်မှာ အများကြီးလေ၊ အမြဲလိုလိုလည်း ဆုံနေကျဆိုတော့၊ ဒီလေယူလေသိမ်းနဲ့ပဲ ပြောကြဆိုကြနဲ့ ဒီလေသံဝဲတာကြီးက လုံးလုံး လျားလျားကြီးတော့ ပျောက်မသွားနိုင်ဘူး"

"ဒါဆို တော်သေးတာပေါ့"

"ဘာဖြစ်လို့လဲ"

ကျွန်တော့် အမေးကြောင့် သူမမျက်နှာ နီမြန်းကာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှက်ဝဲဝဲဖြင့် ခေါင်းကို ငုံ့ရင်းက

"အာ . . . ပြောထားပြီးပြီလေ မောင်ရဲ့ အဲဒီဝဲနေတဲ့ စကားသံ တို့ ချစ်လို့ပါဆို"

ပြောပြီးသူမက ခေါင်းကြီးငုံ့ကာ အရှက်သည်းနေလိုက်သေးသည်။ ရှက်တက်တက်ဟန်ဖြင့် ချစ်စရာကောင်းလွန်းသော သူမကို ကြည့်ရင်းက ကျွန်တော့်ရင်တွေက ကတုန်ကရင်ဖြင့် ယားကျိ ယားကျိဖြစ်လာသည်။

ကမ္ဘာပေါ်မှာ အရှက်သည်းနေသော ရှက်ဝဲဝဲချစ်သူ့မျက်နှာကို ကြည့်ရင်းက ရင်မခုန်သော၊ စိတ်မယားသော၊ မချင့်မရဲမဖြစ်သော သူဟူ၍ ရှိမည်မထင်။ ထိုအချိန်မျိုးမှာ ချစ်သူ့မျက်နှာထက် ဆွဲဆောင်နိုင်မည့်အရာ မရှိနိုင်သည်မို့ ကျွန်တော် သူမကို မလွှတ်တမ်း စိုက်ကြည့်နေဖြစ်သည်။ ထို အရှက်သည်းသော ချစ်သူ့မျက်နှာကို။

ထိုစဉ်မှာပင် အရှက်သည်းကာ ရှက်အမ်းအမ်းဖြစ်နေသော ချစ်သူ၏ မျက်လုံးတို့ ဆတ်ခနဲ ပြူးကျယ်သွားသည်။ ပြီး

"မောင် ကုတ်ပေါ်မှာ ဘာကောင်ကြီးလဲ ကြည့်ပေးပါဦး"

သူမ၏ စကားကြောင့် သူမ၏ ကုတ်သားဝင်းဝင်းပေါ် ကြည့်တော့ ပိုးကောင်တစ်ကောင်က သုတ်သုတ် သုတ်သုတ်ဖြင့် လမ်းသလား ကာ နေသည်။

ချစ်သူ၏ ကုတ်သားဝင်းဝင်းပေါ်မှာမှ ရာရာစစ လမ်းသလား နေသော သကောင့်သား ပိုးကောင်ကို ကမန်းကတမ်း ဖယ်လိုက်ရင်း ချစ်သူ ကို မေးပြောပြောဖြစ်သည်။

"ရွနေလား"

"ဘာ"

ကျွန်တော့်အမေးကြောင့် သူမက 'မျက်လုံးပြူးရင်း 'ဘာ!'ဟု ခပ်ဆတ်ဆတ်ပြန်မေးသည်။ စောစောက အရှက်သည်းနေသော သူမသည် အခုတော့ အံကြီးကြိတ်ရင်း မျက်လုံးကြီးပြူးရင်း 'ဘာ'ဟုဆိုလာသောအခါ သူမ၏ ခပ်ဆောင့်ဆောင့် အမေးကြောင့် နည်းနည်းတော့ ကျွန်တော်တင်း



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မလိုအပ်ပါပဲ လေသံလာ မာနေသည်ကို။ ‘မကြားလိုက်လို့ ဖြစ်မှာပါ’ဟု ဖြေတွေးတွေးရင်း နောက်တစ်ခါ ထပ်ပြောဖြစ်သည်။

“ဪ ချစ်ကိုကြည့်ရတာ တော်တော်ရှုနေတဲ့ပုံမို့လို့ ရှနေလားလို့ မေး . . တာ”

“ရှနေလားလို့ မေးတာ ဟုတ်လား”

ဝုန်းခနဲ ထရပ်ရင်း မျက်မှောင်ကြီးကြုပ်ကာ ဒေါသသံအပြည့်ဖြင့် မေးသော သူမ၏ အမေးကြောင့် ကျွန်တော်အံ့အားသင့်သွားရသည်။ သူမ ဘာတွေဖြစ်နေလေသနည်း။ ကျွန်တော် ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်ရင်း . .

“ဟုတ်တယ်လေ ရှနေလားလို့ မေး . . မေး”

“ကဲဟာ . . . မေးဦး”

စကားမှမဆုံးသေး အံ့ကြီးကြိတ်ကာ အားကုန်လွှဲရိုက်လိုက်သော သူမ၏ ရိုက်ချက်အဆုံးမှာ ကျွန်တော့် ပါးပြင် ပူခနဲ ကြယ်တွေ၊ လတွေ နက္ခတ်တွေ စုံလင်စွာ မြင်တွေ့လိုက်ရချိန်မှာ အီဆိမ့်သွားသော ပါးကို ‘ပါးနှင့်နား ဝမ်းဆက်’ ဖြစ်သွားပြီလားဟု မရဲတရဲ စမ်းရင်း ‘စကားမှာ ဘယ်လိုအမှားပါသွားလို့ပါလိမ့်’ဟု နားမလည်စွာ တွေးမိ သည်။ ထိုသို့ အံ့အားသင့်နေချိန်မှာပင် သူမက ငိုရှိုက်ရင်း လှစ်ခနဲ တားချိန် မရအောင် ခပ်သုတ်သုတ် ထွက်သွားခဲ့ပြီဖြစ်သည်။

အင်းလျားကန်ရေပြင်ပေါ် လျှပ်တိုက်လာသော လေနုအေးက ကျွန်တော့်ရင်ကို အေးမြလတ်ဆတ်စေခြင်းငှာ မစွမ်းတော့။ အီဆိမ့်နေဆဲ ပါးပြင်ကို စမ်းရင်း ‘ငါဘာမှားသွားလဲ’ဆိုသော မေးခွန်းကို အကြိမ်ကြိမ်ပြန်မေးဖြစ်နေသည်။

“ငါ ဘာမှားသွားလဲ”

“ငါ ဘာမှားသွားလဲ”

“ငါ . . . ဘာ . . မှား . . . အားပါးပါး . . . ဟုတ်ပြီ . .”

အထပ်ထပ် အပြန်ပြန် အလှန်လှန် စဉ်းစားတော့မှ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အတွေးပေါက်တော့သည်။ 'ရွှနေလား'ဟု သုံးနှုန်းမိသွားခဲ့သည်ကိုး။

ဖြစ်ရလေ။

ကျွန်တော်တို့ မနေ့တွေက ယားကျိယားကျိဖြစ်ခြင်းကို ယားသည်ဟုမသုံး၊ ရွှသည်ဟုသာ သုံးသည်။ ဥပမာ တစ်ယောက်ယောက်က ကျွန်တော့်ကို တို့၍ဖြစ်စေ ကလိထိုး၍ပဲဖြစ်စေ စနောက်သည်ဆိုပါစို့။ ကျွန်တော်က -

"မလုပ်နဲ့ကွ၊ ငါ ရွှတယ်"ဟု တားမြစ်ပြောဆိုမှာပဲဖြစ်သည်။ 'ယားတယ်ကွ'ဟု လုံးဝပြောဆိုမိလိမ့်မည်မဟုတ်။ ယားဆိုသော စကားလုံးကို ကျွန်တော်တို့က 'ယားနာ'တို့လိုနေရာမှာသုံးသည်။ ခေါင်းတွေဘာတွေ ဘောက်ကြောင့်ပဲဖြစ်ဖြစ် သန်းကြောင့်ပဲဖြစ်ဖြစ် ယားခဲ့လျှင်တော့ 'ယား'ဟုသုံးသည်။ တော်တန်ရုံ ကလိထိုးကြတာ ပိုးကောင်တက်တာ၊ ကြက်မွေးတွေ ဘာတွေနဲ့ စတာလောက်ကတော့ 'ရွှသည်'ဟုသာ သုံးနှုန်းသည်။

အခုလည်း သုံးနေကျအတိုင်း မေ့လျော့ကာ ပြောမိသည်ကို သူမက တစ်မျိုးတစ်မည်တွေးကာ စိတ်ဆိုးသွားလေပြီ။

ဟိုလို 'ရွှ'ကို ပြောတာမဟုတ်မှန်း သူမကို မည်သို့ ရှင်းပြရမည်မသိ။ သူမကတော့ ကျွန်တော့်ကို အင်မတန်ရိုင်းသည်ဟု ထင်မြင်သွားခဲ့လေပြီ။

တကယ်တော့ ဒီနေ့သည် ချစ်သူနှင့် ပထမဆုံး ချိန်းတွေ့ခွင့်ရသောနေ့ဖြစ်သည်။ ပထမဆုံး ချိန်းတွေ့သောနေ့၏ ရလဒ်က အချစ်လည်းမဟုတ် အနမ်းလည်းမဟုတ်။ ဖြောင်းခနဲမျှားလား မြန်းခနဲလား တော်တော်ကြီး ပြန်တွေးယူရမည့် အတော့်ကို ပြင်းသောရိုက်ချက်သာ အဖတ်တင်ကျန်ရစ်သည်။

အတွင်းအား တော်တော်များများသုံးလိုက်ဟန်တူသော သူမ၏ ရိုက်ချက်က ခုထိ 'စပ်ဖျင်းဖျင်း'ဖြင့် ပူထူနေတုန်း။ ဒါတောင် သူမ သိပ်အရှိန်ယူပြီး လွှဲရိုက်သည်မဟုတ်။ ညာသံပေးပြီး အားကုန်သာလွှဲရိုက်လိုက်ပါက သွားပါ သုံးပတ်လောက်လိမ့်ပါသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဖော်မပြနိုင်သော ဝေဒနာတို့ဖြင့် နာကျင်မွန်းကြပ်ကာနေသည်။ သက်ပြင်းကို 'ဟင်း'ခနဲ ခပ်ကြမ်းကြမ်းချသော ခဏ ပါးတတင်းခနဲ နာသည်။

"အ"

"အ"ဟု မပီမသ ညည်းရင်း ပါးကို မရဲတရဲစမ်းမိသည်။

"တောက် ! . . . အား"

ဆိုးရွားသော ကံကို ယိုးမယ်ဖွဲ့ကာ ဒေါသဖြင့် တက်ခေါက်မိစဉ် တင်းခနဲ နာကျင်မှုကြောင့် 'အား'ခနဲ အော်မိရင်း သူမကို ဒေါသထွက်သွားမိသည်။ ရိုက်စရာလား၊ ဒီလို ရက်ရက်စက်စက်ကြီး။ ရှောင် ချိန်ပင် မရလိုက်။ ရည်းစားချိန်းရန် လာခါနီးမှ လိုအပ်က အသုံးပြုရန် လိုရ မယ်ရ ကြိတ်ကျင့်လာလေသလားမသိ။ ပစ်မှတ်ကို တည့်တည့်ကြီး အားရှိပါး ရှိ ဖြောင်းခနဲနေအောင် ရိုက်သွားနိုင်သည်။

တော်ပါပေ့ ချစ်သူ . . . တော်ပါပေ့ . . ။

www.burmeseclassic.com

www.burmeseclassic.com



မင်းပြောတော့ ရည်းစားချိန်းသွားမလို့ဆို"

"အေးလေ"

"မင်း တရုတ်မသာလို Cream တွေလိမ်းပြီး ငါ့ရေမွှေးတောင် ငါမသိထားတဲ့ကြားက 'ပရှစ်' 'ပရှစ်'နဲ့ တစ်ကိုယ်လုံးနီးနီး 'ပရှစ်'သွားတာလေ၊ ရည်းစားချိန်းသွားမလို့ဆိုပြီးတော့"

"အေးလို့ဆို"

"ဒါနဲ့များ ကားအကြိတ်ခံပြီး ပြန်လာရသလား၊ ပါးတွေလည်း ယောင်ကိုင်းလို့"

"ဘာကွ"

"ကားအကြိတ်ခံရတာ မဟုတ်လို့ မင်းပါးကြီးယောင်ကိုင်းပြီး ပြန်လာတာက ဘာဖြစ်လာတာတုံး၊ ဟုတ်ပါတယ်ကွာ မင်းမလိမ်စမ်းပါနဲ့၊ ဝန်ခံလိုက်စမ်းပါ"

နိုင်အောင်၏ အမေးကြောင့် 'ဝါး'ခနဲ ငိုချင်စိတ်ပေါက်သွားရသည်။ အမှန်းလည်း တော်ပါပေ။ ကားအကြိတ်ခံရတာလားတဲ့။ ကျွန်တော် တော်တော်ကြီး ကြေကွဲသွားရသည်။ ကျွန်တော်က သာ ကြေကွဲနေသော်လည်း ဆရာသမားက မကြေကွဲ။ မေးစရာရှိသည်တို့ကို Non-Stop မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောဦးလေ ငါ့ကောင်ရ ဘယ်ကကလေကဝ မောင်းတဲ့ကား"

"တော်စမ်းပါကွာ စိတ်ညစ်လာရတဲ့ကြားထဲ ကျွတ်ကျွတ်ကျွတ်"

သကောင့်သားကို လှမ်းမာန်လိုက်ကာမှ ပါးက နာသည်။ တကျွတ်ကျွတ်ဖြင့် စုပ်သပ်ရင်း ပါးကို မှန်ထဲမှာကြည့်ဖြစ်သည်။

မှန်ထဲမှာ ကြည့်တော့ ပါးက သိပ်ယောင်နေတာကြီးလည်း မဟုတ်။ ယောင်တော့လည်း ယောင်နေသည်။ သကောင့်သား စွပ်စွဲသလို ကား အကြိတ်ခံရသည်ဟု ဆိုရလောက်အောင်လည်း မဟုတ်။ ယောင်မှန်းသိသာ ရုံလေးသာ ယောင်နေသည်။ ချစ်သူ့လက်ဆောင်ဆိုတာ ဒါမျိုးလားဟု ခပ်ချဉ်ချဉ်ဖြင့် တွေးမိသည်။

"ငါသဘောပေါက်ပြီ ဟီဟိ မင်းကောင်မလေး မင်းကို အာဘွား ပေးလိုက်တာလား"

တကယ်တော့ သကောင့်သားက နောက်တာဖြစ်သည်။ သို့သော် ၎င်း၏စကားက Heart (ဟတ်)ထိသည်မို့ အတော့်ကို ခံရခက်သည်။

"အာဘွားပေးထားတာဆိုရင် ဒီလိုယောင်ပြီး တစစ်စစ်နာနေပါ့မလား ငတုံးရ မင်း အဲဒီလို တုံးလို့လည်း ခုထက်ထိ ရည်းစားမရသေးတာ"

စိတ်ထဲခပ်ပေါက်ပေါက်ရှိသည်မို့ ပြောသော ကျွန်တော့်စကားကြောင့် သကောင့်သား မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။ ကျွန်တော့်စကားတပိသလေးနှင့် ကောက်ထုသလို ထိသွားသည်ကိုး။ တစ်ခန်းတည်းနေသည်မှာ အတော်ကြာပြီမို့ ဒီကောင့် 'ဇ'ကို ကျွန်တော်ကောင်းကောင်းသိသည်။ ကျွန်တော်နှင့် အသက်အတူတူဖြစ်သော သကောင့်သားက အခု အသက်နှစ်ဆယ့်တစ်ထဲဝင်လာသည်အထိ ရည်းစားကို (မိုးကြိုးပစ်)မထားဖူးရှာသေး။

"ရည်းစားမရလို့ ငါက အလုံးလည်း မလျော့ဘူး၊ အရပ်လည်း မလျော့ဘူး၊ ကိုယ့်ထမင်းကိုယ်စားပြီး ရည်းစားမရှိတဲ့ဟာကို ငါက ဘယ်သူ့ ဂရုစိုက်နေရဦးမှာတုံး အမြဲတမ်း ဒီရည်းစားမရှိတာကိုပဲ ခလုတ်လာ လာတိုက် နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အနာပေါ်တုတ်ကျသွားသည်မို့ သကောင့်သား ဒေါကန်လာ ဟန်တူသည်။ ဘုတောရင်း မျက်နှာကို လူကြမ်းအက်တင်ပေးထားသည်။

"မဟုတ်မှလွဲရော မင်းရည်းစားပေါ်မလာလို့ မင်းအတွဲလိုက် ချောင်းခဲ့ပုံပေါ်တယ်။ အဲဒီမှာ ဟိုအတွဲက သမလိုက်တာ ဟုတ်တယ်မဟုတ် လား"

"မင်းပြောနေတာတွေ တစ်ခုမှကို မဟုတ်ဘူး"

ရယ်လည်းရယ်ချင် စိတ်လည်းညစ်ဖြင့် ကျွန်တော် ခေါင်းကို တုတ်ဖြစ်သည်။ တကယ်တော့ ကျွန်တော် ရင်ဖွင့်ချင်နေသည်။ ရင်ဖွင့်စရာ ဆို၍လည်း ဒီသကောင့်သားတစ်ကောင်သာရှိသည်မို့ အနွေးနှင့်အမြန် ပြော တော့ ပြောရမှာပဲဖြစ်သည်။ ကျွန်တော့်ဆီမှာ ခုန်ချလာမည့် စကားတို့ကို စောင့် နေသော သကောင့်သားကို ကြည့်ရင်း သက်ပြင်းချဖြစ်သည်။

"ဒီလိုကွ . ."

www.burmeseclassic.com

www.burmeseclassic.com

## ၃၄

စကားအဆုံးမှာ ပြုံးဖြီးဖြီးဖြင့် ရယ်ချင်စိတ်ကို အောင့်ထား ထားသော သကောင့်သား၏ မျက်နှာကို ကြည့်ရင်း သူ့ပါးက ပိုနာလာသလို ခံစားရသည်။

"ဒီလိုသာဆို မင်းမမှားဘူး ငါ့ကောင်"

"အေးလေ"

"မအေးလေနဲ့ သူလည်းမမှားဘူး"

"အမ်"

"မအမ်နဲ့လေ၊ မင်းတို့စကားကို မသိသေးတဲ့ ကောင်မလေး တစ်ယောက်ကွ 'ရှနေလား'လို့ အမေးခံရတာကို ဟိုက ခန့်ခန့်ကြီး ပြုံးနေပါ့ မလား။ သေချာပေါက် ပါးပဲထရိုက်တော့မှာပေါ့။ သူမို့လို့ပေါ့ကွာ ငါသာဆို ဖနောင့်နဲ့ ထပေါက်တယ် ဒီလိုမျိုး"

ပြောရင်းနှင့် စိတ်ပါလာဟန်ဖြင့် ဆရာသမားက အက်တင်နှင့် ပါတွဲပြီး ဖနောင့်နှင့်ပေါက်ဟန်လုပ်ပြသည်။

'ခွေးကောင်'ဟု ဆဲရေးရင်း မချိရယ် ရယ်ဖြစ်သည်။ သူပြော တာလည်း မှားတော့ မမှား။ ဒီကိစ္စမှာ သူမ မမှား။ အဲ ကျွန်တော်လည်း မမှား။ သို့ဆိုလျှင် မည်သည်က မှားနေပါသနည်း။ ထားတော့ . . .။ အမှား


www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် အမှန်ရှိရမည်ကိုး။ သူမကို ရေရေလည်လည်ရှင်းပြမှဖြစ်မည်။

သူမကရော သူ့ကိုရှင်းပြခွင့်ပေးမည်တဲ့လား။ သိပ်တော့ မသေချာ။ မည်သို့ပင်ဖြစ်စေ လွယ်လွယ်နှင့်တော့ သူမကို မစွန့်လွှတ်နိုင်။ ကျွန်တော့်အတွက်တော့ သူမသည် အချစ်ဦးဖြစ်သလို အချစ်ဆုံးလည်းဖြစ်သည်။

"ဒါနဲ့စကားမစပ် ဟိုက မင်းကိုဘယ်နှချက် ဆော်လိုက်တုံး"

သူစကားခံသည့်အတိုင်း စကားမစပ်ပင် မေးသော သကောင့်သား၏ ပြုံးဖြီးဖြီးအမေးကြောင့် မေ့နေသော နာကျင်မှုက ရင်ဝထိလာဆိမ့်သည်။

"တစ်ချက်တည်းပါကွ၊ ငါကလည်း ရိုက်ချင်သလောက် ရိုက်သဘောရှိဆိုတဲ့ ကောင်မျိုးမှမဟုတ်တာ အား ကျွတ်ကျွတ်"

ရှုံ့မဲ့မဲ့နှင့်ဆိုသော ကျွန်တော့်အဖြေကြောင့် သကောင့်သားက ငါးခူပြုံးပြုံးသည်။

" . . . "

ကျွန်တော် ဘာမှ ပြန်မပြောဖြစ်၊ သကောင့်သားကိုသာ ဘုကြည့်ကြည့်ဖြစ်သည်။ ဆရာသမားက ကျွန်တော့် မကြည်ကြည့်ကို မသိကျိုးကျွံပြုသည်။ ပြီး

"မင်းကပဲ နုနေတာလား၊ ဟိုကပဲ လက်သံပြောင်နေသလား တော့မသိဘူး၊ ယောင်နေလိုက်ချက်ကတော့ စောစောက ငါပြောသလို ကားအကြိတ်ခံထားရတာကျနေတာပဲ၊ တောက် ငါ့သူငယ်ချင်းကိုများကွာ သူမို့ မစာမနာလုပ်ရက်တယ်၊ သတ္တဝါနဲ့ လက်နဲ့ကို မမျှဘူး"

"ဘာကွ၊ မင်း ငါ့ကို ဘာသတ္တဝါလို့ ပြောချင်သေးတာလဲ"

"ဥပမာပါကွ၊ စကားအဖြစ်ပြောပြတာ သူက ဒီလိုလက်သံပြောင်ပုံမျိုးနဲ့၊ မင်းကလည်း နုတာနဲ့ကတော့ အဲဒီမှာ စတွေ့တာပဲ နောက်ကို ဘယ်လိုလုပ်ကြမလဲ"

"ဟ . . ဒီတစ်ခါက အလစ်အငိုက်မှာ ခံလိုက်ရတာလေကွာ နောက် ဘယ်တော့မှ သူရိုက်ခွင့်ကြုံမှာမဟုတ်ဘူး။ ငါ့ကို ရိုက်ရက်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဒီတစ်ခေါက်က နားလည်မှုလွဲနေလို့ နောက်ဆို အိုကေသွားမှာပါ"

ကျွန်တော့် ဆင်ခြေကြောင့် သကောင့်သားက ခနဲ့ပြုံးပြုံးသည်။

"မင်း ကောင်မလေးက ခြံကျော်ဖူးတဲ့ မြင်းဖြစ်သွားပြီ"

"ဘာကွ"

"ဥပမာ ပြောတာပါကွ၊ မင်းကလည်း ဒေါ်သချည်းပဲ တစ်ခါ ပါးရိုက်ဖူးတော့ နောက်မတော်လို့ ပြဿနာတက်ရင် ရိုက်ချင်နေမှာစိုးရတယ်"

"အာ . . . သူက အဲဒီလို စရိုက်မကြမ်းပါဘူးကွာ အခုဟာက လည်း အမှတ်မထင်မို့ပါကွ၊ နားလည်မှုလွဲသွားလို့ပါဆိုနေမှ မင်းကလည်း"

သကောင့်သားက ကျွန်တော့်ကို ကြည့်ရင်း ခေါင်းကို ဘယ်ညာရမ်းသည်။ သဘောက 'မင်း မွန်ထူနေပြီ'ဆိုသည့်သဘော။

"ကဲ ကျန်တာတွေ ပြီးခဲ့တာတွေ ထားတော့ ခု မင်းဘာလုပ်မယ်စိတ်ကူးလဲ"

"ငါ . . . ဘယ်လိုလုပ်ရမလဲကို မသိတော့ဘူး။ သူက ငါ့ကို အတွေ့ခံပါ့မလား"

"အတွေ့မခံတာပဲကောင်းပါတယ်"

"ဘာကွ"

"ဟုတ်တယ်လေ မင်းပဲစဉ်းစားကြည့် မင်းတို့ ပြဿနာတက်ထားတာက ပူပူနွေးနွေးလေးရှိသေးတာ၊ ခုလို သွေးပူနေတဲ့အချိန် သွားလို့ကတော့ ကားအကြိတ်ခံထားရတဲ့ ဘက်နဲ့ ကျန်တဲ့ပါးနဲ့ ဆိုဒ်တူ ဂိုက်တူဖြစ်သွားအောင် ဟိုက ဆော်လိမ့်မယ်၊ သဘောပေါက်လား"

"ဘာဆိုင်လို့လဲကွ"

"ရော် ဆိုင်တာပေါ့ ငါ့ကောင်ရ လောလောဆယ် သူ့အတွက်တော့ မင်းက 'မျက်နှာမြင် ရိုက်ချင်ပါစေ'ဆိုတဲ့အတိုင်း ဖြစ်နေပြီလေ။ အဲဒီအချိန်မှာ မင်းက 'ရှု'အကြောင်းကို ပြန်ဆွလိုက်လို့ကတော့ ဘာပြောကောင်းမလဲ။ သူ့နေရာကနေလည်း နေကြည့်ပါဦး။ ငါသာဆိုလည်း မျက်နှာပြောင်တိုက်ပြီးလာတယ်ထင်မှာပဲ။ ဓားနဲ့ကို လိုက်မိမှာသေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သကောင့်သား၏ အဆိုက အရှိက်ကို 'အင့်'ခနဲနေအောင် ထိသည်။ သူပြောတာကလည်း ဟုတ်သလိုလိုတော့ရှိသည်။ ပူထူနေသည်မို့ ဘာအကြံဉာဏ်မှလည်း ခေါင်းထဲက ထွက်မလာခဲ့။

"လုပ်ပါဦးကွာ .. ဒီလိုဆို ငါဘာဆက်လုပ်ရမလဲ"

သကောင့်သားကိုပဲ အားကိုးတကြီးဖြင့် ဆရာတင်ဖြစ်သည်။ ဆရာသမား... နှိမ့်နှိမ့်ကြီး ပြုံးရင်း ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ သူ့ကို ဆရာတင်လိုက်သဖြင့် ဘဝင် လေဟတ်သွားဟန်တူသည်။

"ခုလို သွေးပူနေတုန်းကို မသွားသေးနဲ့ဦး၊ မနက်ဖြန်တောင်မှ ညနေပိုင်းလောက်မှသွား"

"ကဲထားပါကွာ မနက်ဖြန်ညနေမှ သွားတယ်ပဲထား၊ သူက ငါ့ ကို အတွေ့ခံပါ့မလားမသိဘူးနော်"

"ဒါကတော့ မပြောနိုင်ဘူးလေကွာ၊ သွားကြည့်ရမှာပေါ့"

"မင်းလိုက်ကူမယ်ပေါ့"

ကျွန်တော့်အဆိုကြောင့် သကောင့်သားတွန့်ခနဲဖြစ်ကာသွားသည်။ ပြီး သူ့ညာဘက်ပါးကို ခပ်ရွရွပွတ်ရင်း . . .

"ကန်တော့ပါသေးရဲ့"

"ဟကောင် ငါအလျှုခံနေတာမဟုတ်ဘူး မင်းမနက်ဖြန်လိုက်ခဲ့ ဒါပဲ"

"အာ မလိုက်ချင်ပါဘူး"

အကြောက်အကန်ငြင်းသော သကောင့်သားကို ခပ်တည်တည်ဖြင့် စိုက်ကြည့်တော့ ဆရာသမားက-

"ကြားနှစ်ကြားဆိုတာ မဝင်ကောင်းဘူးလေကွာ .. အဟဲ၊ ငါပါတော့ မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ် သတ်ကြ အဲလေ ဆွေးနွေးကြလို့ ဘယ်ကောင်းမလဲ ဟုတ်တယ်မဟုတ်လား"

"မဟုတ်ဘူး၊ လိုအပ်ရင် လိုအပ်သလို ထောက်ခံဖို့ လိုက်ခဲ့ရမယ် ငါပြောတာကို လက်မခံရင် မင်းက ဝင်ရှင်းပြမှ ကောင်းမှာပေါ့၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းမလိုက်ခဲ့လို့ကတော့ မင်းနဲ့ငါနဲ့အတွေ့ပဲ"

ကျွန်တော့်စကားကြောင့် သကောင့်သား မျက်နှာကြီး ရှုံ့မဲ့ကာ သွားသည်။ ပြီး 'လူပေါင်းတော့ မှားပါပြီ'ဟု ညာဘက်ပါးကို ခပ်ရှရှပွတ်ရင်း မကြားတကြားရိုသည်။

ကြားသော်လည်း မကြားယောင်ပြုလိုက်သည်။ သူမနှင့် သကောင့်သားနှင့်က တစ်မြို့တည်းသားချင်း ဘော်ဒါရင်းတွေမို့ ဘာပဲပြော ပြော သူ့ကိုခေါ်သွားမှ ဖြစ်မည်။

"ဟူး"

ဘယ်နှကြိမ်မြောက်မှန်းမသိသော သက်ပြင်းကို ချရင်း ပြင်း ပြစွာ သူမကို သတိရသည်။ ညာဘက်ပါးပြင်ကတော့ နာနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com

"မ တွေ့ချင်ဘူးတဲ့"

သူမ၏ သူငယ်ချင်း နွေးနွေး၏ စကားက ကျွန်တော့် ရင်ဝကို ဆောင့်ကန်လိုက်သလိုမျိုး။

"နင်တို့ဘာဖြစ်ကြတာလဲ၊ ဟိုတစ်ယောက်ကလည်း လက်ကြီး ရောင်လို့ ဆေးလိမ်းပြီး ပတ်တီးစည်းထားပေးရတယ်။ နင်ဘာလုပ်လိုက်သေး လဲ၊ လက်ရောင်နေတာ နင့်လက်ချက်မဟုတ်လား"

'သေဟ'ဟု ကိုယ့်ကိုယ်ကိုယ် ဆိုဖြစ်သည်။ မလိုက်ချင် လိုက် ချင်ဖြင့် လိုက်လာသော ဆရာသမား နိုင်အောင် 'ခွီး'ခနဲရယ်သည်။

"ဘာရယ်တာလဲ"

သူမစကားကြောင့် ခွီးခနဲ ရယ်သော နိုင်အောင့်ကို နွေးနွေးက ဘုကြည့်ကြည့်ရင်း မေးသည်။ နိုင်အောင်က 'ဘာမှမဟုတ်ပါဘူး' ဟုဆိုရင်း ရယ်ချင်ပက်ကျိ ဖြစ်နေသော သူ၏ မျက်နှာကို မျက်နှာပိုးသတ်သည်။

"နောက်တစ်ခေါက် ခေါ်ပေးပါလား နွေးနွေး၊ ငါ . . သူ့ကို ရှင်းပြချင်လို့ပါ သူထင်သလို မဟုတ်ဘူးဆိုတာ ငါလာရှင်းပြတာလို့ ပြောပေး ပါဟာ နော်"

ကျွန်တော့် မျက်နှာ ခပ်ညှိုးညှိုးကိုကြည့်ရင်း နွေးနွေးက 'စိတ် ညစ်ပါတယ်'ဟု ခပ်ဆောင့်ဆောင့်ဆိုရင်း ခေါင်းကို ကုတ်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါပဲနော် ဖြိုးနောင်"

"အေးပါ နွေးနွေးရာ ဒီတစ်ခါတည်းပါ"

"ပြီးရော"

နွေးနွေးက ပြီးရောဟု ဆိုရင်း လေးတိလေးတွဲဖြင့် ထရပ်ကာ အပေါ်ထပ်ကိုတက်သွားသည်။ ကျွန်တော် ဘေးမှနိုင်အောင့် နားရင်းကို ဖုန်းခနဲ ထခေါက်ဖြစ်သည်။

"ဟာ ဘာလဲကွ"

"လိုက်လာပြီးတော့ ဘာမှလည်း အားမကိုးရဘူး၊ ရယ်ဖို့ပဲ တတ်တယ်"

"အာ .. သူဆင်းလာရင် ငါဝင်ရှင်းပြပေးမှာပေါ့၊ ခုဟာက သူ့ သူငယ်ချင်းကြီးပဲ ဥစ္စာ၊ တော်ကြာ ငါဝင်ပြောပြန်ရင်လည်း အဲဒီကလေးမက သူ့ကို အီစီကလီလုပ်နေတယ် ထင်နေဦးမယ်"

"ကောက်ညှင်းက မစေး၊ ဆန်ကြမ်းက စေးနေသော" ဆရာသမားကို ဆောင့်ကန်ချင်စိတ်ပေါက်သွားမိသည်။ လာလာ ချေသေးတော့။ ဘကယ်တော့ ကျွန်တော် သူမတို့ အဆောင်လာတိုင်း ဒီကောင် ကပ်လိုက်နေဘူး။ 'နွေးနွေးလေးက ချစ်စရာလေးကွ .. နော်'ဟု ဆိုရင်း မသိမသာရော သိသိသာသာပါ အီစီကလီလုပ်လာပြီးကာမှ အခုမှ သူမဟုတ်သလိုလုပ်တာ နေသည်။

ခဏကြာတော့ နွေးနွေးဆင်းလာသည်။ သူမနောက်မှာ ဘယ်သူမှ မပါ။ သူမတစ်ယောက်တည်း ဆင်းလာသည်။

မျှော်လင့်ချက် အပြည့်ဖြင့် မော့ကြည့်သော ကျွန်တော့်ကို ဘရုဏာသက်စွာကြည့်ရင်း နွေးနွေးက ခေါင်းကို ဖြည်းညင်းစွာခါပြသည်။

ခေါင်းငိုက်စိုက်ကျသွားသော ကျွန်တော့်ကို နိုင်အောင်က ဆံတောင်ဖြင့် တွတ်ရင်း 'ဘာဆက်လုပ်မလဲ'ဟူသော သဘောဖြင့် မျက်ခုံးပင့်ပြသည်။

ဘာဆက်လုပ်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းထဲမှာ ထူပူနေခြင်းကလွဲ၍ မည်သို့သော အတွေးအခေါ်မှ ဝင်မလာ။ ရင်တို့က ဆို့နင့်စွာ ခုန်၍နေသည်။

ဤမျှအောက်ကြို့နေသည်ကိုပင် နားလည်မှုမပေးနိုင်ရ တောင်းလားဟု တွေးမိချိန် ရင်၌ မာနတို့က ရုန်းကြွလာသည်။

"ပြန်ရအောင်"

နိုင်အောင့်ဘက်လှည့်ကာဆိုရင်း ထရပ်ဖြစ်သည်။

"နွေးနွေး ကျေးဇူးပဲဟာ"

နွေးနွေးက မျက်နှာငယ်လေးဖြင့် ခေါင်းကိုညိတ်သည်။ ဝမ်းနည်းမှုတွေရော၊ မခံချင်မှုတွေရော၊ ဝေခွဲမရမှုတွေရော ပွတ်သိပ်နေသည့် ရင်ဘတ်ကြီးကို ခဲယဉ်းစွာ ဆောင်ရင်း အဆောင်အပြင်ဘက်လမ်းမဆီရောက်မှန်းမသိ ရောက်လာသည်။

"အိမ်ပြန်မလား"

နိုင်အောင်က ကျွန်တော့် ပခုံးကို ဖက်ရင်းမေးသည်။

"ကန်ပေါင် သွားရအောင်"

သူမနှင့် ထိုင်ခဲ့သော ခုံတန်းလေးဆီ သွားထိုင်ချင်နေမိသည်။ ရှင်းပြမှုလေးကိုတောင် လက်မခံချင်သော သူမကို နားမလည်နိုင်အောင် အံ့ဩနေမိသည်။

တကယ်ဆို လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြစ်တင်တာမျိုးတမှ ခံသာဦးမည်။ ခုတော့ လုံးလုံးအတွေ့ပင်မခံ 'အေးလေ သူ့ဘက်က ကြည့်တော့လည်း ငါ့အလွန်ကိုး' ဟုဖြေတွေးတွေးရင်း သက်ပြင်းကိုချဖြစ်သည်။

"နိုင်အောင်"

ကျွန်တော့် အခေါ်ကြောင့် ဆရာသမားက ကျွန်တော့်မျက်နှာကို လှမ်းကြည့်သည်။ ပြီး 'ပြော'ဟု တုံးတိတိဆိုသည်။

"မနက်ဖြန်ကျရင် ငါမလိုက်တော့ဘူး၊ မင်းတစ်ယောက်တည်း သွားပြီးတော့၊ သူနားလည်အောင် ရှင်းပြပေးမလား"

"တကယ်တော့ အစောကြီးကတည်းက ငါ အဲဒီလိုလုပ်မလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်းကိုယ်တိုင် ပြောပြရင် ပိုကောင်းမယ်ထင်လို့ ငါမပြောဘဲနေတာ"

နိုင်အောင်၏ အပြောကြောင့်နည်းနည်းတော့ အားတက်သွားမိသည်။ ဘာပဲပြောပြော ရေနစ်နေချိန်မှာတော့ ကောက်ရိုးတစ်မျှင်သည်လည်း အားပဲဖြစ်သည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com

**သင်**တန်းတွေတွေတစ်ခုပြီး တစ်ခုတက်သော သူမသည် တကယ်တော့ အလုပ်အင်မတန်ရွေးသောကြောင့် ခုထိ ဟုတ်တိပတ်တိ အလုပ်မရှိသေးခြင်းဖြစ်သည်။

အလုပ်မရှိသေးသော ဇီဇာကြောင်သည့် သူမက ဤသို့ သင်တန်းတွေ တက်လွန်း၍လည်းပဲ ကျွန်တော်နှင့် ဆုံခဲ့ခြင်းဖြစ်သည်။ နိုင်အောင်နှင့် တစ်မြို့တည်းသားချင်းဖြစ်သော သူမကို နိုင်အောင်၏ မိတ်ဆက်ပေးမှုဖြင့် စတင်ရင်းနှီးခဲ့ခြင်းဖြစ်သည်။

သူမထံမှ အချစ်ကို ရရန်အကြာကြီး ကြိုးပမ်းခဲ့ရပြီး အခုတော့လည်း ဘာမှမဟုတ်သော အပြောင်အပျက်တစ်ခုနှင့် ဇာတ်လမ်းက ပြတ်တော့မည်။

နံရံမှ နာရီကို မော့ကြည့်ရင်း နိုင်အောင့်ကို မျှော်နေဖြစ်သည်။ တကယ်တမ်းကျတော့ သူမတို့ အဆောင်နားအထိ လိုက်သွားဖို့ ဖြစ်သည်။ နောက်တော့လည်း စိတ်ညစ်ညစ်ဖြင့်ပင် အိမ်မှာပဲ ကျန်ခဲ့ဖြစ်သည်။

နံနက်ခင်းတုန်းက သူမအဆောင်မှာ ရှိမရှိကို နိုင်အောင် စုံစမ်းစဉ်က ဖုန်းလာကိုင် သူမှာ သူမဖြစ်သည်တဲ့။

နိုင်အောင်က အဆောင်ကို သူလာမည့်အကြောင်းနှိုတော့ သူမက ကျွန်တော့်ကိစ္စနှင့်ပတ်သက်ပြီးလာမည်ဆိုပါက အပင်ပန်းမခံရန် ဆို

www.burmeseclassic.com



ခဲ့သည်တဲ့။

ထို့ကြောင့် နိုင်အောင်ခမျာ မလိုမ့်တပတ်ဖြင့် ဟိုဖြီးဒိဖြန်း ဖြင့် ရောက်အောင်သွားခဲ့သည်။

သကောင့်သားသွားသည်မှာ အတော်ကြာပြီဖြစ်သည်။ ထိုင်လိုက် ထလိုက်ဖြင့် လိုက်သွားရကောင်းနိုးနိုး ဆက်ထိုင်စောင့်နေရကောင်းနိုးနိုး နေရခက်နေသည်။

"ကျွီ"

အိမ်ရှေ့မှဝင်းတံခါးဖွင့်သံကြောင့် နိုင်အောင်ပြန်လာပြီဆိုတာ သိလိုက်ရသည်။ အိမ်ရှေ့ထွက်ကြိုတော့ မျက်နှာပြုံးဖြီးဖြီးနှင့် ဝင်လာသော သကောင့်သားကို စိတ်ချမ်းမြေ့ဖွယ်ရာတွေ့ရသည်။

"အိုကေလား နိုင်အောင်"

"အိုကေတာပေါ့ နွေးနွေးက နောက်ရက်တွေလည်း လာလည်လို့ ရတယ်တဲ့၊ အဟီး"

"ဟကောင် ငါပြောတာက ငါ့ကိစ္စလေကွာ၊ ဝတီကို မင်းဘာမှ မရှင်းပြခဲ့ဘူးလား"

"ဟင့်အင်း"

"သေလိုက်ပါတော့ကွာ"

ကျွန်တော် အမှိုက်ပုံးကို 'ဒုန်း'ခနဲ ကန်ဖြစ်သည်။ ကြည့်ဦး ရှေ့နေငှားကာမှ ထောင်လုံးလုံးကျမယ့်အဖြစ်။ ဝတီစိတ်ကောက်နေမှုကို ရှင်းပြရန် လွှတ်လိုက်ကာမှ နွေးနွေးနှင့် စကားထိုင်ပြောပြီး ပြန်လာဟန်ဖြင့် လာပြီး တက်ကြွပြသည်။

"ဝတီ့ကိုတော့ ဘာမှ ရှင်းမပြခဲ့ရဘူး"တဲ့ စိတ်ပျက်လက်ပျက်ဖြင့် ဆိုဖာပေါ် ပစ်ထိုင်ချသော ကျွန်တော့်ကို ကြည့်ရင်း ဆရာသမားက ခွီးခနဲ ရယ်သည်။ ပြီး

"မင်းကလည်းကွာ၊ ရှင်းပြစရာမှမလိုတာ၊ ငါက ဘာကို သွားရှင်းပြနေရမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုမင်းက နွေးနွေးနဲ့စကားဖောင်ဖွဲ့ပြီး ပြန်လာတာပေါ့၊ ဟုတ်လား"

"အေး"

ဒေါသထွက်ထွက်ဖြင့် စကားနာထိုးသော ကျွန်တော့်စကားကို ဆရာသမားက 'အေး'ဟုတစ်လုံးတည်းပြန်ဖြေရင်း ဆရာသမားက တခွိးခွိး ရယ်ပြန်သည်။

"ဘာလဲ မင်း ဝက်ရူးပြန်နေတာလား၊ ဟုတ်လား"

အမြင်ကတ်ကတ်ဖြင့် ရွဲ့တော့ ဆရာသမားက မျက်နှာပိုးကို သတ်သည်။

"နောက်နေတာပါ ငါ့ကောင်ရာ၊ ရှင်းပြစရာမလိုဘူးဆိုတာက ဒီလိုကွ"

www.burmeseclassic.com

www.burmeseclassic.com

"မင်း ပြောတာကို ငါသဘောပေါက်ပြီ နိုင်အောင်၊ ဗိုလ်ချုပ် ဈေးထဲက ဟိုတစ်ခေါက် ငါတို့သွားတဲ့ ရတနာဆိုင်က အန်တီဝင်းကြီးက ဝတီတို့ အိမ်မှာ ရတနာလာပြတယ်။ အဲဒီ အန်တီဝင်းကလည်း မနေ့ဆိုတော့ ဝတီက အန်တီဝင်းဆီမှာ မသိမသာ ကပ်မေးလိုက်တယ်။ အဲဒီမှာ အန်တီဝင်းက ငါပြောတဲ့ 'ရွှ'ဆိုတာ ဟိုလို 'ရွှ' မဟုတ်ဘူးဆိုတာကို ရှင်းပြသွားတယ်။ ဝတီက ခု သဘောပေါက်သွားပြီ။ အဲဒီလို ဟုတ်လား"

"အေး"

"ဒါဆိုမင်းက ဘာဖြစ်လို့ ကြာနေရတာတုံး"

"ဟဲဟဲ၊ ငါပြောပြီးပြီလေကွာ နွေးနွေးနဲ့ အလာပသလာပပြောနေတာလို့ မင်းကလည်း ငါက ဒီအတိုင်းကြီး ပြန်လာရင် ဘယ်ကောင်းပါ့မလဲ မဟုတ်ဘူးလား၊ လူမှုရေးက ရှိသေးတယ်လေကွာ"

စပ်ဖြီးဖြီးကြီးဆိုနေသော ဆရာသမား၏ စကားတို့က နားဝယ် မကြားတစ်ချက်၊ ကြားတစ်ချက် အန်တီဝင်းကြီးကို မဆီမဆိုင် ကျေးဇူးတွေ တင်နေမိသည်။ နောက်ဆို မနေ့ ဝေါဟာရနှင့်ပတ်သက်ပြီး ပြဿနာတစ်စုံ တစ်ရာဖြစ်လို့ကတော့ အန်တီဝင်းဆီပြေးအပူကပ်ရမည်။

အန်တီဝင်းက တခြားလူမဟုတ်။ ကျွန်တော့်မေမေနှင့် သူငယ်ချင်းဖြစ်သည်။ အန်တီဝင်းတို့ လင်မယားက ဗိုလ်ချုပ်ဈေးမှာ ရတနာဆိုင်


www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကာထားသည်။

ဟိုတလောကတောင် မေမေ့အတွက် (Turquoise)တာ့ကွစ် (စိမ်းပြာရောင် ကျောက်မျက်) တချို့ သွားကြည့်ဖြစ်သေးသည်။

တစ်ခါတလေ အန်တီဝင်းက ရင်းနှီးသောအိမ်များကို ရတနာတွေလိုက်ပြတတ်သည်။ ကျွန်တော်ကလည်း နယ်ကမေမေ့အတွက် မကြာခဏ အန်တီဝင်းတို့ ဗိုလ်ချုပ်ဈေးက ဆိုင်ကို ရတနာတွေကြည့်ရန်ရောက်တတ်သည်။

ဝတီက သူမအိမ်နှင့် ကပ်လျက်က သူမ၏ အဒေါ်အပျိုကြီး၏ အဆောင်မှာ နေ့ဘက်ရှိတတ်ပြီး ညမှအိမ်ပြန်အိပ်တတ်သည်။ နွေးနွေးတတော့ အဆောင်မှာပဲ အိပ်သည်။

ကျွန်တော့်အထင် သူမအိမ်မှာရှိနေခိုက်နှင့် အန်တီဝင်းရတနာသွားအပြ ဆုံသွားသည်ထင်၏။ ဆုံပေးတတ်သော ကံကိုကျေးဇူးတင်ရမည်။

"ဟကောင် အသက်ရောရှိသေးရဲ့လား"

ပခုံးကို တွန်းရင်းဆိုသော နိုင်အောင့်ကိုကြည့်ရင်း 'ဘာလဲကွ' တု မေးဖြစ်သည်။ အတွေးလွန်နေသည်မို့ သူပြောလိုက်သည်ကို ကျွန်တော် မကြားမိ။

"မနက်ဖြန် မနက်ခင်းကျရင် ဟိုတစ်နေ့က နေရာမှာ စောင့်မယ်တဲ့"

"ဟုတ်လား"

ဝမ်းသာအားရဖြစ်သွား၍ ခုန်ဆွ ခုန်ဆွဖြစ်သွားသော ကျွန်တော့်ကို ကြည့်ရင်း နိုင်အောင်က အမြင်ကပ်ဟန်ဖြင့် ယောကျ်ားကြီးတန်မဲ့ မျက်စောင်းထိုးသည်။

"သိပ်လည်း ဝမ်းသာမနေနဲ့ ဟိုတစ်နေ့က ပါးရိုက်လိုက်တဲ့ အာသာမပြေလို့ မနက်ဖြန် ဓားနဲ့ခုတ်မလို့လားမှမသိတာ သတိလည်းထားသွားဦး"



www.burmeseclassic.com

www.burmeseclassic.com



ပယ်ပယ်နယ်နယ်ကြီးဆိုသော သကောင့်သား၏ အပြောကြောင့် နင်သွားရသည်။ သို့သော် သကောင့်သားကိုတော့ မခံချင်အောင် စဖြစ်သည်။

"မင်း အဲဒီလို စိတ်ကောင်းမရှိလို့လည်း ရည်းစားမရှိတာ၊ မုဒိတာပွားစမ်းပါကွ၊ မနာလိုမဖြစ်ပါနဲ့"

ချက်ချင်းပြန်ပက်သော ဆရာသမား၏ စကားကတော့ ဟတ်ဆိသည်။

"ပါးအရိုက်ခံပြီးကတော့ ရည်းစားမရှိချင်ပေါင်ကွာ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com

"မောင် ကိုလေ ဘယ်လိုတောင်းပန်ရမှန်းကို မသိတော့ဘူး"

ထုံးစံအတိုင်း သူမက လက်နှစ်ဖက်ကို ပွတ်ကာခေါင်းကိုငုံ့ထားရင်းလာဆိုသည်။ ကျွန်တော် ဘာမှပြန်မဆို ဖြစ်။

"မောင် ချစ်ကို စိတ်ဆိုးသွားလားဟင်"

'မေးရက်ပလေတယ်'ဟု တွေးဖြစ်သည်။ ပါးကို အီဆိမ့်သွားအောင် အရိုက်ခံရသည့် ကိစ္စကို စိတ်မဆိုး ဒေါသမထွက်ဘဲနေမည်တဲ့လား။ 'စိတ်ဆိုးတာပေါ့'ဟု ဖြေတော့ရော ပြန်အရိုက်ခံမှာကျလို့ နည်းနည်းတော့တင်းသွားမိသည်။

"မောင်ကလည်း ဘာကြီးမှန်းလဲမသိဘူး ဘာလဲ စိတ်ဆိုးနေတုန်းလား"

စကားပြန်မဆိုသော ကျွန်တော့်ကို သူမက မရဲတရဲဆိုသည်။ ဒီလိုကျပြန်တော့လည်း သူမက သနားစရာကောင်းနေပြန်သည်။

"မဟုတ်ပါဘူး ချစ်ရာ၊ မောင်စိတ်မဆိုးပါဘူး တကယ်တော့ မောင်ကလည်း မောင်ပဲ အမှားမှမကင်းတာ"

သူမ၏ ပခုံးနုနုကို ဆွဲယူထွေးဖက်ထားရင်းဆိုဖြစ်သည်။ လှူ လည်ကျပြီး ပခုံးကို ရုပ်တည်ကြီးနှင့် ဖက်ကာထားသော ကျွန်တော့်ကို သူမက မော့ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . မောင်မမှားပါဘူး၊ ချစ်ကိုက မဆင်မခြင်နဲ့ မှားတာ၊ စိတ်ချနောက်ဆို ဝတီလေ ဒေါ်သက်ကို ရှေ့မထားတော့ဘူး"

ပခုံးကို မှီရင်းဆိုသော သူမကို စိတ်ပေါက်ပေါက်ဖြင့် . .

"ဟိုတစ်နေ့ကတော့ ချစ်ရဲ့ဒေါ်သက်ကို ဘယ်မှာထားလိုက်မှန်းကို မမြင်ဘူး၊ မောင်မြင်လိုက်တာက ဧရာမ လက်ဝါးကြီးတစ်ခုထင်တာပဲ"

ကျွန်တော့်စကားကြောင့် သူမ ခွီးခနဲရယ်သည်။ ထိုနေ့က ပါးရိုက်ခဲ့မိသည်ကို ကြိတ်ကျေနပ်နေသလားမသိ။ ရယ်နေသည်က တော်တော်နှင့် အတောမသတ်။ သူမ၏ ပခုံးကို ဖက်ထားသော ဒီကကောင်ကလည်း စိတ်ထဲမှ ကြိတ်ကာရယ်ဖြစ်သည်။

ဘာပြောပြော သူမက ရင်ခွင်ထဲမှာကိုး။ သူမလည်း သူမ အတွေးနှင့် သူမဘာသာရယ် ကျွန်တော်လည်း ကျွန်တော့်ဘာသာ ကျွန်တော့် အတွေးနှင့် ရယ်ဖြစ်သည်။ ပြီး နှစ်ယောက်သား ရောက်တတ်ရာရာစကားတွေ ပြောဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"မောင် ကို ဝတီက ဗဟုသုတမေးခွန်းတွေ မေးမယ်။ မောင်က ဖြေ။ နောက် မောင်ကလည်း ချစ်ကို ပြန်မေး။ တစ်ယောက်တစ်လှည့်ပေါ့။ အဲဒီလို အပြန်အလှန်မေးတဲ့အခါမှာ မဖြေနိုင်တဲ့လူကို မေးတဲ့လူက ဒဏ်ပေးကြေး"

ဝတီဟု တစ်ခါတစ်ခါ သူမကိုယ်သူမဆိုလိုက် တစ်ခါတစ်ခါ ကျပြန်တော့လည်း ချစ်ဟု သူမကိုယ် သူမ ညွှန်းလိုက်နေသော သူမကို ကျွန်တော်ကလည်း သူမလိုပဲ တစ်ခါ တစ်ခါ ချစ်ဟုခေါ်ဖြစ်ပြီး တစ်ခါတစ်ရံတော့လည်း ဝတီဟု ခေါ်ဖြစ်သည်။

"ဘယ်လို ဒဏ်ပေးကြေးလဲ"

" . . . "

ကျွန်တော့် အမေးကို သူမက မျက်လုံးထောင့်ကပ်ကာ လောင်းကြေးကို စဉ်းစားရင်း . . .

"ပါးရိုက်ကြေးတော့ မဟုတ်ပါဘူးနော်"

ဘယ်ဘက်ပါးကို ပွတ်ရင်းဆိုတော့ သူမက ခွီးခနဲရယ်သည်။ ပြီး . . .

"မောင်နော် မစနဲ့ ဒီလိုလုပ် နဖူးတောက်ကြေး"

ညာဘက်လက်ညှိုးကို တောက်ဟန်လုပ်ပြရင်း သူမက မဲချို



www.burmeseclassic.com

www.burmeseclassic.com



မချဉ်ဖြင့် ဆိုသည်။ ပြီး တစ်စုံတစ်ရာကို သတိရဟန်ဖြင့်

"နေဦး မောင်က အရမ်းကြီးမတောက်ပါဘူးလို့ အာမခံ၊ ကတိပေး"

"ဘာဖြစ်လို့လဲ"

"မောင့်စိတ်ထဲမှာ တေးချင်တေးထားမှာလေ၊ ဟိုတစ်နေ့က ကိစ္စကို"

"အာ"

သူမ၏ အပြောကြောင့် ကျွန်တော် ရယ်ချင်သွားမိသည်။ ကလေးအထာတွေ။ ကိုယ့်ချစ်သူကို နာအောင် ဘယ်လိုလူက လုပ်မည်တဲ့လဲ။ သူမကတော့ တွေးမိဟန်မတူ။

"စိတ်ချ ခပ်ဖွဖွလေးပဲ၊ မနာစေရဘူး၊ ဟုတ်ပြီလား"

"ကတိနော်"

"အေးပါ"

"ယောကျ်ားကတိနော်"

"ရော် အေးလို့ ဆိုနေ"

"အိုကေ ချစ်ကစမေးမယ်"

"မေးစေဗျာ . . . ဒီကကောင်ကလည်း စိန်ခေါ်ရင် အိမ်ပေါ်ထိ အဲလေ၊ တိမ်ပေါ်ထိတက်မယ့်ကောင်၊ မေး ဘာမေးမလဲ"

သူမက ညစ်ကျယ်ကျယ်ဖြင့် လှမိုက်ပြုံးပြုံးသည်။ ပြီး

"ကမ္ဘာ့ အငယ်ဆုံးငှက် ဘာငှက်လဲ"

"အမ်"

"မအမ်နဲ့ ဖြေ၊ စဉ်းစားချိန် စက္ကန့် ၃၀ ပေးမယ်"

"မလိုပါဘူး"

"အဖြေသိလို့လား၊ ဖြေလေ"

"အဖြေသိလို့ မဟုတ်ဘူး၊ အပန်းပေးမလို့"

"ဟွန်း တော်တော်ညံ့တာပဲ၊ လာထား"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး ရှုံ့ကာကဲ့ရဲ့ရင်း၊ လက်ညှိုးကို ကွေးချည်ဆန့်ချည် ဖြင့် 'လာထား'ဟုဆိုကာ အကျီလက်မောင်းကို သူမပင့်သည်။

ညစ်ကျယ်ကျယ် အပြုံးနှင့် သူမကို ကြည့်ရင်း အရမ်းကြီးတော့ မတောက်လောက်ပါဘူးလေ'ဟုတွေးရင်း မျက်လုံးကို မှိတ်ကာ နဖူးကို သူမ ရှေ့ကိုင်းပေးဖြစ်သည်။

"တောက်"

"အားပါးပါး"

*နဖူးတစ်ခုလုံး ကျဉ်တက်ကာသွားသည်။* ပြင်းလိုက်တဲ့ လက်ဆ။ ဘယ်ကတည်းက ကျင့်ထားပြီး ဘယ်ကတည်းက ဆော်ချင်နေမှန်း မသိ။ 'တွေ့မယ်' ဟုစိတ်ထဲမှ ကြုံးဝါးဖြစ်သည်။

"ဟဲ ဟဲ ဟဲ ဘယ်လိုလဲ နာသွားလား"

မချိုမချဉ်ပြုံးရင်း မေးသောသူမကို နဖူးပွတ်ရင်း ပြန်ပြုံးပြ ဖြစ်သည်။ ကျွန်တော့်အပြုံးက မချိုပြုံးဖြစ်နေမှာ သေချာသည်။

"ယောကျ်ားကွ၊ ဒီလောက်နာတာလောက်ကတော့ အံကြိတ်ခံ လိုက်မယ်၊ သဘောပေါက် ဝတီ့အလှည့်ကျမှ 'နာတယ်' မပြောနဲ့"

"ဟေ့ ဟေ့ ယောကျ်ားကတီနော်၊ ဖွဖွလေးလို့ ပြောထားပြီး သား"

သူမက မေးစေ့ကို ပွတ်ရင်း အထက်စီးမှ ပြုံးဖြီးဖြီးဖြင့်ဆိုသည်။ ကတိကလည်း ပေးထားပြီးပြီဆိုတော့ မတတ်နိုင်။ သို့သော် ဝှက်ဖဲဆိုတာက တော့ ရှိပြီးသားဖြစ်သည်။

"ကဲ လုပ်ပါဦး . . . ကမ္ဘာ့အငယ်ဆုံး ဝှက်က ဘာဝှက်တဲ့လဲ"

"မသိဘူး"

"ဘာ"

"မသိဘူး သိချင်ရင် တိရစ္ဆာန်ရုံမှာ ဖြစ်ဖြစ်သွားမေးကြည့်ပါ လား"

"ဝတီနော် မညစ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အတည်ပြောတာ၊ ဝတီမသိဘူး အဟီး နဖူးတောက်ချင်လို့သာ မေးလိုက်ရတာ စကားမစပ် မောင့်နဖူးက တောက်လို့ကောင်းတယ်တော့၊ 'ဒေါက်' ခနဲနေတာပဲ၊ အဟိ"

အရေးထဲ နဖူးငိုကာချဲ့နေသော သူမကို တင်းသွားမိသည်။ ဘယ့်နှယ်ကြံကြံဖန်ဖန် အဖြေမသိဘဲ မေးနေသေးသည်။

"အလကားနောက်တာပါ မောင်ရာ၊ မှတ်ထား ကမ္ဘာ့အငယ်ဆုံး ငှက်က ငှက်ပိတုန်းတဲ့"

"သေချာရဲ့လား"

"မိုးကြိုးပစ် မောင်ရေ မညာဘူး၊ အတည်ပြောတာ၊ ကမ္ဘာ့အငယ်ဆုံးငှက်က ငှက်ပိတုန်းတဲ့ မှတ်ထား"

"ဟုတ်ပြီလေ၊ အဲဒီငှက်ပိတုန်းအတွက် နဖူးတစ်ချက်အတောက်ခံပြီး ဗဟုသုတတစ်ခုယူပြီးပြီ။ ဒီတစ်ခါ မောင်မေးတဲ့ အလှည့်"

"မေး"

"Shake Speare (ရှိတ်စပီးယား)ရဲ့ မိန်းမနာမည်"

"အလိုတော်"

"မတော်နဲ့ဖြေ၊ ဖြေဆိုချိန် တစ်မိနစ်ကြီးများတောင် ပေးလိုက်ဦးမယ်၊ ဒီကကောင်က"

"မေးခွန်းကြီးကလည်း ကြံကြံဖန်ဖန်"

"အချိန်စေ့တော့မယ်"

သူမက နဖူးကို ပွတ်လိုက် မျက်လုံးကလယ်ကလယ်ဖြင့် တွေးလိုက်နှင့် စဉ်းစားကာနေသည်။ 'စဉ်းစားကာနေရဦးမယ်' သီချင်းကိုတော့ ထမဆို။

"ရပြီမောင်ရာ၊ ဒီမေးခွန်းမေးတာတွေ နားလိုက်ရအောင် ဖျင်းစရာကြီး"

"ဟာ ဟ၊ ဒီလိုမျိုးရရိုးလား၊ အပန်းပေးရင်ပေးလိုက် ဒွေး ဝေ့လည်ကြောင်ပတ်တော့ လုပ်မယ်မကြံနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခြေကို ဆောင့်ကာဆောင့်ကာဖြင့် နှုတ်ခမ်းကိုစူသည်။

"ကဲ . . ကဲ အပန်းပေးပြီ ပြော အဖြေကို"

"အဟဲဟဲ ရှိတ်စပီးယားက လူပျိုကြီး မဟုတ်ဘူးလား"

"ဘယ်သိမှာလဲ လူပျိုကြီးဆိုရင်တော့ မောင့်မေးခွန်းမှားပြီ။ ဒီတော့ နဖူးတောက်လို့ မရတော့ဘူး"

သူမ၏ အပြောကြောင့် ခွီးခနဲ ရယ်ဖြစ်သည်။

*"မှတ်ထား၊ ရှိတ်စပီးယားရဲ့ မိန်းမနာမည်က မအုန်းကြိုင်တဲ့"*

"မောင်နော် မညစ်နဲ့"

"အလကား စတာပါ၊ ကဲ မသိရင်မှတ်ထား ရှိတ်စပီးယားရဲ့ မိန်းမက (Anne Hathaway) အန်နီဟာ့ဝေး လို့ခေါ်တယ်"

သူမက ကျွန်တော့်အပြောကို ယုံကြည်ဟန်မပြဘဲ သံသယဖြစ်ဟန်ဖြင့် လူကို ကြည့်သည်။

"မောင် ဖြီးနေတာတော့ မဟုတ်ပါဘူးနော်"

"အာ . . ဘယ်ကလာ ဖြီးရမှာတုံး မယုံရင် စုံစမ်းကြည့်ပေါ့၊ လောလောဆယ်ကတော့ လာထား"

အင်္ကျီလက်မောင်းကို အားရပါးရပင့်ရင်း လက်ညှိုးကို ကွေးချည်ဆန့်ချည်လုပ်ကာ လက်သပ်တော့ သူမက 'ဖွဖွလေးနော်၊ တအားတောက်လို့ကတော့ အသိပဲ' ဟု ကြိမ်းရင်း မျက်လုံးကိုစုံမှိတ်ကာ မရဲတရဲ ရှေ့တိုးကာလာသည်။

မျက်လွှာချထားသော သူမကို ကြည့်ရှင်း ကျွန်တော် ဝှက်ဖဲတို ဖွင့်လိုက်သည်။

"..."

"အာ . . . မောင်နော် ဘာကြီးမှန်းလဲ မသိဘူး"

ထုံးစံအတိုင်း ရေရွတ်ရင်း သူမနဖူးကို ယောင်ယမ်းပြီး စမ်းသည်။

"ဘာကြီးရမှာလဲ ဝတီရ ဒါကြီးလေ ဒါကြီး"ဟု ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းနှင့် ကျွန်တော့် နှုတ်ခမ်းကို မထိုးပြသော်လည်း သူမ သိကောင်းသိပါလိမ့်မည်။

မျက်နှာကြီးနီကာ အညာခံလိုက်ရသဖြင့် ရှက်သွားဟန်တူသော သူမက နှုတ်ခမ်းကို စူသည်။

"မကျေနပ်ဘူးလား"

"မကျေနပ်ဘူး"

ကျွန်တော့် စပ်ဖြီးဖြီး အမေးကို သူမက ခပ်ဆောင့်ဆောင့်ဖြေသည်။

"မကျေနပ်ရင် ကလဲ့စားပြန်ချေလေ"

"သေလိုက်ပါလား"

"ကဲကဲ နောက်ထပ်မေးခွန်း မမေးတော့ဘူးလား"

"မသိဘူး"

သူမ၏ မျက်နှာကြီးတစ်ခုလုံး ရှက်အမ်းအမ်းဖြစ်နေရသည်ကို ကြည့်ရင်း ကျွန်တော့် ရင်တွေ ဝရုန်းသုန်းကားခုန်နေခဲ့သည်။

ဘာပဲပြောပြော ဝှက်ဖဲက ကျွန်တော့်ကို ကောင်းကောင်းကြီး အကျိုးပြုသည်ကားအမှန်။ တစ်ခါမှ မနမ်းခဲ့ဖူးသော ချစ်သူ နဖူးနုနုကို အောင်မြင်စွာဖြင့် နမ်းလိုက်နိုင်ခဲ့ပြီကိုး။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကောင် ရည်းစားသွားချိန်းတယ်ဆို"

"အေးလေ"

"ဒါနဲ့များ နွားအကန်ခံရပြီး ပြန်လာရသလား၊ နဖူးကြီးလည်း နီလို့"

"ဘာကွ"

နိုင်အောင့် အပြောကြောင့် တင်းသွားရသည်။ ဘာမှမဖြစ်လောက်ဘူးထင်သော်လည်း ကျွန်တော့်နဖူးက တော်တော်လေးနီနေဟန်တူသည်။

ဆရာသမား၏ ခန့်မှန်းချက်က ဘောလုံးဂျာနယ်များထဲက ပွဲကြိုခန့်မှန်းချက်များလို တလွဲကြီး လွဲပုံကလည်း ပက်စက်လွန်းသည်။ တော်တော်အမြင်ကပ်နေဟန်ဖြင့် ဆိုလိုက်သည်မှာ 'နွားအကန်ခံလာရသလား'တဲ့။

"အေးဟ၊ နွားခွာကြမ်းလိုက်ချက်ကတော့ မမေးနဲ့၊ နဖူးကိုပဲ ကြည့်တော့"ဟု ပြန်ရွဲ့လိုက်ဖို့လိုသည်။

"လျှောက်တင်စမ်းပါဦး ကြံကြံဖန်ဖန် အင်းလျားကန်ပေါင်ကို ဘယ်က နွားက ဘယ်လိုရောက်လာပြီး ဘယ်ပုံကစ်ထည့်သွားတာတုံး"

'လျှောက်တင်စမ်းပါဦး'ဟု အစချီကာ မိန့်မိန့်ကြီးလုပ်နေသော ဆရာသမားကို ကျွန်တော် တင်းသွားမိသည်။

"ပြောပြစရာလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဘု စကားကြောင့် ဆရာသမားက ခွိုးခနဲ ရယ်သည်။

"ဈေးကိုင်မနေပါနဲ့ ငါ့ကောင်ရာ၊ ပြောချင်နေတဲ့ မင်းကို အလိုက်တသိနဲ့ ငါက မေးပေးတာပါ။ ငါမမေးလည်း မင်းပြောမှာပဲ မဟုတ်လား"

နိုင်အောင့်စကားက အရှိုက်ကို ထိသည်။ တကယ်လည်း သူ ပြောသလို ကျွန်တော်က ပြောပြချင်နေသည်ကိုး။

"ဒီလိုကွ . . . . ."

ကျွန်တော့် စကားအဆုံးမှာ ဆရာသမားက ခေါင်းကို တဆတ် ဆတ်ညိတ်သည်။ ပြီး ဆရာကြီးစတိုင်ဖြင့်

"ငါထင်တယ် မင်းနဖူးကြီး နီရဲနေတာမြင်လိုက်တာနဲ့ ဟိုက ဆော်လိုက်ပြီဆိုတာကို"

"မင်းကလည်းကွာ သူကလည်း လက်ဆနည်းနည်းလွန်သွား တာနေမှာပါ၊ တောက်ချင်လွန်းလို့တော့ ဟုတ်ဟန်မတူပါဘူး"

ကျွန်တော့်စကားကို ဆရာသမားက ခေါင်းရမ်းသည်။

"ဟုတ်တော့ ဟုတ်နေပြီ ပထမတစ်ခေါက်တုန်းက ပါးရိုက် လွှတ်လိုက်တယ်၊ ဒုတိယတစ်ခေါက်ကျပြန်တော့ နဖူးဆော်လွှတ်လိုက်တယ်။ အင်း တတိယတစ်ခေါက်ဆိုရင်တော့ ဘာလုပ်လွှတ်လိုက်မလဲ မမှန်းရဲဘူး။ ငါ သူငယ်ချင်း ဝတီက မင်းကို အချစ်များစမ်းနေသလား မသိဘူး ကွနော်"

"သူ ငါ့ကို အဲဒီလောက်ထိကြီးလည်း မရက်စက်ပါဘူးကွာ မင်းကလည်း"

နဖူးကို ပွတ်ရင်း ငြင်းဖြစ်သည်။ ဝှက်ဖဲအကြောင်းကိုတော့ မပြောပြဖြစ်။ မပြောဆို ဝှက်ဖဲဖြစ်နေသည်ကိုး။

"ငါဒီတစ်ခေါက်ကြုံမှ ဝတီ့ကို မြှောက်ပေးလိုက်ဦးမယ်၊ နောက် တစ်ခါချိန်းရင် နဖူးတောက်တမ်းမကစားနဲ့ လက်ဝှေ့ထိုးတမ်းပဲ ကစားကြွ"

"တော်တော် ယုတ်မာပါလား"

www.burmeseclassic.com



ကျွန်တော့် စကားကြောင့် သကောင့်သားက ပြုံးဖြီးဖြီးဖြင့် 'စေတနာပါကွ' ဟုဆိုသည်။ ပြီး

"စကားမစပ်၊ ကြွားရဦးမယ်၊ အဲလေ ပြောရဦးမယ် မင်းတို့ တန်ပေါင်သွားတဲ့အချိန်လောက် ငါနဲ့နွေးနွေးတောင် စကားပြောဖြစ်ကြသေးတယ်"

"တောက်! လေတွေကလည်း တိုက်တာကွာ"

သူပြောသော စကားကို နားမထောင်ဘဲ သစ်ပင်များကို ကြည့်ရင်းဆိုသော ကျွန်တော့်ကို ကြည့်ကာ သကောင့်သားတင်းသွားဟန်ပြသည်။ သို့သော် ချက်ချင်းဆိုသလို မျက်နှာကို ပြင်ရင်း

"နွေးနွေးကို ကြည့်ရတာ မီးစိမ်းပြမဲ့သဘောပဲကွ၊ ဒီအတိုင်းသာဆိုရင်တော့ ရှေ့လျှောက်"

"မိုးတွေရွာရင်တော့ ဒုက္ခပဲ၊ ဝါး အိပ်ချင်လာပြီ အိပ်ဦးမှ"

ခံစားမှုအပြည့်ဖြင့် ကြွားလုံးထုတ်နေသော သူ့စကားကို ဖြတ်ကာ ဝရံတာမှ လှည့်ထွက်သော ကျွန်တော့်ကို ဆရာသမားက ဆဲရေးရင်း တစ်ချက် လှမ်းကန်သည်။

"ဟ . . . ဘာလဲကွ ဘလိုင်းကြီး လူကို လိုက်ကန်နေတယ်၊ မင်းက ဘာကောင်လဲ ဖိုက်တာလား"

"မင်း . . . မင်း မယုတ်မာနဲ့၊ မင်းပြောတာတွေကျတော့ ငါက နားထောင်ပေးရတယ်။ ငါပြောတာကျမှ မင်းက ဘာအချိုးချိုးတာတုံး"

"ဩော် မင်းစောစောက သီချင်းဆိုနေတယ် အောက်မေ့နေတာ၊ ငါ့ကို စကားပြောနေတာလား၊ ပြောရောပေါ့ကွာ"

"တော်ပြီကွာ ခွီးတဲ့မှပဲ"

ဒေါသထွက်သွားဟန်တူသော ဆရာသမားက ကျွန်တော့်ပခုံးကို တမင်ဝင်တိုက်ရင်း အိမ်ထဲသို့ ဝင်သည်။

စိတ်တို ဟန်ပေါက်နေသော ဆရာသမားနောက်ကို ကပ်လိုက်ရင်း သီချင်းတစ်ပုဒ် ညည်းကာ စဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်ရောက်တာ ကြာပြီကွယ် အတွဲလေး တစ်တွဲတော့ လိုချင်တယ် မာမီရယ် ရှာပေးကွယ် ရည်းစားလိုချင်တယ်"

"ဟကောင် မင်းမရိုနဲ့နော်၊ မင်း ယောကျ်ား မဟုတ်ဘူးလား"

"ဟ ဒါသီချင်းလေ သယ်ချင်းရ . . ကိုယ်သီချင်းဆိုနေတာ ပါ . . . ဘာတဲ့ သူများအတွဲတွေ မြင်ရင်ကွယ် . . . သားသားလေးမှာ မနေနိုင်တယ် မာမီရယ် ရှာပေးကွယ် . . . ရည်းစားလိုချင်တယ် ရေ့(စ်). . ."

"ခွေးကောင်"

သူ့ သီချင်းစာသားက ၎င်း၏ ဟတ်ကို ထိနေလေရော့သလား မသိ ယောကျ်ားကြီးတန်မဲ့ မျက်စောင်းထိုးကာ 'ခွေးကောင်'ဟု ခပ်ဆောင့်ဆောင့်ရွတ်သည်။

"အို . . . ရုပ်ဆိုးကြီးလည်း ယူမှာပဲ . . . မည်းမည်းကြီးလည်း ယူမှာပဲ မာမီရယ် ရှာပေးကွယ် . . . ရည်းစားလိုချင်တယ်၊ အာဟာ ရှိရှိ"

"နားငြီးတာကွာ၊ အူသံတွေကို ညံနေတာပဲ"

"ဟုတ်ကဲ့ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ကြပါ ခင်ဗျား၊ အို ဘာတဲ့ ရုပ်ဆိုးကြီးလည်း ယူမှာပဲ ပဲ"

"အာ . . . ဒီကောင်"

ဒေါသထွက်လာဟန်တူသော ဆရာသမားက 'ဒီကောင်'ဟု ရေရွတ်ရင်း လှမ်းကန်သည်။ သတိထားနေသည်မို့ ရှောင်လိုက်နိုင်သည်။

"ကျက်သရေကိုမရှိဘူး၊ မျက်နှာက ဆောင့်ကန်ချင်စရာကြီး"

"ဟ ကျက်သရေရှိစရာ မလိုဘူး၊ ရည်းစားရှိဖို့ 'ဇ' ရှိဖို့လိုတာ နားမလည်ဘူးလား၊ တောက် ငါမင်းအစား ရှက်တယ်ကွာ ဒီအသက်ဒီအရွယ်ရောက်နေပြီ၊ ရည်းစားတစ်ယောက်တောင် မထားနိုင်ဘူးလို့၊ သိက္ခာကျတယ်ကွာ ငါသာမင်းနေရာမှာဆိုလေ ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေမိမှာ သေချာတယ်"

"အရေးမပါတာတွေ လာပြောမနေနဲ့"

အမှန်အကန်ကြီး ဒေါသထွက်လာဟန်တူသော ဆရာသမား



www.burmeseclassic.com

www.burmeseclassic.com



က လက်ညှိုးကြီး လှမ်းထိုးရင်းဆိုသည်။

"တောက် . . . ရှက်တယ်ကွာ"

"ဟကောင် . . . မင်း"

"ငါ မင်းကို မပြောပါဘူးကွ၊ ငါ့ဘာသာ ငါပြောတာပါ အောင်မလေး ရှက်လိုက်တာဗျာ"

"အေးပါ၊ မင်းမိုးကောင်းတုန်းရွာထား ဟိုတစ်နေ့တုန်းက ပါး အရိုက်ခံထားရတဲ့ မျက်ခွက်က တစ်မျိုး၊ ငါ့ကို စော်ကားမော်ကား နှိပ်ကွပ်နေတော့ မျက်ခွက်က တစ်မျိုး၊ လုပ်ထားဦးပေါ့ကွာ၊ နောက်တစ်ခါ ပြဿနာဖြစ်လို့ "ဝတီဆီ သွားပေးပါဦးတော့ လာမလုပ်နဲ့၊ ဒီမှာကြည့်ထား လက်သီးပဲ ရမယ်၊ မှတ်ထား တွေ့ဦးမယ် မင်းတော့လား"

နှစ်ယောက်သားရှိနေကြသော အခန်းထဲမှာ ဆဲသံဆိုသံတွေ ရော ရယ်သံတွေပါပြည့်လို့နေသည်။

"ဝါး အိပ်ဦးမှ အိပ်ဦးမှ၊ မနက်ဖြန် ရည်းစားလေးနဲ့က လှည်းတန်းဈေးသွားရဦးမှာဆိုတော့ အားရှိမှဖြစ်မယ်၊ အင်း ရည်းစားထားမိကာမှ အလုပ်တွေလည်းရလို့ ဝါး"

"နားကောင်းနေတာကိုက ငါ့အမှား တောက် ဒီ $MP_4$ ကလည်း တြံကြံဖန်ဖန် ဓာတ်ခဲကုန်နေသေးတယ်"

"ဝါး ရည်းစားရှိရတဲ့ ဒုက္ခကလည်း တယ်မသေးဘူးကိုး။ အိပ်ဦးမှ အိပ်ဦးမှ မနက်ဖြန် လှည်းတန်းဈေးသွားကြဦးမှာဆိုတော့ အိပ်ရေးတော့ဝ ထားမှဖြစ်မယ် ဝါး . . ."

www.burmeseclassic.com

www.burmeseclassic.com

"ဒီ ဈေးရောက်တော့ မောင့်သူငယ်ချင်း သိန်းတန်ကြီးကို သတိရတယ်"

"ဘာဖြစ်လို့လဲ"

"ဒီကောင်က 'တောင်ရိုး'ဆိုပေမယ့် မြန်မာစကားကို တော်တော်များများ ပီအောင်ပြောတတ်နေပြီ၊ တချို့စကားလုံးကျတော့ 'တောင်ရိုး' သံက မပျောက်ဘူး။ အဲဒါနဲ့ပဲ ပိဿလေးနဲ့ အထုခံရတော့မလို့"

"မောင်ရော ပါလား အဲဒီအထဲမှာ"

"ပါတာပေါ့ ချစ်ရ မောင်ရော ကံကောင်းလို့ ပိဿလေး စာမမိတာ ဒီလို့ ဒီလှည်းတန်းဈေးမှာပဲ တစ်နေ့"

www.burmeseclassic.com

www.burmeseclassic.com

ထို နေ့က သူငယ်ချင်းဖြစ်သူ သိန်းတန်နှင့် ကျွန်တော် လှည်းတန်းဈေးကို ကိစ္စတစ်ခုဖြင့် ရောက်သွားကြသည်။

ကျောက်ဖရုံယိုရောင်းနေသော အတော်လှသည့် ကောင်မလေးတစ်ယောက်ကို တွေ့သည်နှင့် သိန်းတန်က ကျွန်တော့်ကို မျက်စပစ်ပြရင်း လိမ်ကျစ်လိမ်ကျစ်ဖြင့် ထိုကောင်မလေးဆီ ခြေဦးလှည့်သည်။

သကောင့်သား ကြောင်တော့ဦးမည်မို့ ကျွန်တော် အလိုက်သင့်ပင် သူ့နောက်မှလိုက်သွားဖြစ်သည်။ ကျွန်တော်ကိုယ်၌ကလည်း ပါချင်ချင်ကိုး။

ဆိုင်ရှေ့မှာလာရပ်သော ကျွန်တော်တို့နှစ်ယောက်ကို ကောင်မလေးက မော့ကြည့်သည်။ ဆရာသမားက ကျောက်ဖရုံယို ဗန်းကို လက်ညှိုးထိုးလိုက်ပြီး . . .

"ဘယ်လိုရောင်းလဲ"

မချိုမချဉ်မျက်နှာပေးဖြင့် စပ်ဖြီးဖြီးကြီးမေးသော ကျွန်တော့်ကောင်ကဒီအထိ စကားမဝဲသေး။ ကောင်မလေးက ခပ်ပြတ်ပြတ်ပင်။

"အစိတ်သား သုံးရာ့ငါးဆယ်"

"ဟုတ်လား ငါးဆယ်ထား သုံးရာလျှော့"

"ဘာတော့"

"အလကားနောက်တာပါ . . . အဟီး . . နည်းနည်းပြည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်နော်"

နည်းနည်းတင်းသွားပုံရသော ကောင်မလေးကို ဆရာသမားတာ စကားလမ်းကြောင်းလွှဲရင်း ကျောက်ဖရုံယို အနည်းငယ်ကို ကောက်ဟန်ပြင်သည်။

"မြည်းတော်ရေ မြည်း . . . မြည်း"

စပ်ဖြီးဖြီးနှင့် ကျွန်တော့်ကောင်ကို အညာသူဖြစ်ပုံရသော ကလေးမက ခပ်ငေါ့ငေါ့တုံ့ပြန်သည်။

ကျွန်တော့်ကောင်ကလည်း ကျွန်တော့်ကောင် မချိုမချဉ်ဖြင့် အီစီကလီလုပ်နေဟန်က သိသာလွန်းနေသည်ကိုး။

"ဖြူဖြူ သွယ်သွယ်လေးနဲ့ ချစ်စရာလေး ချိုကလည်း ချို"

"ဘယ်လောက်သားယူမှာတုံး"

ကောင်မလေးက ဈေးသည် ပီသသည်။ 'ဝယ်သူ အမြဲမှန်' ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားဟန်တူသည်။

ရိတိတိလုပ်နေသော သကောင့်သားကို မော့ပင်မကြည့်ဘဲ သံပြတ်ဖြင့် စကားဖြတ်ပြောရင်း မေးသည်။ အတော်သည်းခံထားပုံရသော သူမတာ မျက်နှာကို ရှစ်ခေါက်ချိုး ချိုးကာထားသည်။

"ညီမလေး ပြည့်ပြည့်လေးတော့ လုပ်ပေးနော်"

ကျွန်တော့် ကောင်၏စကားကြောင့် ကောင်မလေးက ဆရာသမားကို စူးခနဲကြည့်သည်။ ကျွန်တော့် နှာခေါင်းဝမှာတော့ ပီသလေးနဲ့ ရသလိုလိုကြီး ဖြစ်လာသည်။

"ကြိုက်တဲ့နေရာ သွားချိန်တော်ရေ တစ်ရွေးသားမှ မလျော့စေရဘူး၊ ကျုပ်တို့က အလေးအပြည့်နဲ့ ရောင်းစားတာ။ ရုပ်ကိုသေချာကြည့်ထား အလေးခိုးစားတဲ့ အစားထဲက မဟုတ်ဘူး"

ဘုပြန်တောသော်လည်း ကျွန်တော့်ကောင်က နည်းနည်းလေးမှ မျက်နှာပျက်မသွား။ ပြုံးဖြီးဖြီးကြီးနှင့်ပင်

"အစ်ကိုတို့က လူပျိုတွေဆိုတော့ သိပ်ဝယ်ဖို့လည်းမလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဒင်း . . ငါးဆယ်သားထည့်ပေး"

ပေါ်တင်ကြီးကြော်ငြာဝင်ရင်း မျက်နှာပြောင်တိုက်နေသည့် ကျွန်တော့်ကောင်၏ စကားကို ကောင်မလေးက မကြားယောင်ပြုသည်။ သို့သော် ကျောက်ဖရုံယို ငါးဆယ်သားကိုတော့ ခပ်သွက်သွက်ချိန်ပြီး လှမ်းပေးသည်။

အဲဒီမှာ ကျွန်တော့် သူငယ်ချင်းကြီးက တစ်ချိန်လုံး ပီအောင်ပြောလာသမျှ စဝဲတော့သည်။

"ညီမလေး"

"ဘာတုံး"

"အဆိပ်ထည့်ဦးလေ"

"ဘာတော့"

'ဘာတော့'ဟုဆိုရင်း ကောင်မလေးက ကျွန်တော့်ကောင်ကို ဘုကြည့်ကြည့်သည်။ သိန်းတန်က တောင်ရိုးဖြစ်သည်။ တောင်ရိုးများက **အဆ**စ်ကို 'အဆိပ်'ဟု အသံထွက်သည်။ သကောင့်သားကလည်း တစ်ချိန်လုံး မြန်မာသံပီပီသသကြီးဖြင့် အိုကေလာပြီးမှ 'အဆစ်'ကျမှ 'အဆိပ်' ဟု ထွက်တော့သည်။

"ညီမလေးကို အဆိပ်ထည့်ပါဦးလို့ ပြောတာ"

"ဘာတွေလဲ မရှိဘူး"

ကျွန်တော် သူတို့နှစ်ယောက်ကြားမှ ထွက်ပြေးချင်စိတ်ပေါက်လာသည်။ အဆစ်တောင်းနေတာဖြစ်သည့်အကြောင်း ဝင်ပြောပေးလိုက်ဖို့ကလည်း သတိမရ။ ကိုယ့်မြို့ ကိုယ့်ရွာလိုပင် အောက်မေ့ကာ သတိမေ့ပြီး အမှတ်တမဲ့ဖြစ်နေသည်။

ကောင်မလေးကလည်း နဂိုကတည်းကမှ မကြည်ဖြူချင်ရသည့် အထဲ 'အဆိပ်ပေးဦး'ဟု ဆိုနေသောအခါ 'အဆစ်'ဟု ဆက်စပ်စဉ်းစားမိဟန် မတူဘဲ သက်သက်မဲ့လာရစ်နေသည်ဟု တွေးထင်နေပုံရသည်။

"အဆိပ် မပေးဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာသမားကလည်း လုံးလုံးဇွဲမလျှော့ ကောင်မလေးကို မျက်လုံးကျွတ်မကျမတတ် ရှိုးရင်းအဆစ်ပေးရန် စကားဆိုသည်။

"ဘယ်ကအဆိပ်လဲ၊ ဘယ်မှာလဲ တော်ပြောတဲ့ အဆိပ်"

"အဲဒီမှာလေ"

ကောင်မလေးက ဒေါသထွက် ဘုဂလန့်ပြန်အမေးကို ဆရာသမားကျောက်ဖရုံယို ဗန်းထဲ လက်ညှိုးထိုးကြီးထိုးရင်း 'အဲဒီမှာလေ'ဟုဆိုသည်။

ကျောက်ဖရုံယိုသည်မလေးကလည်း သူမရောင်းနေသည့် ကျောက်ဖရုံယိုဗန်းကြီးကို လက်ညှိုးထိုးရင်း 'အဆိပ်'ဟု ဆိုလိုက်သောအခါ ဒေါသအကြီးအကျယ် ထွက်သွားဟန်တူသည်။ အင်္ကျီလက်မောင်းကို ဆိုးဆိုးဆတ်ဆတ်ပင့်တင်ရင်း ခပ်ကြမ်းကြမ်းထရပ်သည်။

"ကျုပ်ရောင်းနေတဲ့ ကျောက်ဖရုံယိုကိုများ အဆိပ်လေး ဘာလေးနဲ့ ပါးကျိုးသွားမယ်နော် လူကို ဘာအောက်မေ့နေလဲ"

လက်တစ်ဖက်က လက်ဝါးကိုထောင်ရင်း ကျန်လက်တစ်ဖက်က ပိဿလေးကို ကိုင်ရင်း ခပ်ပြတ်ပြတ်ဆိုသော ကောင်မလေး၏ ဟန်တသိုင်းကွက်ပဲ ထဆွဲတော့ မယောင်ယောင် ထိုအခါမှ နှစ်ကောင်သား နားလည်မှုလွဲနေသည်ကို သိရတာ 'အဆိပ်'ဆိုတာ 'အဆစ်'ကိုပြောတာဖြစ်ကြောင်း အတော်ကြီး ရှင်းပြလိုက်ရသည်။

ကံကောင်းလို့ ပိဿလေးနှင့် မိတ်မဆက်လိုက်ရသော ကျွန်တော့် သူငယ်ချင်း 'ရွှေတောင်ရိုး'လေးသည် ထိုနေ့မှစ၍ 'အဆစ်'ကို 'အဆစ်'ဟု ပီပီသသကြီးပြောတတ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် စကားအဆုံးမှာ သူမက 'ခွီး'ခနဲရယ်သည်။

"မောင်ကရော အဲဒီလို သုံးမိသေးလား"

"အင်းတစ်ခါတစ်ခါ ကျတော့လည်း၊ သုံးမိတယ်၊ အဖေက တောင်ရိုး အမေက 'မနု'ဆိုတော့ 'တောင်ရိုး'ရဲ့ စကားရော၊ 'မနု'ရဲ့ အသုံးအနှုန်းကော ပြောဖြစ်တယ်"

"ဝတ်စုံတွေကျတော့ရော ကွဲလား၊ တောင်ရိုးနဲ့ မနုက"

"ကွဲတာပေါ့၊ မနုဝတ်စုံက ရှမ်းဝတ်စုံနဲ့ နည်းနည်းဆင်တယ်။ အကြမ်းဖျင်းပေါ့။ တောင်ရိုးဝတ်စုံကျတော့ ပအိုဝ်နဲ့ နည်းနည်းသွားဆင်တယ်။ မောင်တို့ကျောင်းက ပွဲတွေမှာ အမှတ်တရ ရိုက်ထားတဲ့ ပုံတွေရှိတယ်။ နောက်ကြုံမှ ပြမယ်။ ဟုတ်ပြီလား"

သူမက ခေါင်းကို ခပ်ဆတ်ဆတ်ညိတ်သည်။ ပြီး တစ်စုံတစ်ခုကို သတိရဟန်ဖြင့် နာရီကို ကြည့်သည်။ ပြီး

"ဈေးက အပြန် Mr. Brown မှာအအေးဝင်သောက်ရအောင် အဲဒီမှာ နွေးနွေးနဲ့ ချိန်းထားသေးတယ်"

"ဟုတ်လား နွေးနွေးက ဘယ်သွားလို့လဲ"

"အင်းစိန်ဘက်သွားတာ အပြန်မှာ အတူတူပြန်ရအောင်လို့ Mr. Brown ကိုလာခဲ့ဖို့မှာထားတယ်။ ဟိုကောင် နိုင်အောင်တောင် အဖော်ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားသေးတယ်။ ဒီနေ့ မနက်မှ ဝတီ လျှပ်တစ်ပြက်စီစဉ်ပေးလိုက်တာ"

ပြုံးစိစိလုပ်ရင်းဆိုသော သူမကို မြတ်နိုးစွာ ငုံ့ကြည့်ဖြစ်သည်။ ပြီးတော့ နိုင်အောင်တစ်ယောက် အိုကေမှ အိုကေပ့ါမလားဟု တွေးပူမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်မိုး အစိုးမရဆိုသည့်အတိုင်း မိုးက ဝေါခနဲ ရွာချလိုက်သော အခါ ထီးမပါသော သူမ်က မျက်နှာကို ရှုံ့သည်။

“ထီးမပါပါဘူးဆိုနေမှ မိုးက ဒုက္ခပါပဲ။ နွေးနွေးတစ်ယောက်လည်း ထီးယူသွားမှာမဟုတ်ဘူး”

စောစောက ပူနေသော ရာသီဥတုကြောင့် ice coffee သောက်နေကြသော ကျွန်တော်တို့ နှစ်ယောက်ကို မိုးက ပိုသည်းပြသည်။

ဆိုင်ထဲဝရုန်းသုန်းကား ပြေးဝင်လာသူတွေရော၊ လမ်းပေါ် ဟျာသီးဟျာယာသွားနေကြသူတွေကိုပါ ကြည့်ရင်း သူမက နာရီကိုကြည့်သည်။

အင်းစိန်က အပြန်ဝင်လာမည့် နွေးနွေးကလည်း ခုချိန်ထိ ရောက်မလာသေး။ ကျွန်တော်လည်း ဗိုက်က တကျုတ်ကျုတ် ဆာကာလာသည်။

“ဝတီ မောင်ကတော့ မွတ်နေပြီ”

“ဘာပြုတယ်”

“တအား မွတ်နေပြီလို့၊ ဝတီရော မမွတ်ဘူးလား”

ကျွန်တော့်စကားကို ပြူးကြောင်ကြောင်ကြီးနှင့် နားထောင်နေသော သူမကို ကျွန်တော်က ဘာလဲဟု မေးဆတ်ပြဖြစ်သည်။

“မွတ်တယ်ဆိုတာ ဘာ့ကိုပြောတာတုန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်သားပဲ ဝတီက ကြားဖူးသေးမှာမဟုတ်ဘူး၊ 'မွှတ်တယ်'ဆိုတာက ဗိုက်ဆာတာကိုပြောတာ တကယ်တော့ မြန်မာစကားမှာလည်း 'မွှတ်'ဆိုတာရှိတယ်လေ။ 'ခနု'တွေလို တစ်လုံးတည်း မသုံးတာ တစ်ခုတည်းပဲ။ ဆာ လောင်မွှတ်သိပ်တယ်ဆိုပြီး သုံးကြတယ်လေ ဝတီရ"

"ပေါက်ပြီ ပေါက်ပြီ ဆာတာကို ပြောတာ၊ ဘာတဲ့ 'မွှတ်' ဟုတ်လား။ ဝတီလည်း မွှတ်တာပေါ့ မောင်ရယ်၊ မွှတ်တာပေါ့"

သူမက 'ခနု' လေသံကိုဖမ်းပြီး ပြုံးဖြီးဖြီးဖြင့် ပြန်နောက်သည်။ ခနုသံကို ဝဲအောင်ပြောသော သူမ၏ လေယူလေသိမ်းက ချစ်စရာကောင်း လွန်းနေသည်။

"ဝတီ ဘာစားမလဲ Cheese Cake ပဲလား"

"အင်း Cheese Cake ပဲစားတော့မယ်၊ မြန်မြန်ယူပေး၊ ဝတီ တအားတအားကို မွှတ်နေပြီ အဟီး"

ပြောင်ချော်ချော် သူမ၏ ခေါင်းကို ချစ်စနိုး လှမ်းဖွရင်း မုန့်ကောင်တာဆီ ဒိုးရသည်။ မုန့်ကောင်တာမှာ လူတွေက ပြွတ်သိပ်နေသည်မို့ တော်တော်နှင့် ကျွန်တော့်အလှည့်က ရောက်မလာ။ ကျွန်တော့်အလှည့် ရောက်လာတော့ ကံကောင်းထောက်မစွာ Cheese Cake က နှစ်လုံးသာ ကျန်တော့သည်။

"အဲဒီ Cheese Cake နှစ်တုံးစလုံးထည့်ပေး"

"ကုန်ပြီလား Cheese Cake က"

ကျွန်တော့် စကားအဆုံးမှာ ဝင်ပြောသော စကားသံက ရင်းနှီးလွန်းသည်မို့ လှည့်ကြည့်ဖြစ်သည်။

"ဟာ သံ"

"ငဖြိုး"

တစ်မြို့တည်းသားချင်း မထင်မှတ်ဘဲ လာဆုံနေသည်။ ဆယ်တန်းအောင်ပြီးကတည်းက ကွဲကွာသွားသောအလွန်ရင်းနှီးသည့် သူငယ်ချင်း။

"နင် ရန်ကုန်ရောက်တာကြာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီ နင်တို့ဆီ ငါလာသေးတယ်၊ နင်တို့လိပ်စာကလည်း ပြောင်းပြောင်းသွားတော့ ဘယ်လိုမှ စုံစမ်းလို့မရဘူးဖြစ်နေတယ်"

"ငါ ဝမ်းသာတယ်၊ ငါတော့ နှိပ်စက်ဖို့ တစ်ကောင်တိုးပြီ ဒါနဲ့ နင်တစ်ယောက်တည်းလား"

"ငါ့ ကောင်မလေးပါတယ်ဟ လာ ငါမိတ်ဆက်ပေးမယ်"

ကျွန်တော် Cheese Cake ထည့်ထားသော ဗန်းကို မ,ယူစဉ်မှာ 'မေမျိုးသုံက 'နေဦး'ဟုဆိုသည်။ ကျွန်တော်က လှည့်ကြည့်ဖြစ်သည်။

"Cheese Cake က မကျန်တော့ဘူးဆိုတော့ ဘာစားရမှန်း မသိဘူး၊ ခဏလေး အင်း ဘာစားရင်ကောင်းမလဲ"

"အာ ဒီလိုလုပ် ဒီ Cheese Cake နင်စားလိုက် ငါဖို့ တစ်ခုခု ယူလာခဲ့"

"တကယ်"

"နင်ကတော့ ကလေးစိတ်ကို မပျောက်သေးဘူး"

"နင်က ငါ့ကို တွေ့တာနဲ့ နှိပ်ကွပ်ပြီ။ သွားသွား နင့် ကောင်မလေးမျှော်နေမယ်။ ငါလိုက်လာခဲ့မယ် သွားနှင့်"

"Ok ဟို ဝိုင်းမှာတွေ့လား၊ အင်္ကျီမည်းလေးနဲ့ ထိုင်နေတဲ့ ကောင်မလေး ကိုရီးယားမင်းသမီးလိုလိုနဲ့"

"တွေ့ပါတယ်ဟ သွားနှင့်"

ကိုရီးယားမင်းသမီးဟု ဖြီးလိုက်ခြင်းကြောင့် 'ပိုပါ'ဟူသော သဘောဖြင့် မျက်စောင်းထိုးရင်း သူမဆိုသည်။

ဝတီဆီရောက်တော့ ဝတီ့မျက်နှာက ပြုံတော့မည့်မိုးလို အုံ့မှိုင်း တာနေသည်။ ကျွန်တော် ထိုင်တော့ သူမက တစ်ဖက်ကို မျက်နှာလွှဲသည်။

"ဝတီ ဒီမှာ Cheese Cake ရောက်ပြီ"

Cheese Cake ပန်းကန်ကို သူမရှေ့ပို့ပေးရင်းဆိုသော ကျွန်တော့် စကားအဆုံးမှာ သူမက စူးခနဲကြည့်သည်။

"ဝတီတစ်ယောက်လုံးပါနေတာတောင် ဘာဇာတ်လမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်နေတာလဲ မောင်၊ မောင်တို့ ယောကျ်ားတွေက ကောင်မလေးချောချော တွေ့ရင် အဲဒီလိုပဲလား"

ဝတီမှုန်ကုတ်နေရခြင်း အကြောင်းကို ခုမှသိရတော့သည်။ မရွှေချောက အထင်တွေလွဲပြီး သဝန်တိုနေသည်ကိုး။ နည်းနည်းတော့ ပီတိဖြာချင်ချင်ဖြစ်သွားရသည်။ ကိုယ့်ချစ်သူက ကိုယ့်ကိုမြတ်နိုးစွာ သဝန်တိုနေမှန်း သိလိုက်ရသည်ကိုး။

နှုတ်ခမ်းကြီးစူကာ ခေါင်းကြီးငုံ့ထားသော သူမကိုကြည့်ရင်း ကျွန်တော် ပိုချစ်သွားသည်။ တစ်ခါ တစ်ခါ သူမက ဤသို့ကလေးဆန်တတ်သည်။

"အဲဒါ မောင်နဲ့ တစ်မြို့ထဲသားချင်း၊ ငယ်သူငယ်ချင်းပါ ဝတီရ မောင်က ဝတီနဲ့ မိတ်ဆက်ပေးမလို့ ဒီကိုခေါ်ထားသေးတယ် ပြောရင်း ဆိုရင်းလာနေပြီ"

ရှင်းပြလိုက်တော့မှ သူမက ဇဝေဇဝါဖြစ်သွားဟန်ဖြင့် မေမျိုးသုံကို တစ်ချက်လှမ်းကြည့်သည်။ မေမျိုးသုံက Cake တစ်ခုကို သယ်ရင်း ရောက်လာသည်။

"လာထိုင် သုံ"

မေမျိုးသုံက ဝတီ့ကို ပြုံးပြရင်း ဝင်ထိုင်သည်။ ဝတီက ဆက်ဆံရေးညံ့ဖျင်းသော သဘောထားသေးသိမ်လွန်းသော ကောင်မလေးမျိုးမဟုတ်သည်ကိုပဲ ကျေးဇူးတင်ရမည်။ 'သုံ' ကို ပြန်လည်ပြုံးပြရင်း ခေါင်းညိတ်ပြသည်။

"ဝတီ ဒါ မောင်နဲ့ တစ်မြို့ထဲသားချင်း၊ အရမ်းခင်တဲ့ ငယ်သူငယ်ချင်း 'မေမျိုးသုံ'တဲ့။ သူလည်း 'ခနဲ့'ပဲ"

"နာမည်လေးက အရမ်းလှတာပဲ၊ လူကလည်း အရမ်းမိတယ်။ ဝတီကတော့ ချစ်သွားပြီ၊ အတည်ပြောတာ"

ချိုအီနေသော အပြုံးဖြင့်ဆိုသော ဝတီ့စကားက ကျွန်တော့်ကို ခနဲတဲ့တဲ့ဆိုနေမှန်း ကျွန်တော်သိသည်။ 'သုံ' ကတော့ သိဟန်မတူ 'ဝတီကမှ အရမ်းချစ်စရာကောင်းတာပါနော်'ဟု အပြုံးဖြင့် ပြန်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံ ဒါက ငါ့ကောင်မလေး"

"ဝတီရေ မုန့်ကောင်တာမှာကတည်းက ကြွားနေတာ၊ ဟိုမှာတဲ့၊ ကိုရီးယားမင်းသမီးလိုလိုနဲ့ အကျီအမည်းလေးဝတ်ထားတာ သူ့ကောင်မလေးတဲ့ လာခဲ့ မိတ်ဆက်ပေးမယ်တဲ့ ကြွား"

ကျွန်တော် သုံ့စကားကြောင့် ခေါင်းငုံ့ရင်း ရှက်ရယ်ရယ်ဖြစ်သည်။

"မုန့်ကောင်တာမှာကတည်းက ကြွားနေတာ" ဆိုသော သုံ့စကားကြောင့် ဝတီတစ်ယောက် စိတ်နည်းနည်း ကြည်လာဟန်ပြသည်။

"'သုံ့'ကိုမေးရဦးမယ်၊ နယ်မှာ သူ့ကောင်မလေးတွေ ဘာတွေကျန်ခဲ့သေးလား"

"ဖြိုးလား၊ ဒီကောင်က ရေခဲတုံး၊ ဆယ်တန်းအောင်ပြီးတာနဲ့ သုံတို့လည်း တစ်မိသားစုလုံး ရန်ကုန်ပြောင်းလာကြတာဆိုတော့ အဲဒီအချိန်ထိတော့ အာမခံနိုင်တယ်။ သူ့မှာ ဘာကောင်မလေးမှ မရှိသေးဘူး။ နောက်ပိုင်းတော့ မပြောတတ်ဘူး၊ သိပ်တော့လည်း မယုံနဲ့ ဝတီရေ ကုတ်ကမြင်းဖြစ်ချင်ဖြစ်နေမှာ"

"သုံ ငါ နင့်ကို Cheese Cake မကျွေးပဲနေလိုက်ရမလား"

"နင်ကလည်း ငါ့အကြောင်းသိရဲ့သားနဲ့၊ ငါက အချွန်နဲ့ မရတာဝါသနာပါတယ်"

သုံ့က သူမရှေ့မှ Cake ကို ကျွန်တော့်ရှေ့မှ Cheese Cake နှင့်လဲသည်ကို ဝတီက တစ်ချက်လှမ်းကြည့်သည်။

"Cheese Cake က နှစ်တုံးပဲ ကျန်တာ ဝတီရ သုံ့ကလည်း Cheese Cake ကို အရမ်းကြိုက်တာ၊ အဲဒါနဲ့ ဖြိုးဆီက လုထားတာ အဟဲ"

ဝတီက သွက်သွက်လက်လက်ပြောလိုက်စားလိုက်နေသော သုံ့ကိုပြုံးပြသည်။ ပြီး ကျွန်တော့်ကို အေးစက်စက် တစ်ချက်ကြည့်သည်။

ကေနွှ သူမစိတ်ထဲမှာ သို့လော၊ သို့လောဖြင့် သံသယဝင်လိုက်မဝင်လိုက်ဖြစ်နေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံက မြို့ကို မပြန်ဖြစ်တဲ့အကြောင်းနှင့် ငယ်သူငယ်ချင်းများ အကြောင်းကို မေးလိုက်ပြောလိုက်ဖြင့် မတွေ့တာကြာပြီဖြစ်သော ကျွန်တော် နှင့် 'ခနဲ'လို ခပ်သွက်သွက် ပြောဖြစ်ကြသည်။ ဝတီက နားစွင့်နေသော်လည်း အပ်ကျမတ်ကျ အားလုံးကိုနားလည်ဟန်မတူ။ တစ်ချက်တစ်ချက် ကျွန်တော့် ကိုခပ်တင်းတင်း လှမ်းလှမ်းကြည့်သည်။

"စကားပြောလို့လည်း ကောင်းတယ်။ ဝတီရေ ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်၊ ဒီမှာလိပ်စာကဒ်၊ ရော့ ဒါက ဟန်းဖုန်းနံပါတ် အချိန်မရွေး လာနော်၊ ရော့ ငဖြိုး ဒါက နင့်ဖို့ နင်ကတော့ မလာလို့ကို မရဘူးနော်၊ ငါ ခမ့်မေ့ကိုလည်း နင်နဲ့တွေ့တဲ့ အကြောင်းပြောပြလိုက်မယ်"

သုံက သူမ၏ ဘေးလွယ်အိတ်ထဲမှ ကဒ်တို့ကို ထုတ်ရင်း ဝတီ နှင့် ကျွန်တော့်ကို လှမ်းပေးသည်။ ပြီး စကားကို ရွှန်းရွှန်းဝေအောင်ပြောသည်။

ဝတီက သူမ၏ လိပ်စာကဒ်ကို ထုတ်ရင်း ပြန်ကမ်းပေးသည်။

"ကဲ ငဖြိုး ငါလစ်ပြီ၊ ဝတီရေ သွားမယ်နော်"

ဝတီက ပြုံးရင်း လက်ပြသည်။ ပြီး ဆိုင်ထဲမှ ထွက်သွားသော သုံ့ကို လိုက်ကြည့်ကာနေသည်။ ခုချိန်ထိ နွေးနွေးတို့ ရောက်မလာကြသေး။

"ဝတီရေ မိုးတောင် တိတ်ပြီဟ၊ ဟိုနှစ်ကောင်ကရောက်မလာ သေးဘူး"

"ရောက်မလာတာပဲ ကောင်းပါတယ်၊ ရောက်လာရင် မောင်နဲ့ မောင့်ရဲ့သူငယ်ချင်းနဲ့ ဆုံရချင်မှ ဆုံရမယ်။ ရေစက်က အံ့သြစရာကြီးနော် မောင် ဆယ်တန်းကတည်းက ခွဲသွားရပြီးတော့ ခုတော့လည်း ပြန်ဆုံကြပြန် ရော။ စကားတွေကလည်း ပြောနေလိုက်ကြတာများ၊ ဝတီ့ကို ဘေးမှာထားပြီး ရှိတယ်လို့တောင် မထင်ကြဘူး"

နှုတ်ခမ်းကိုစူရင်း ဆိုသော ဝတီ့စကားကြောင့် ကျွန်တော် ရယ် ချင်သွားမိသည်။

"ဘာလဲ ဝတီက သဝန်တိုနေတာလား"

ပြောင်ချော်ချော်ဖြင့်မေးသော ကျွန်တော့်အမေးကို ဝတီက



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် မောင်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်နေကြတဲ့ အကြည့်ကို ဝတီမကြိုက်ဘူး၊ အလကား ဘာကြီး မှန်းကို မသိဘူး"

"ရော် ခက်ပြီ"

ခေါင်းကို ကုတ်ရင်း ညည်းမိသည်။ ဒီကလေးမ သဝန်တိုစရာ မရှိ ရှာကြံပြီး တိုနေသည်။ သူမ၏ သဝန်တိုမှုအပေါ် ကျေနပ်မိသလိုလိုတော့ ရှိသည်။

ယောကျ်ားဆိုသော သတ္တဝါမျိုးကလည်း ကိုယ့်ချစ်သူက သဝန် တိုလေ ပိုစချင်လေမို့ ဝတီကို ကျွန်တော် စပ်ဖြီးဖြီးကြည့်ဖြစ်သည်။

"ဘာကြည့်တာလဲ"

"သေသေချာချာ ကြည့်တော့လည်း ဝတီက ပိုလှတာပါ။ မောင့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတယ်။ တစ်ချက် တစ်ချက် 'သုံ'က ဝတီ့ထက် များလှနေသလားလို့ "

ပြုံးဖြီးဖြီးနှင့်ဆိုသော ကျွန်တော့်စကားကြောင့် သူမက မျက် စောင်းကို ဒိုင်းခနဲထိုးသည်။ ပြီး အောက်နှုတ်ခမ်းကို ကိုက်ရင်း တစ်ဖက်ကို လှည့်သည်။

"Cheese Cake လေးနှစ်တုံးရှိတာကို တစ်တုံးစီဝေစားရတာကို က ဒေါသတော်တော်ထွက်နေတာနော်၊ ဒေါသကို ထပ်မဆွနဲ့"

အင်္ကျီလက်မောင်းကို ပင့်ရင်းဆိုသော တကယ်ဒေါသထွက် နေသည့် သူမ၏ ပုံစံကြောင့် ကျွန်တော့်ပါးတွေ ကျဉ်လာသလို ခံစားရသည်။

သူမဒေါသထွက်လာလျှင် အားကုန်ဆော်တတ်သော သူမ၏ ရိုက်ချက်ကို ကောင်းကောင်းခံခဲ့ဖူးသည်ကိုး။

"ဟိုနှစ်ကောင်လည်း မလာဘူး၊ မိုးလည်းတိတ်နေပြီ၊ တို့ ပြန်ကြမလား"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ်ပြောရင်း သူမက ဆိုးဆိုးဆပ်ဆပ် ထရသည်။ သူမရော ကျွန်တော်ပါ ကားမပါသည်မို့ Mr. Brown မှ ထွက်ပြီး Taxi ငှားရန် လမ်းလျှောက်လာကြရင်းက သူမကို နောက်ချင်လာသည်။

"ဒီကရှေ့ကို ခဏခဏ သွားလည်စရာ တစ်နေရာတော့ တိုးလာပြီ"

"သွားလေ ဝတီတို့က ကားမောင်းပြီးတော့တောင် အကြိုအပို့ လုပ်ပေးလိုက်ဦးမယ်၊ ယုံလားတော့မသိဘူး"

"အတည်လား"

"အတည်ပြောတာ၊ ဘယ်နေ့သွားချင်တယ်၊ ဘယ်အချိန်သွားချင်တယ်ဆိုတာသာ ပြောထားလိုက်၊ တစ်စက္ကန့်နောက်မကျစေရဘူး၊ အကြိုအပို့ တာဝန်ကျေစေရမယ်"

ငေါ့တော့တော့ပြန်ပြောသော သူမကိုကြည့်ရင်း ရယ်ဖြစ်သည်။

"ဝတီ့အသံက၊ ငိုသံပါနေသလိုပဲ"

"လဲသေလိုက်၊ ဘာကြီးမှန်းလဲမသိဘူး"

"စိတ်ချပါ ဝတီရာ ဝတီကလွဲရင် ဒီကကောင်က ရင်မခုန်ဘူး စိတ်ချ မောင့်ကို ယုံတယ် မဟုတ်လား၊ မောင်က လစ်မှလုပ်မှာ မလစ်ရင် မလုပ်ဘူး အဟုတ်"

ပြောင်ချော်ချော် ကျွန်တော့်စကားကြောင့် သူမက ကျွန်တော့် ဗိုက်ကြောကို ဆတ်ခနဲဆွဲလိမ်သည်။

"အားလားလား၊ လွတ် လွတ် ဝတီ၊ တကယ်နာတယ်၊ အားရှိုရှိုး"

"နောက်ပြောဦးမလား"

"မပြောတော့ဘူး၊ အားလားလား"

နှစ်တစ်ထောင် အတွင်းအားကျင့်စဉ်ကိုများ လျှို့ဝှက်ကျင့်ထားသလား မသိသော သူမ၏ အားက အတော်တော့ ပြင်းသည်။ ပူသွားသော ဗိုက်ကိုပွတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သွေးခြေတွေများ ဥကုန်ပြီလားမသိဘူး၊ တော်တော် ကြမ်းတဲ့လက်"

ပြောင်ချော်ချော် ကျွန်တော့်အပြောကြောင့် 'ဘာပြောတယ်' ဟု သူမ အာခေါင်ခြစ်ကာအော်သည်။

မှတ်မှတ်ရရ ထို 'ဘာပြောတယ်'ဆိုသော စကားပြီးနောက် သူမထံမှ ဘာစကားမှ ထပ်မကြားရတော့။ Taxi ငှားပြီးသည်နှင့် 'လိုက်မလာနဲ့' ဟု ခပ်ဆောင့်ဆောင့်ဆိုပြီး တစ်ယောက်တည်း ပြန်ကာသွားသည်။

ခေါင်းကိုကုတ်ရင်း၊ သက်ပြင်းကို ချဖြစ်သည်။ သူမပြောနေကျစကားကို ခပ်တိုးတိုးရွတ်ဖြစ်သည်။

"ဘာကြီးမှန်းကို မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

အင်းဝ ရွှေဆား ကျောက်ကောင်းစီလို့ ပလင်ပေါ်မှာတင်ကာ ထား
သခွားသီးလှီးရင် (တုံးစေလော)၂
မယ့်ကိုထား အခြားရှိရင် တို့မောင်အဆက် (ဆုံးစေလော)၂
(တာတက်ပွဲများတွင် သီဆိုသော 'ခနဲ့'ရိုးရာ သံချပ်များမှ)

www.burmeseclassic.com

www.burmeseclassic.com

**မျက်** မှောင်ကြုတ်ကာ ဖတ်အပြီး သံချပ်စာရွက်ကို ကိုင်ရင်းက သူမ ကျွန်တော့်ကို မော့ကြည့်သည်။

"အဓိပ္ပာယ်က ဘာတဲ့လဲ"

နားလည်တစ်ဝက် နားမလည်တစ်ဝက် ဖြစ်နေဟန်တူသော သူမ၏ မေးခွန်းမှာ ရိသွဲ့သွဲ့အသံတို့ ပျော်ဝင်ကာနေသည်။

"အဓိပ္ပာယ်ကတော့ မောင်နားလည်သလို ပြောပြရရင် 'အင်းဝ က လုပ်တဲ့ ကျောက်စီရွှေများကို ပလ္လင်ပေါ် တင်ထားရာက ယူပြီး သခွားသီးကို လှီးရုံလေးနဲ့ တုံးစေနိုင်ပါ့မလား"တဲ့။

"နောက် မောင်တို့ကြားမှာရှိတဲ့ သံယောဇဉ် ဆက်သွယ်မှုက ရော မယ်အပြင် အခြားမိန်းကလေးသူငယ်ချင်းရှိရုံနဲ့ ကုန်ဆုံးသွားစေနိုင်ပါ့ မလား"ဆိုတဲ့သဘော။

ကျွန်တော့်စကားအဆုံးမှာ ဝတီက အဓိပ္ပာယ်ဖော်ဆောင်ရန် ခက်သော အပြုံးကို ပြုံးသည်။ ပြီး

"အတိုချုံးပြီးပြောရရင်တော့ စိတ်ပူစရာမဟုတ်တာကို စိတ် မပူစမ်းပါနဲ့လို့ သာဓကနဲ့ နှစ်သိမ့်တဲ့သဘောပါ၊ ဟုတ်လား"

"အင်း"

သူမ၏ ပခုံးနုနုကို ခပ်ဖွဖွဖက်ထားရင်းက 'အင်း'ခြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားကန်ရေပြင်ကို ဖြတ်သန်းလာခဲ့ဟန်တူသော လေက အေးမြလတ်ဆတ်နေသည်။

"စိတ်ပူစရာ မဟုတ်တာကို စိတ်ပူခဲ့တယ်ဆိုရင်တောင် အဲဒါ ဝတီ မောင့်ကို ချစ်လွန်းလို့ပဲဖြစ်မယ်။ ဝတီကမှ မောင့်ကို မခွဲနိုင်တာ"

ရင်ခွင်ထဲ ခေါင်းမှီရင်းဆိုသော သူမ၏ စကားတို့က ချိုမြစွာ နားစည်မှ တစ်ဆင့်ရင်ထဲသို့ စီးဝင်သည်။

"သုံ့ အသက်အရွယ်ကြီးနဲ့ ရည်းစားမရှိပဲနေပါ့မလား ဝတီရဲ့ ကြံဖန်ပြီးပူနေပြန်ပြီ၊ ကဲ ဝတီမကြိုက်ရင် ကိုယ် သုံ့နဲ့ အတတ်နိုင်ဆုံး ကင်းအောင်နေပေးမယ် ဟုတ်ပြီလား"

ကျွန်တော့်စကားကြောင့် ဝတီက ခေါင်းခါသည်။ သူမစိတ်ထဲမှာ သူမဘက်က သဘောထားသေးသိမ်နေသလိုကြီးလည်း အဖြစ်ခံချင်ပုံမပေါ်။

"အဲဒီလိုကြီးတော့ ဝတီ မတားပါဘူး။ မောင်တို့က ငယ်ငယ်လေးကတည်းက ခင်တဲ့ ဘော်ဒါတွေပဲ ဥစ္စာ၊ ဝတီက တစ်ခုပဲ တောင်းဆိုချင်တယ်။ မောင် သုံ့ဆီကို သွားတိုင်း ဝတီ့ကို အသိပေးရမယ်"

ဝတီ၏ ကလေးဆန်သော တောင်းဆိုမှုကို ကျွန်တော် ရယ်ချင်သွားရသည်။ ဤမျှ ကျွန်တော့်ကို သဝန်တိုကာချစ်နေသည်တဲ့လား။ ကျွန်တော် ပြုံးမိသည်။

"မပြုံးနဲ့မောင်၊ မနေ့က မောင်နဲ့ သုံ့တို့ကို FMI Centre က ဟတ်ရှော့(ခ်)ကဖေးမှာတွေ့လို့ ဝတီ့ဆီလှမ်းဖုန်းဆက်တဲ့ လူရှိတယ်"

ဝတီ့စကားကြောင့် ကျွန်တော် အံ့အားသင့်သွားရသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မနေ့က ကျွန်တော်နှင့် သုံ့ ဗိုလ်ချုပ်ဈေးမှာ ဆုံမိကြရင်း ၎င်း Cafe မှာ ခဏထိုင်ဖြစ်ကြသည်။

"မေးတဲ့ လူက 'နင်တို့ပြတ်သွားကြပြီလား'တဲ့။ သူထင်တာက ဇာတ်လမ်းပြီး သွားလို့ မောင်က အသစ်နဲ့တွဲနေတယ် ထင်တာကိုး။ ဝတီက မောင့်ဘေးက ကောင်မလေးရဲ့ ပုံစံကို မေးတော့မှ 'သုံ့'ဖြစ်လိမ့်မယ်လို့ တွေး



www.burmeseclassic.com

www.burmeseclassic.com



မိတာ"

ဝတီ့စကားအဆုံးမှာ သက်ပြင်းကို မသိမသာချဖြစ်သည်။ ဇာတ်ကြီးက တယ်လည်းကျဉ်းပါလားဟု ဖုန်းရှိတိုင်း အားအားယားယား သူများကိစ္စကို စပ်စုချင်သူတွေကလည်း ရှိသေးသည်။

"မောင့်ကို မယုံမကြည်နဲ့ သံသယဖြစ်နေတာလား"

သူမ၏ နားထင်မှ ဆံစတို့ကို သပ်တင်ပေးရင်းမေးတော့ သူမက ချက်ချင်း ပြန်မဖြေ။ စကားလုံးတို့ကို ရွေးချယ်နေဟန်တူသည်။

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ သံသယဖြစ်တယ်ဆိုတာထက်၊ ဝတီမပါဘဲနဲ့ မောင်တို့နှစ်ယောက်ထဲ သွားလာနေတာကို မလိုချင်ဘူး။ သဝန်တိုလွန်းတယ်လို့ ပြောရင်လည်း ခံရမှာပဲ။ မောင်ပဲစဉ်းစားကြည့် မနေ့က မောင်တို့နှစ်ယောက်ထဲ တွေ့လို့ ဖုန်းဆက်ကြတာကို ဖြေရှင်းလို့ မပြီးသေးဘူး။ ဒီနေ့မနက် သူငယ်ချင်းတချို့က ဖုန်းဆက်ကြပြန်ပြီ"

'သေဟ'ဟု ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲဖြစ်သည်။

မနက်က 'သုံ'နှင့် ကျွန်တော် ရွှေတိဂုံကို ရောက်ခဲ့သေးသည်။ ဘာရယ်မဟုတ်။ မနေ့ဆုံတုန်းက 'ယတြာချေ'စရာရှိလို့ ရွှေတိဂုံဘုရားလိုက်ပို့ ပေးနိုင်မလားဟု သုံက Request လုပ်လာသည်မို့ ကျွန်တော် မငြင်းဘဲ လိုက်ပို့ခဲ့ဖြစ်သည်။ သုံရဲ့ကားဝပ်ရှော့ ပို့ထားမှန်း ကျွန်တော်သိနေခဲ့သည်ကိုး။

တကယ်တော့ သုံက 'ဝတီ့ကို ပါခေါ်လိုက်ပါလား ငဖြိုး' ဟု ဆိုခဲ့သေးသည်။ ကျွန်တော် ကိုယ်၌ကိုက ဝတီ မသိတာပဲ ကောင်းမည်အထင်နှင့် အသိမပေးဖြစ်၊ မခေါ်ဖြစ်။ အခုတော့ မခေါ်မိသည်က နောင်တရစရာ ဖြစ်နေသည်။

"မောင်တို့နှစ်ယောက်ကို ရွှေတိဂုံမှာ တွေ့တယ်တဲ့၊ ဟုတ်လား"

"ဟုတ်တယ် ဝတီ့ကိုတောင် ခေါ်ဦးမလို့၊ ဝတီမအားမှာစိုးတာနဲ့"

"ဩော်"

ဝတီ၏ 'ဩော်'မှာ ခနဲ့တဲ့တဲ့ လေသံတွေ စီးမျောကာနေသည်။

www.burmeseclassic.com

# ရန်တစ်ဝင်း၏ တောင်ပံခတ်သံ

ငြိမ်

ခနဲ့တဲ့တဲ့ အသံနှင့်အတူ သံသယတို့က ရောယှက်နေသေးသည်။

"သံ့ရဲ့ကား Workshop ပို့ထားလို့၊ ဒီတစ်ရက်နှစ်ရက်လေးပဲ ကူညီရမှာ၊ ဘော်ဒါရင်းကြီးတွေဆိုတော့ ဒီလောက်လေးကူညီရမှာကို ငြင်းလို့လည်း မကောင်းဘူး မဟုတ်လား"

"ဒါပေ့၊ ဒါပေ့ ရန်ကုန်မှာက Taxi တစ်စီးမှမရှိဘူးဆိုတော့၊ မောင်က မှမကူညီရင် အဆင်ပြေမှာမဟုတ်ဘူး"

ကျွန်တော့်စကားအဆုံးမှာဆိုသော ဝတီ့စကားက လုံးလုံးအနှောင့်အသွားမလွတ်။ နည်းနည်းတင်းသွားမိသော်လည်း စိတ်ကိုလျှော့နိုင်အောင် လျှော့ရသည်။ ပြီး ကန်ရေပြင်ကို နှုတ်ခမ်းကြီးစူရင်း ကြည့်နေသောသူမကို ခပ်ဖွဖွဖက်ရင်း . . .

"မောင့်ကို ယုံစမ်းပါ ဝတီရာ၊ ဝတီ့ကို မောင်ဘယ်လောက်ထိ ချစ်တယ်ဆိုတာ အခုထိမသိသေးဘူးလား၊ ကဲ . . . ဒီလိုလုပ် ဒီနေ့ပဲ မောင်တို့ ရုံးတက်လက်မှတ်ထိုးကြမလား၊ မောင် သံ့ကိုပါ သက်သေအဖြစ်နဲ့ လက်မှတ်ခေါ်ထိုးခိုင်းမယ်၊ ဘယ်လိုလဲ"

ယတိပြတ်ဆိုရင်း မေးသော ကျွန်တော့်အမေးကို သူမမဖြေ။ အံ့အားတသင့်ဖြင့် မော့ကာကြည့်သည်။

"ဘယ်လိုလဲ မောင်က ပြတ်သားတယ် ဝတီ၊ ခုချက်ချင်း ဝတီ့ကို လက်ထပ်ပြီး တင့်တောင့်တင့်တယ် ထားနိုင်တယ်။ ဒီလိုဆို ဝတီလည်း မောင့်ကို 'မေမျိုးသုံ့'နဲ့ ယုန်ထင်ကြောင်ထင် ထင်နေစရာ အကြောင်းမရှိတော့ဘူး"

သူမက ဘာမှပြန်မပြော။ ကျွန်တော့် ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ကျွန်တော့် ခါးကို ခပ်တင်းတင်းဖက်လို့ထားသည်။ ပြီး လေပြေဖြင့်

"မောင်ကလည်း စိတ်ကြီးပဲ ဘာလဲ ဝတီ့ကို စိတ်တိုသွားတာလား"

ကျွန်တော်တင်းသွားသည်အထင်နှင့် မချော့တတ်ချော့တတ်



www.burmeseclassic.com

www.burmeseclassic.com



နွေးသော သူမကို ကျွန်တော်ရယ်ချင်သွားသည်။

"စိတ်မဆိုးပါဘူး၊ ဝတီ့ကို မောင်ဘယ်လောက်ချစ်တယ်ဆိုတာ ဝတီသိအောင်လို့ ပါးပါးလေး ပြလိုက်တာ"

နဖူးကို ဖိကာနမ်းရင်းဆိုတော့ သူမက ရှက်ရှက်ဖြင့် ကျွန်တော့်ကို ဆောင့်တွန်းရင်း . . .

"လူလည်မကျနဲ့"

"ဟောဗျာ၊ မကျေနပ်ရင် ပြန်လုပ်လေ"

"သေလိုက်ပါလား၊ ဘာကြီးမှန်းလဲမသိဘူး"

ဘာရယ်မဟုတ်၊ ရှက်နေသော သူမ၏ နီစွေးစွေးမျက်နှာနုနုက အခုတော့လည်း ချစ်စရာကောင်းလွန်းနေပြန်သည်။

"မနက်ဖြန် ဝတီ Shopping ထွက်မလို့ အိမ်က ကား မအားဘူး၊ မောင်လိုက်ပို့"

"အာ စိတ်ချ ဘယ်အချိန်လာခဲ့ရမလဲပြော ရန်ကုန်မှာက Taxi တစ်စီးမှ မရှိဘူးဆိုတော့၊ ဒီကကောင် မကူညီရင် အဆင်ပြေမှာ မဟုတ်ဘူး"

"မောင်နော် ယောကျ်ားကြီးတန်မဲ့နဲ့ မရိုနဲ့"

"အားလားလား"

ပြောရင်းဆိုရင်းက ဗိုက်ခေါက်ဆွဲလိမ်သော သူမ၏ လက်သံက တော်တော်ပြောင်သည်။ တစ်ခါဆို တစ်ခါဆို သလောက်သိသာသည်။

"ဒါနဲ့ နွေးနွေးကိုခေါ်လာဦးမလား"

သူမ နွေးနွေးကိုခေါ်လာပါက ကျွန်တော်ကလည်း နိုင်အောင့်ကို ခေါ်လာရန်ဖြစ်သည်။ ကျွန်တော့် အမေးကြောင့် သူမက ရုတ်တရက် သတိရသွားဟန်ဖြင့် . . .

"ဟုတ်သားပဲ မောင့်ကို ပြောပြဖို့ မေ့နေတယ်၊ နွေးနွေးနဲ့ နိုင်အောင်နဲ့ အဆင်ပြေသွားပြီသိလား"

"ဟုတ်လား"

အံ့သြဝမ်းသာဖြင့် ကျွန်တော်မေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဝတီ အောင်သွယ်ကောင်းလို့ပေါ့၊ အဟီး"

ပြောင်စပ်စပ်ဖြင့် သူမက ပခုံးတွန့်ရင်းဆိုသည်။ ပြီး မျက်နှာကို ဆတ်ခနဲ မဲ့ရင်း . . .

"မောင့်သူငယ်ချင်း သုံ့ ကိုအတွဲရှိလား၊ မရှိလား အစ်ကြည့်ပါလား၊ ဝတီကူညီရအောင်လို့"

"ရှိမှာပါလို့ဆို ဒီအရွယ်ထိမှာ အမြီးမပေါက်ရင်၊ နိုင်အောင်တို့လို မျောက်ပဲနေမှာ"

"မောင်နော် ဝတို့သူငယ်ချင်းကို မျောက်နဲ့နှိုင်းစရာလား ဒီလိုလုပ် မောင့်သူငယ်ချင်း အမြီးပေါက်မပေါက်သိရအောင် ဝတီ အစ်ကြည့်လိုက်မယ်၊ မနက်ဖြန် Shopping လိုက်ခဲ့ဖို့ ဝတီ ဖုန်းဆက်လိုက်မယ်"

"ဟောဗျာ စောစောကတော့ သူပဲ သဝန်တွေ စွတ်တိုနေပြီးတော့"

ကျွန်တော် အံ့အားသင့်စွာ ရေရွတ်ဖြစ်သည်။

"ဝှက်ဖဲရှိတယ်လေ မောင်ရဲ့"

"ဘာဝှက်ဖဲလဲ"

"ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်ပြီးတော့ ရှုစား ဒါပဲ"

သူမက ညစ်ကျယ်ကျယ် ပြုံးရင်း ဆိုသည်။

"ဝတီ မောင့်ကို မျက်နှာပျက်ရအောင်တော့ မလုပ်နဲ့နော်"

"အာ မောင်ကလည်း ဝတီက ရိုင်းပျ့မလား"

ကျွန်တော့်အပြောကြောင့် သူမက စိတ်တိုဟန်ဖြင့် နှုတ်ခမ်းစူရင်းဆိုသည်။ သူမပြောတော့ 'ဝှက်ဖဲ'ဆိုတာအပေါ် စိုးတော့ စိုးရိမ်သည်။

သူမက စိတ်မြန်လက်မြန်သမားမို့ 'သုံ့'နှင့် ကတောက်ကဆဖြစ်ခဲ့သည် ရှိသော်ကြားထဲက နေရထိုင်ရခက်မှာစိုးသည်။

"မနက်ဖြန် မောင့်ကို အင်္ကျီတစ်ထည်လောက် ဝယ်ပေးရမယ်"

သူမက မျက်လုံးကိုထောင့်ကပ်ကာ စဉ်းစားရင်း ဆိုသည်။

"အာ မဟုတ်တာ"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပေးသော လက်ဆောင်တို့ကို အမြဲလိုလိုငြင်းဆန်တတ်သောသူမကိုယ်တိုင်က ကျွန်တော့်ကို ဘာမှဝယ်မပေးဖူးပေ။

ထူးတော့လည်း ထူးဆန်းသည်။ သုံ့နှင့် ပတ်သက်လာတော့မှ သဝန်တွေပါတွေ စွတ်တိုးပြီး လူကို ဂရုတစိုက်ရှိလာသည်။ 'ဪ မိန်းမတွေများ' ဟု တွေးရင်းပြုံးမိသည်။

"ဘာပြုံးတာလဲ"

ပြုံးလို့မှမဆုံးသေး သူမက ခပ်ငေါ့ငေါ့မေးသည်။

"ဘာမှမဟုတ်ပါဘူး"

အေးရာ အေးကြောင်း ဖြေလိုက်သော်လည်း သူမက သဘောတွေ့ဟန်မတူ။

"သိပါတယ်၊ ကွိစိ ကွစိလျှောက်တွေးနေတယ် မဟုတ်လား"

"ဟောဗျာ၊ ဘာမှမတွေးပါဘူး"

"ရတယ်၊ တွေးချင်သလိုတွေး၊ ဝတီတို့က ဂရုမစိုက်ဘူး ဒါပဲ၊ အဲ မနက်ဖြန် သုံ့ကို အရင်ဝင်ခေါ်ရင်ကောင်းမလား၊ ပြီးမှ ဝတီ့ကို လာခေါ်"

"မဟုတ်သေးဘူး၊ ဝတီကို အရင်ဝင်ခေါ်မယ် ပြီးမှ သုံ့ကို သွားခေါ်မယ်၊ တော်ကြာ ဝတီ့ရဲ့ ဘော်ဒါတွေက ဖုန်းဝိုင်းဆက်နေကြဦးမယ်"

ခပ်ရိရိပြောသော ကျွန်တော့်အပြောကြောင့် ဝတီက 'ဒိုင်း'ခနဲနေအောင် မျက်စောင်းထိုးသည်။

"ယောက်ျားကြီးတန်မဲ့နဲ့ စကားကို အရွဲ့ပြောတတ်သားပဲ၊ ဘာကြီးမှန်းကိုမသိဘူး"

မဲ့ကာရွဲ့ကာဆိုနေသော သူမသည် မျက်နှာကြီးရှုံ့မဲ့ထားသော်လည်း ချစ်စရာကောင်းနေဆဲ။

မနက်ဖြန်။

မနက်ဖြန်အတွက် ရင်နည်းနည်းတော့ လေးသည်။

www.burmeseclassic.com

www.burmeseclassic.com

**ဝတီ** ကိုကြိုရန်လာသော်လည်း ဝတီတို့ အိမ်ရှေ့ထိ သွားကြိုရခြင်း မဟုတ်။ လမ်းထိပ်မှာ ကားရပ်ပြီး စောင့်နေရခြင်းသာဖြစ်သည်။

ဝတီက ကုပ်ချောင်းချောင်းဖြင့် Taxi ဖြင့်ပဲ သွားတော့ မယောင်ယောင်နှင့် ထွက်လာခဲ့မှာဖြစ်သည်။

လက်မှ နာရီကို ကြည့်တော့ ဆယ်နာရီ ထိုးရန် စက္ကန့်အနည်းငယ်သာလိုတော့သည်။ ဝတီချိန်းထားသည်က ဆယ်နာရီ။

သိပ်အကြာကြီးတော့ မစောင့်လိုက်ရ။ ဆယ်နာရီနှင့် သုံးမိနစ်မှာ မရွှေချောက နောက်သို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် ကုပ်ချောင်းချောင်းလေးထွက်လာသည်။ ပြီး ကျွန်တော့်ကို မြင်သည်နှင့် မရဲတရဲလက်ပြရင်း နောက်ကို ဘယ်နှကြိမ်မြောက်မှန်းမသိလှည့်ကြည့်သည်။

ကားပေါ် 'လှစ်'ခနဲ ဝင်ထိုင်ပြီးချိန်မှာ သက်ပြင်းကို 'ဟင်း'ခနဲချရင်း 'မောင်းတော့'ဟု ဆရာမကြီး စတိုင်ဖြင့် ဆိုသည်။

တော်တော်ကြီး အချိန်ယူကာ ပြင်ဆင်လာခဲ့ဟန်တူသော သူမက အလှကြီးလှကာနေသည်။ အလှပြင်ခဲ့သော သူမက အလှမပြင်စဖူး အပြင်ထူးကာနှုတ်ခမ်းနီတွေ ဘာတွေတောင် ဆိုးလျက်။ ရယ်ချင်စိတ်က ငယ်ထိပ်ထိတက်သည်။ ရယ်ပင် ရယ်ချင်ညားသော်လည်း မရယ်ရဲ။ စိတ်ထိန်းကာ အောင့်ထားလိုက်ပါ၏ ... ယခု အော်ရယ်ပစ်လိုက်လို့ကတော့ ပြဿနာတက်မှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားကိုကောင်းကောင်းမမောင်းဘဲနဲ့ ဘာကွက်ကြည့် ကွက်ကြည့်လုပ်နေတာတုံး"

သူမ အမေးကြောင့် ကျွန်တော် မထိန်းနိုင်ဘဲ 'ခွိး'ခနဲရယ်ဖြစ်သည်။

"ဘာရယ်တာလဲ"

ဘာမှမချယ်သတတ်သော သူမ၏ မျက်နှာမှာ မိတ်ကပ်အချို့ကို ခြယ်သထားသောအခါ မျက်နှာက ပြောင်ချော်ချော်ကြီး ဖြစ်လို့နေသည့်အထဲ နှုတ်ခမ်းနီကလည်း ဆိုးထားပြန်တော့ ကျွန်တော့်မျက်စိထဲမှာ သူမက တဓတော်ပုံပေါက်နေသည်။

"ဘာမှမဟုတ်ပါဘူး၊ ဝတ္တိကို ရယ်တာ မဟုတ်ဘူး"

ပြောင်လိမ်လိုက်ရင်းက ရယ်ချင်လာသည်မို့ ကားမောင်းရင်း တဟားဟား အော်ရယ်ဖြစ်သည်။

သူမ မျက်နှာကို ကြည့်ရယ်ရယ်နေသည်မို့ သူမ မလုံမလဲဖြင့် သူမ၏ အိတ်ထဲမှ လက်တစ်ဝါးစာခန့်ရှိသောမှန်ကို ထုတ်ကာကြည့်သည်။ ပြီး

"ဒါကောဆို နှစ်ယောက်ရှိပြီ"

သူမ၏ စကားကြောင့် အရယ်ကို ဘရိတ်အုပ်ရင်း 'ဘာကိုလဲ' ဟု မျက်နှာပိုး သပ်ကာမေးဖြစ်သည်။

"လူကိုကြည့်ပြီး ရယ်ကြတာလေ၊ အိမ်မှာတုန်းကလည်း မေမေက သေသေချာချာကို ကြည့်ပြီးမှ ရယ်တာ၊ အခုလည်း မောင်က ရယ်ပြန်ပြီ ဘာကြီးမှန်းလဲမသိဘူး၊ တစ်ခါတလေလေး ရှိုးထုတ်မိပါတယ်။ ဟားပစ်မယ်ဆိုတဲ့ လူတွေချည်းပဲ"

နှုတ်ခမ်းစူကာ ကလေးတစ်ယောက်လို ရွတ်နေသော သူမကို ကြည့်ရင်း သူမ၏ လက်နုနုလေးကို လှမ်းဆုတ်ကိုင်ချင်စိတ်ပေါ်လာသည်မို့ ဘယ်ဘက်လက်ဖြင့် ဖျတ်ခနဲ လှမ်းကိုင်ဖြစ်သည်။

သတိအနေအထားဖြင့် ကျရောက်လာမည့် အရေးတို့ကို ကြို



www.burmeseclassic.com

www.burmeseclassic.com



တွေးထားဟန်တူသော သူမက ဆတ်ခနဲ လျှင်မြန်စွာလက်ကို တခြားသို့ဖို့သည်။ ပြီး မချိမချဉ်မျက်နှာဖြင့် မသိချင်ယောင်ဆောင်နေသည်မို့ ဒီကကောင် မချင့်မရဲကြီး ဖြစ်သွားရသည်။

လေကို သာကိုင်မိသော ဘယ်လက်ဖြင့်ပင် ရှက်ရမ်းရမ်းကာ ခေါင်းကိုကုတ်ဖြစ်သည်။ သူမက ကျွန်တော့်အဖြစ်ကို ခွီးခနဲ ရယ်သည်။ သူမ မျက်နှာမှာလည်း ရှက်ဝဲဝဲ အမူအရာကအပြည့်။

သူမကလည်း ရှက်တက်တက် ကျွန်တော်ကလည်း ရှက်တက်တက်ဖြင့် သုံ့တို့ အိမ်ရှေ့ကို ရောက်လာသည်။ ဝင်းတံခါးက ပွင့်နေသည်မို့ အိမ်ရှေ့ဆင်ဝင်အောက်သို့ မောင်းသွားလိုက်သည်။ ဟွန်းတီးရန် ပြင်ဆဲမှာပင် သုံ့တို့ အမေက တံခါးလာဖွင့်သည်။

"လာ လာ မိရွှေသုံက ရေချိုးတုန်း"

မနု သံဝဲဝဲဖြင့် ဆိုသော သုံ့တို့ အမေကိုကြည့်ရင်း သူမက ဆက်ထိုင်နေရမလို ဆင်းရတော့မလို ကြောင်နေသည်။

"လာ ဝတီ ဆင်းရအောင်"

ကျွန်တော့်စကားအဆုံးမှာ ဝတီက တံခါးကို ဖွင့်ရင်း ဆင်းသည်။

"ဟယ် ချစ်စရာလေးတော့၊ ဖိုးနောင်တို့ကတော့ လူရွေးအရမ်းတော်တယ်"

သုံ့တို့အမေက ဝတီကို ကြည့်ရင်းဆိုသည်မို့ သူမက ရှက်ရှက်ဖြင့် သုံ့တို့ အမေကို ရယ်ပြသည်။ ကျွန်တော်ကတော့ ပြုံးဖြီးဖြီးဖြင့် လည်ပင်းကော်လံကို ထောင်ပြဖြစ်သည်။

"လာ လာ ထိုင်ကြဦး၊ အန်တီ အအေးယူပေးမယ်"

သုံ့တို့ အမေက ဧည့်ခန်းမှာ ကျွန်တော်တို့နှစ်ယောက်ကို ထားခဲ့ပြီး အနောက်ဘက်သို့ဝင်သွားသည်။

သုံပြောပြထားသဖြင့် ကျွန်တော်နှင့် ကျွန်တော့်ကောင်မလေး လာလိမ့်မည်ဆိုတာ အန်တီသိနေဟန်တူသည်။ ထို့ကြောင့်လည်း ဒတ်ကို မြင်


www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ကျွန်တော့်ကောင်မလေးမှန်းသိကာ ချီးမွမ်းခြင်းဖြစ်မည်။

"တွေ့လား ... ဝတီကသာ ဘေးစကားတွေနဲ့ မောင့်ကို သံသယဝင်နေတာ ... လူတွေက ဝတီနဲ့ မောင့်ကို ဟိုဒင်းတွေမှန်း သိပြီးသား"

ပြောင်ချော်ချော်ဆိုသော ကျွန်တော့်စကားကြောင့် ဝတီက အောက်နှုတ်ခမ်းကို ကိုက်ရင်း မျက်စောင်းထိုးသည်။ သူမစိတ်ထဲ ဇဝေဇဝါ ဖြစ်နေဟန်တူသည်။ လူဆိုသည်ကလည်း ဘေးစကားဆို ပိုယုံတတ်သည်ကိုး။

ခဏကြာတော့ အဒေါ်းပန်းကိုကိုင်ရင်း အန်တီထွက်လာသည်။

"ရော့ အဒေါ်းသောက်ကြဦး၊ ဘော်ဒါတွေ ရောက်နေပြီဆိုတာ သွားပြောလိုက်ဦးမယ်"

အားနာနေဟန်ဖြင့် ဆိုရင်း အန်တီက ဧည့်ခန်းထဲမှ ထွက်သွားပြန်သည်။

"မောင် ဗိုလ်ချုပ်ဈေးကို အရင်သွားမယ်နော်၊ မောင်အချိန်ရရင် ဒဂုံစင်တာကိုပါ ဆက်သွားမယ် ... ဖြစ်လား"

"အာ ... ဖြစ်တာပေါ့၊ အဲဗား အားပြီးသား"

ကျွန်တော် ပြောင်ချော်ချော်လုပ်နေတုန်းမှာ သုံးတို့သားအမိ ဧည့်ခန်းထဲဝင်လာကြသည်။ သုံးက ဘာကိုမှ လိမ်းခြယ်မထား။ သူမက ဝတီ့ကို လှမ်းရယ်ပြရင်း ...

"ဝတီ ... ဒီနေ့ အရမ်းလှနေပါလား ... မေမေ အဲဒါ ဝတီတဲ့ ... ဖြိုးရဲ့ ကောင်မလေး၊ ဝတီ ဒါ သုံ့မေမေလေ"

သုံးက မိတ်ဆက်ပေးသည်မို့ ဝတီနှင့် အန်တီတို့ တစ်ယောက်ကို တစ်ယောက်ပြုံးပြကြသည်။

"သမီးက ဟိုတစ်နေ့ကတည်းက ပြောနေတာ .. ဖြိုးနောင်ရဲ့ ကောင်မလေးက အရမ်းချောတာတဲ့၊ ဒီနေ့ တွေ့ရတော့မှပဲ ထင်ထားတာထက်တောင် အများကြီးချောနေတယ်"

"အန်တီကလဲ မြှောက်နေပြန်ပြီ ... ဘာစားမလဲ ပြော"

ဝတီက ရှက်ဝဲဝဲဖြင့်ဆိုရင်း ရယ်သည်။ အန်တီက 'အတည်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ သမီးရဲ့' ဟုဆိုသည်။ ကျွန်တော်ကတော့ ဂုဏ်ယူစွာ မိန့်မိန့်ကြီး ပြုံးနေဖြစ်သည်။

"ကဲ . . . သွားကြမလား"

ဝတီက လက်မှ နာရီကို ကြည့်ရင်းဆိုသည်။

"သွားကြမယ်လေ"

သုံက ဘေးလွယ်အိတ်ကို လွယ်ရင်းထရပ်သည်။

"အန်တီ သွားပြီနော် . . . တာ့တာ"

ဝတီက ပခုံးလေး လှုပ်ရင်း အန်တီ့ကို နှုတ်ဆက်သည်။

"ကျွန်တော်လဲ သွားပြီ . . . ဘိုင့် ဘိုင်"

ပြောင်ချော်ချော်ဖြင့် လိုက်နောက်တော့ အန်တီက 'အေး အေး'ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

'သုံ' က ဝတီ့လက်ကို ချိတ်ရင်း အိမ်ထဲက ထွက်သည်။

ကျွန်တော် ဒရိုင်ဘာနေရာမှာ ဝင်ထိုင်တော့ သုံက အလိုက်သိစွာ နောက်တံခါးပေါက်ကို ဆွဲဖွင့်ရင်း ဝင်ထိုင်သည်။ ဝတီက မည်သို့ စိတ်ကူးပေါက်သည်မသိ။ သူမကပါ နောက်မှာ ထိုင်ရန် ကားတံခါးကို ဖွင့်သည်။

"အာ . . . ဝတီရှေ့မှာ ထိုင်လေ"

"ရတယ် . . . သုံနဲ့ပဲ ထိုင်မယ်"

'သုံ' စကားအဆုံးမှာ ဝတီက ခပ်သွက်သွက်ဆိုရင်း ခပ်သုတ်သုတ်ဝင်ထိုင်သည်။

"ဒီနေ့ ကံမကောင်းပါလားဗျို့"

တွက်ပီ၏ စကားငှားသုံးသော ပြောင်ချော်ချော် ကျွန်တော့် စကားကြောင့် သုံက ခွီးခနဲရယ်သည်။

"ငဖြိုး . . . နင်က ငါနဲ့နေရာ ချိန်းချင်လို့လား"

"ရပါတယ်ဟာ . . . ငါ့ထိုက်နဲ့ ငါ့ကံပေါ့"

'သုံ' စကားကို ပြန်အရွှန်းဖောက်သော ကျွန်တော့်စကားကို



www.burmeseclassic.com

www.burmeseclassic.com



ဝတီက 'မပိုပါနဲ့' ဟု ဆိုရင်း ခပ်သဲ့သဲ့ရယ်သည်။

ဝတီ့ကို ကြည့်ရင်း ကျွန်တော်ဦးနှောက်တွေ ရှုပ်လာသည်။ မနေ့ကတော့ သုံနှင့် ကျွန်တော့်ကို ဘာညာ ဘာညာ သံသယတွေဝင်ပြီး နှာကစ်နေသည်။ ခုကျပြန်တော့လည်း သူမဟုတ်သလို သုံနှင့်ပင် လက်ချိတ်ကာ အတူသွားစီးနေပြန်သည်။

သုံနှင့် ကျွန်တော့်အနေအထားက သူမထင်ထားသလိုကြီးလည်း မဟုတ်မှန်း တဖြည်းဖြည်းသိလာဟန်တူသည်။ ထို့ကြောင့်ပင် အားနာနာနှင့် သုံ့ကို ဖာဖာထေးထေး အယ်အယ်လဲလဲ ပြန်ဆက်ဆံနေတာလဲ ဖြစ်နိုင်သည်။ ဘာတွေမှန်းကို မသိတော့။ ထို့ကြောင့်လဲ ရှေးပညာရှိကြီးများက မိန်းမတို့၏ သဘောကို ပမာအမျိုးမျိုးပြကာ ခန့်မှန်းရန် ခက်ခဲကြောင်း ဆိုခဲ့ခြင်းဖြစ်မည်။

ဗိုလ်ချုပ်ဈေးကို ရောက်တော့ ကံကောင်းထောက်မစွာပင် ကားပတ်ကင်ကို လွယ်လွယ်ကူကူ ထိုးခွင့်ရသည်။

ကားပေါ်က ဆင်းတော့လည်း ဝတီက သုံ့လက်ကို ချိတ်ပြီး လျှောက်၏။ ကျွန်တော်က သူမတို့နှစ်ယောက်အားကနေ ကားတားတားနှင့် ပါလာသည်။

"ဖုန်းဆက်တုန်းက မေ့သွားတယ် . . . ဘယ်အချိန်ဆိုတာ မပြောလိုက်ရဘူး"

"ရပါတယ် . . . သုံက ဆယ်နာရီဝန်းကျင်ပဲ ဖြစ်မှာပါလို့ တွက်ထားတာ"

"ဝတီတို့ လာတာနဲ့ အံကိုက်ဖြစ်သွားတာပေါ့"

"ဒါနဲ့ စကားမစပ်၊ ဝတီတို့ကို သုံ့ကောင်လေးနဲ့ မိတ်ဆက်ပေးဦးလေ . . . ဝတီတို့ တစ်ရက်ရက်ကျ ဆုံရအောင်"

ဝတီ့ စကားကြောင့် 'သုံ့' မျက်နှာ တော်တော်ကြီးပျက်သွားသည်။ ဘာရယ်မဟုတ် ဝတီနှင့် ကျွန်တော် 'ဖျတ်' ခနဲ အကြည့်ချင်းဆုံသည်။

"ဝတီ မှတ်မိသေးလား . . . သုံတို့ လှည်းတန်းက Mr.Brown



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆုံတဲ့နေ့လေ"

ဝတီက ခေါင်းညိတ်ပြရင်း 'အင်း' ဟုဆိုသည်။

"အဲဒီနေ့ မတိုင်ခင် တစ်ရက်ကပဲ ပြဿနာတက်ထားတာ"

"ဩော် . . . ဟုတ်လား ဆောရီး"

ဝတီက အားနာနာနှင့် 'ဆောရီး' ဟုဆိုသည်။ သုံ့က အနည်းငယ် မျက်ရည်ဝဲကာနေသည်။

"ရပါတယ်၊ ပြောလက်စနဲ့ ရင်ဖွင့်ရဦးမယ် ဝတီရေ . . . ဟို တစ်နေ့က ဖြိုးနဲ့ သုံ့နဲ့ ရွှေတိဂုံရောက်သေးတယ်။ ကံဆိုးချင်တော့ အဲဒီနေ့ မှာပဲ သူနဲ့သူ သူငယ်ချင်းနဲ့ ဘုရားကို လာတယ်လေ"

ပြောလက်စ စကားကို သုံ့က ခေတ္တနားသည်။ ဗိုလ်ချုပ်ဈေး အတွင်းမှာ ဦးတည်ချက်မရှိဘဲ ကျွန်တော်တို့ သုံးယောက်လျှောက်နေကြ သည်။

ကျွန်တော့် ဝတီ့ကို 'ဘယ်လိုလဲ' ဟု မျက်ခုံးပင့်ပြဖြစ်သည်။ တကယ်တော့ ကျွန်တော်နှင့် ဝတီသာမက သုံ့တို့နှစ်ယောက်မှာပါ ပြဿနာတ ရိုက်ခတ်နေသည်ကိုး။

"ပထမ ပြဿနာက ရှင်းလို့ မပြီးသေးဘူး၊ ဒုတိယပြဿနာတ စပြန်ရော၊ သုံ့စိတ်ထဲမှာလဲ အဲဒီလိုဖြစ်နေမလားလို့ တွေးမိလို့ ဖြိုးတိုတောင် ပြောသေးတယ်၊ ဝတီ့ကိုပါ ခေါ်ခဲ့ပါလားလို့ . . . သူကလဲ ဝတီ့ကို ခေါ်မလာ ဘူး။ သူက ဘုရားမှာ သုံ့တို့နှစ်ယောက်ကိုတွေ့ပြီး အထင်လွဲပြန်ရော။ ရှင်း ပြတော့လည်း လက်မခံဘူး။ အဲဒီနေ့က ဝတီသာ ပါလာရင် အံရမ်းကောင်း မှာပဲ"

ကျွန်တော်တော်တော်လေး စိတ်မကောင်းဖြစ်သွားရသည်။ ဝတီက ခုမှသဘောပေါက်သွားကာ အားနာနေဟန်ဖြင့် ကျွန်တော့်ကို လှမ်း ကြည့်သည်။

"ဆောရီးဟာ . . . ဒီလိုမှန်းသိရင် ငါဝတီ့ကို ခေါ်သွားပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဟာ . . . သူ ငါ့ကို ကြာကြာမကောက်နိုင်ပါဘူး၊ ဒါပေမယ့် ဒီတစ်ခေါက်က ဆယ်ရက်ကျော်သွားပြီဟ"

သုံ့က ခေါင်းကို ခပ်ဖွဖွကုတ်ရင်း ဆိုသည်။ ဝတီက ပြုံးစိစိဖြင့် . . .

"လွမ်းနေပြီ ဆိုပါတော့ . . . ဒီကြားထဲ ဝတီကလဲ အလိုက်တန်းဆိုးမသိ ဒဏ်ရာဟောင်းကို ပြန်ဖွသေးတယ် . . . ဆောရီး"

ထိုစဉ်မှာပင် သုံ့ဘေးလွယ်အိတ်ထဲမှ ဖုန်းမြည်လာသည်။

"ဟဲလို . . . အခုလား . . . ဗိုလ်ချုပ်ဈေးထဲမှာ . . . ကို အခုဘယ်မှာလဲ"

'ကို'ဆိုသော အခေါ်အဝေါ်ကြောင့် ဝတီနှင့် ကျွန်တော် တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြသည်။

"သွားပါ အခုမှလာပြီး လွမ်းမနေနဲ့ ဘာ . . FMI စင်တာက cafe မှာ သိတယ် သိတယ် ဒါဆို ခဏစောင့် ခုချက်ချင်း လာခဲ့မယ် ဒါပဲ ဒါပဲ"

ရှက်ကိုးရှက်ကန်းဖြင့် ဟန်းဖုန်းကို ဘေးလွယ်အိတ်ထဲ ပြန်ထည့်ရင်း သုံ့က ကျွန်တော်နှင့် ဝတီ့ကိုကြည့်သည်။

"အတော်ပဲ သိလား၊ ဖြိုးရော ဝတီရော ရှိနေချိန်မှာ သူ့ကို ပြဿနာရှာရမယ်။ ဖြိုးကိုမြင်ရင် သူမှတ်မိမှာပါ၊ အံ့ဩသွားအောင်လုပ်ပြ လိုက်ဦးမယ် လာသွားရအောင်"

"ဘယ်ကိုလဲ"

ဝတီ့အမေးကြောင့် သုံ့က 'ဟုတ်သားပဲ' ဟုဆိုရင်း "FMI စင်တာက cafe ကို သွားမယ်လေ၊ သုံ့ကောင်လေးနဲ့ မိတ်ဆက်ပေးမယ်၊ သုံ့နဲ့ဖြိုးနဲ့ဘော်ဒါ တွေဆိုတာပါ တစ်ခါတည်းရှင်းပြလိုက်မယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

"အဲဒါက ကိစ္စမရှိဘူး၊ ချက်ချင်းကြီး ငါတို့နှစ်ယောက်ပါလာရင် ဘယ်ကောင်းပါ့မလဲဟ၊ ဒီလိုလုပ် နင်အရင်သွားပြီး ဆယ့်ငါးမိနစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာမှ ငါတို့လိုက်လာမယ်။ မတော်တဆဆုံတဲ့ ပုံစံပေါ့ဟာ၊ ပိုသဘာဝကျ သွားတာပေါ့။ ငါတို့ရောက်လာတဲ့အချိန်မှာ နင်ကလှမ်းခေါ်ပြီး မိတ်ဆက်ပေး၊ အဲဒီမှာ နင့်ကောင် ကောင်းကောင်းကြီးပေါက်သွားလိမ့်မယ်။ ငါတို့မရောက်ခင်မှာ နင်ဖောလျှောရိုက်ထားလိုက်ပေါ့ ဟာ"

"ဖြိုး နင့်ခေါင်းကိုလေ ရွှေချထားဖို့ ကောင်းတယ်၊ ဒါဆိုငါ သွားတော့မယ်နော်"

"ဘာဖြစ်လဲ၊ ဘာဖြစ်လဲ စောစောကငါပြောပြထားသားပဲ၊ ငါနဲ့ 'ကို'နဲ့က ဒီလောက်ထိ တစ်ယောက်နဲ့တစ်ယောက်ကောက်ဖူးတာမဟုတ်ဘူးလို့ အခုမှ သူ့ဘက်က 'မီးစိမ်း'စပြလို့ တော်ပါသေးရဲ့။ ငါသိတယ်သူစိတ်ကောတတ် ပြနေပြီ၊ သိပ်ချော့စရာလိုတော့မှာ မဟုတ်ဘူး။ အဲ ဒါပေမယ့် နင်တို့လာ ဖြစ်အောင်တော့လာခဲ့နော်။ နင့်မှာ ကောင်မလေးရှိတယ်ဆိုတာ သက်သေပြပြီး ငါ သူ့ကို ပြန်ကောက်ရအောင်လို့"

သုံ၏စကားကြောင့် ဝတီက ပြုံးစိစိကြီးဖြစ်နေသည်။ ကျွန်တော်က ရေပက်မဝင်သော သုံ၏စကားအဆုံးမှာ

"ရှုပ်နေတာပဲ၊ မိန်းမတွေများ တော်တော်မာယာများတာပဲ"

"ဘာ"

ထို 'ဘာ'ကား ဝတီရော သုံထံမှပါထွက်လာသော 'ဘာ'ဖြစ်သည်။ သုံက ဝတီကို မျက်ရိပ်ပြလိုက်ရင်း

"ဝတီ၊ သိတယ်မဟုတ်လား၊ ဒါပေါ်တင်ကြီး ဝတီကို ချိုးတာ၊ မခံနဲ့ သုံတော့လစ်ပြီ လိုက်လာခဲ့ကြနော်"

အူမြူးနေသော မရွှေသုံက ကျွန်တော်နှင့်ဝတီကို တည် ပေးခဲ့ရင်း ပြောင်စပ်စပ်ဖြင့် ခပ်သုတ်သုတ်ထွက်ကာသွားသည်။

"ဆက်ပြောစမ်းပါဦး၊ မိန်းမတွေဘာပြုတယ်"

"ဘာမှမပြုပါဘူး ဝတီရာ၊ အဲဒီလို မာယာများတဲ့မိန်းမပီသလွန်းတဲ့ မိန်းမထဲမှာ ဝတီမပါဘူး၊ အဟဲ"

ချော့သော ကျွန်တော့်စကားမှာ ဝတီမပျော့ပါ။ နှုတ်ခမ်းကိုစူ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တော်ပြီ၊ ဒီက သူ့ကိုအင်္ကျီလေးတစ်ထည်လောက် ဝယ်ပေးမလို့ စဉ်းစားထားတာ၊ ခု မဝယ်ပေးတော့ဘူး"

"ကျွတ် ကျွတ် ကျွတ် မိန်းကလေးတွေများ ကောက်စရာမရှိရှာကြံပြီးတော့ကို ကောက်ကြတာပဲ။ သူတို့ကိုယ်သူတို့ ကောက်ရင်လှတယ်များအောက်မေ့နေလားမသိဘူး"

ပြုံးဖြီးဖြီးဆိုသော ကျွန်တော့်စကားကို သူမက မျက်စောင်းထိုးရင်းတုံ့ပြန်သည်။ သူမ၏မျက်စောင်းသာ နဂါးမျက်စောင်းဆိုပါက ကျွန်တော်အိုးတိုက်ဖွဲပြာဘဝကို ဘယ်နှခါရောက်ရမည်မသိ။

ရှေ့မှဆတ်တောက် ဆတ်တောက်လျှောက်နေသော သူမက ဆတ်ခနဲ ဆိုင်တစ်ဆိုင်ထဲဝင်သည်။

ဆိုင်ထဲလှမ်းကြည့်တော့ အမျိုးသားအဝတ်အစားများကို မြင်ရသည်။ ကျွန်တော်ပြုံးဖြစ်သည်။ ပြီး သူမ နောက်လိုက်ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

**မျက်**နှာကြီးစူကာ ရှေ့မှဝင်လာသောသူမနှင့်ပြောင်ချော်ချော်ဖြင့် ခေါင်းကုတ်ရင်း နောက်မှလိုက်ဝင်လာသော ကျွန်တော့်ကို အရောင်းစာရေးမများက ပြုံးဖြီးဖြီးဖြင့်ကြည့်နေကြသည်။

သူမကတော့ ဘာကိုမှဂရုမစိုက်။ အင်္ကျီတို့အပေါ်၌သာ အာရုံစိုက်နေသည်။ အင်္ကျီတို့ကိုသာ အာရုံစိုက်နေသော သူမ၏မျက်နှာကတင်းနေရာမှ တဖြည်းဖြည်းပြေလျော့လာသည်။

"မောင် ဒါလေးကြိုက်လား"

အမြင့်မှာချိတ်ထားသော Shirt တစ်ထည်ကိုကိုင်ပြရင်း သူမက မေးသည်။

အရောင်းဆရာမလေးက အရောင်းစာရေးကောင်းပီသသည်၊ ဝတီက 'ဒါလေးကြိုက်လား' ဟူသော အမေးကို ကျွန်တော်ဘာမှ ပြန်မပြောရသေးမီမှာ အင်္ကျီကိုအလူမီနီယမ်တုတ်လေးဖြင့် လှမ်းယူဖြုတ်ပေးပြီးသားဖြစ်နေသည်။

ဆိုင်ထဲမှာ ဝယ်သူကလဲ သိပ်မရှိလှ။ ကောင်တာထိုင်နေသော ခပ်ဝဝအမျိုးသမီးက ကျွန်တော်တို့ကို စပ်စုဟန်ဖြင့်လှမ်းကြည့်နေသည်။ သူမ၏ ကောင်တာနှင့် ကျွန်တော်တို့နှင့်က သိပ်မဝေးလှ။

ဝတီက ဘာမှပြန်မပြောပဲ ရပ်နေသော ကျွန်တော့်ကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထို Shirt အင်္ကျီကိုကပ်ကြည့်သည်။

"ရော့ မောင်ကိုင်ထားကြည့်"

ကျွန်တော်ကဝတီ့အမိန့်အတိုင်း အင်္ကျီကို သူမလက်ထဲမှ ပြောင်းယူကာ ကိုယ်မှာကပ်ပြဖြစ်သည်။ ပြီး ကိုယ်တိုင်လည်း ငုံ့ကြည့်ဖြစ်သည်။

"ဘယ်လိုလဲ ကြိုက်လား"

ဝတီက အင်္ကျီကို ကိုင်ကြည့်ရင်းမေးသည်။

"နည်းနည်း အိုနေသလားလို့"

ကျွန်တော့်စကားကြောင့် ဝတီ့မျက်နှာကွက်ခနဲပျက်သည်။ ပြီး ဒေါ်ဘီကိုကြည့်ရင်းက

"မောင်ကလည်း၊ မအိုပါဘူး"

အသံကိုနှိမ့်ရင်း၊ မျက်မှောင်ကို ကြုတ်ရင်းဆိုသော ဝတီ့စကားနှင့်အမူအရာကတစ်မျိုးကြီးဖြစ်နေသည်။ အရောင်းစာရေးမလေးကလည်း ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။

"ဒီမှာလေ၊ မသိမသာ အိုနေတယ်"

အင်္ကျီကို ကိုယ်မှာကပ်ပြရင်းဆိုသော ကျွန်တော့်စကားအဆုံးမှာ ဝတီက 'မောင်!' ဟု စိတ်ပျက်လက်ပျက် အမူအရာဖြင့် အသံကိုနှိမ့်ရင်းဆိုသည်။

ထိုအချိန်မှာပင် စောစောက ကောင်တာမှာ ထိုင်နေခဲ့သော ဖက်တီးမကြီးက ဒေါ်နှင့်မောနှင့် ကျွန်တော့်အနားရောက်မှန်းမသိ ရောက်ချလာသည်။

"စောစောက မင်းပြောတာ ငါ့အကုန်ကြားတယ်"

ကျွန်တော့်ဘေးမှာ ခါးထောက်ကာရပ်ရင်း သူမက အသံခပ်စူးစူးဖြင့် ကျွန်တော့်ကိုခပ်ဆောင့်ဆောင့်ဆိုသည်။ သူမ၏ဒေါသထွက်နေပုံကိုကြည့်ရင်း ကျွန်တော်နားမလည်နိုင်ဖြစ်သွားရသည်။

"အဲဒါ ဘာဖြစ်လဲ"

"အောင်မာ အခုမှ အူကြောင်ကြောင်လုပ်နေသေးတယ်။ ပြော



www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ ပြောပြီးတော့"

မဲ့ကာရွဲ့ကာဖြင့် ဒေါကန်နေသော ဖက်တီးမကြီးကိုကြည့်ရင်း ကျွန်တော်အံ့အားလည်းသင့်၊ တင်းလည်းတင်းလာသည်။ ဝတီက အူကြောင်ကြောင်လေးဖြင့် ကျွန်တော်နှင့်ဖက်တီးမကြား ကုတ်ကုတ်လေးရပ်နေသည်။

"နေပါဦး၊ ကျွန်တော်ပြောတာကရော မှားနေလို့လား"

"မှားတာပေါ့ဟဲ့၊ ဘယ်မှာအိုလို့လဲ အဲဒီအင်္ကျီက"

သူမ၏ခပ်ဆောင့်ဆောင့်စကားကြောင့် လက်ထဲမှာကိုင်လက်စ အင်္ကျီကို ကိုယ်မှာပြန်ကပ်ပြလိုက်ရင်းက

"ဒီမှာ ခင်ဗျားမမြင်ဘူးလား၊ ဒီမှာ အအိုကြီးတွေ့လား၊ ဝတ်ကြည့်စရာမလိုဘူး ကပ်ကြည့်တာနဲ့သိတယ်။ အအိုကြီးမို့လို့ အအိုကြီးပြောတဲ့ဟာကို

"ဟောတော်"

"မောင်"

ဝတီ၏ 'မောင်'ဆိုသော ခေါ်သံနှင့်တပြိုင်နက် ဖက်တီးမကြီးသံမှ 'ဟောတော်'ဆိုသော အာမေဋိတ်သံက တပြိုက်နက်တည်း ထွက်လာသည်။ ဖက်တီးမက ခါးကိုလက်ကောက်ဝတ်ဖြင့် ထောက်ထားရာက ကျွန်တော့်လက်ထဲမှအင်္ကျီကို ဆတ်ခနဲဆွဲယူရင်း

"ဒီအင်္ကျီလား အအိုကြီး"

"ဟုတ်တယ်ဗျာ၊ ဟုတ်တယ် ဘယ်နှခါပြောရမှာလဲ"

"မင်းစိတ်မှန်ရဲ့လား"

"ဘာဗျ"

"ဒီလို အသစ်ကျပ်ချွတ် Brandnew ကိုများ ပြောရက်လိုက်တာ ဒါဖောရိန်းကရောက်လာတာတောင် ရက်ပိုင်းပဲရှိသေးတယ်။ မင်းက ငါတို့ကို အင်ထုရောင်းနေတယ်များမှတ်နေလား 'အမလေးတော် သူလုပ်မှ ရစရာကိုမရှိ တော့ဘူး"

အင်္ကျီကို ရင်ဘတ်သို့ပုတ်ကာ ပုတ်ကာဖြင့် အသံစူးကြီးနှင့်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော သူမ၏အသစ်ချပ်ချွတ် Brandnew ဆိုသော စကားကြောင့် ကျွန်တော် ဖျတ်ခနဲ အသိဝင်သည်။

"ဟာ ဆောရီး ဆောရီး ကျွန်တော်ဆိုလိုတာက အဲဒီလိုမဟုတ်ဘူးဗျ။ နားလည်မှုလွဲနေပြီ"

လက်ကာရင်းပျာပျာသလဲဆိုသော ကျွန်တော့်စကားကြောင့် ဖက်တီးမရော အရောင်းစာရေးမရော ဝတီပါ နားမလည်ဟန်ဖြင့် ကျွန်တော့်ကိုကြည့်သည်။ ဈေးဝယ်သူ တစ်ယောက်စနှစ်ယောက်စကလည်း ကျွန်တော်တို့ကိုစိတ်ဝင်တစားစပ်စပ်စုစု ဖြင့်ကြည့်နေကြသည်။ ကျွန်တော့်မှာ ရှက်လို့မဆုံး။

"ဒီလိုဗျ ကျွန်တော်ပြောချင်တာက ဒီအင်္ကျီ size ကြီးနေတာကိုပြောချင်တာ. . ."

'ဒီလိုဗျ' အစချီကာ ကျွန်တော်တို့ဆီမှာ အင်္ကျီကိုကြီးနေပါက 'အိုသည်' ဟု သုံးနှုန်းကြောင်း။ ဥပမာ လူကြီးတွေကို လူအိုဟုခေါ်သလိုမျိုး အင်္ကျီကြီးနေတာ၊ ဖားဖားကြီးဖြစ်နေတာကိုလည်း 'အိုသည်'ဟုသာ သုံးနှုန်းကြကြောင်း။ ဒီမှာကတော့ ကြားဖူးမှာမဟုတ်ကြောင်း၊ အမှတ်တမဲ့မေ့ပြီး ပြောလိုက်မိကြောင်း၊ စသဖြင့် အကြောင်းပေါင်းများစွာကို ရှင်းပြပြီးသောအခါမှ ဖက်တီးမက သက်ပြင်းကို 'ဟင်း'ခနဲ ချသည်။ အရောင်းစာရေးမက 'ဒီလိုကိုး' ဟုသောသဘောဖြင့် ခေါင်းတညိတ်ညိတ်လုပ်သည်။ ဝတီကစို့နေသော သူမ၏နဖူးမှ ချွေးတို့ကို တစ်ရှူးဖြင့်သုတ်၏။ ကျွန်တော်လည်းပဲသက်ပြင်းကိုချဖြစ်သည်။

"ဪ 'မ'သဘောပေါက်ပြီ၊ မင်းတို့'ခနေ'တွေရဲ့ စကားကနည်းနည်းဆန်းနေတာကိုး။ ဟုတ်သားပဲ လူကြီးတွေကို လူအိုလို့ခေါ်သလိုမျိုး၊ အင်္ကျီကြီးနေရင်လည်း၊ အင်္ကျီကအိုနေတယ်လို့ ပြောတယ်ပေါ့။ မသိပါဘူးကွယ် 'မ'က 'မ'ကို များလာရစ်နေသလားလို့"

"ခင်ဗျား"

"ဪ တစ်ခါတလေ ကောင်လေးတွေ ဈေးလာဝယ်ရင်းနဲ့ ဘရုတ်ကျတတ်တယ်လေ၊ ရစ်ကြတာ အစုံပဲ။ မင်းကျမှပဲ အင်္ကျီအသစ်ကျပ်ချွတ်ကို အအိုကြီးဆိုတော့ 'မ'က တင်းသွားတာပေါ့။ အဟင်း သွား



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ဒီအမျိုးအစား၊ ဒီအရောင်ထဲက ဆိုဒ်သေးတာ ယူပေးလိုက်"

ဖက်တီးမကြီး၏အသံက မယုံနိုင်လောက်အောင်ကို ပျော့ပြောင်းကာသွားသည်။ ဝတီထံမှ သက်ပြင်းချသံ သဲ့သဲ့ကိုကျွန်တော်အတိုင်း သားကြားနေရသည်။

ငွေရှင်းကာ အင်္ကျီကိုဝတီကပဲ ယူ၍ကိုင်ထားပေးသည်။ ပြီး ဖက်တီးမကို

"သွားမယ်နော် 'မ' " ဟု နှုတ်ဆက်သည်။

"အေး အေး ညီမလေး၊ 'မ'က အားနာလိုက်တာ၊ ညီမလေးရော မောင်လေးရော နောက်ဆိုလာအားပေးဦးနော်"

"အာ စိတ်ချ ဒီဆိုင်ကိုကောင်းကောင်းမှတ်မိသွားပြီ၊ အဟီး"

ဖက်တီးမကို ပြောင်ချော်ချော်ဆိုသောကျွန်တော့်ကို ဝတီက ဖတ်ခနဲ လှမ်းရိုက်သည်။ ဖက်တီးမကြီးကတော့ 'တဟင်းဟင်း' ဖြင့် အဖျားတက်နေသလို လုပ်ကာရယ်ရင်း ကျန်ခဲ့သည်။

ဆိုင်ပြင်ရောက်တော့ ဝတီက

"မောင်ကလည်း ဒါမောင်တို့မြို့မဟုတ်ဘူးဆိုတာ သတိထားဦးမှပေါ့"

အပြစ်တင်သော ဝတီ့ကိုကြည့်ရင်း ကျွန်တော်ပြုံးမိသည်။

"အခုတော့ အပြစ်တင်ပြီပေါ့၊ ဒီလေသံဝဲတာလေးကို ချစ်တာဆို"

"မသိဘူး"

သူမက ရှက်ဝဲဝဲဖြင့် 'ဘူး'ခံရင်း

'သံ့ဆီသွားမှာ မဟုတ်လား' ဟုမေးသည်။

"အား ဟုတ်သားပဲ၊ မေ့တော့မလို့၊ ကြည့်စမ်း၊ ဒီကကောင်ကလည်း သူ့ချစ်သူနဲ့သာသွားနေရလို့ကတော့ တစ်ကမ္ဘာလုံးကို မေ့နေတော့တာပဲ"

ပြောင်ချော်ချော်ဆိုသော ကျွန်တော့်စကားကို သူမကနှာ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဆိုတာ သူမမျက်နှာပေါ်က အပြုံးကို ကြည့်ရင်း သိနိုင်လေသည်။

FMI စင်တာသို့ ချီတက်သော ကျွန်တော့် ခြေလှမ်းတို့က ပေါ့ပါးကာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟာဝါ ရော့(ခ်)ကဖေး အဝင်မှာ ဝတီက သတိပေးသည်။

"မောင် သုံ့တို့ကို သိသိသာသာကြီး သွားမရှာနဲ့နော်၊ သူ့ဘာသာ သူ ထလာလိမ့်မယ်"

"အေးပါ"

နှစ်ယောက်လုံး မှင်သေသေဖြင့် ကော်ဖီယူနေတုန်းမှာ တွက်ဆထားသည့်အတိုင်းပင် 'သုံ့'ရောက်လာသည်။

ပြုံးရွှင်စွာဖြင့် လက်မထောင်ပြရင်း အိုကေသည် ဟုဆိုသည်။

"လာ . . . ငါ့နောက်လိုက်ခဲ့ကြ"

ခပ်တိုးတိုးဆိုရင်း သုံ့က ရှေ့မှ ဦးဆောင်ကာ သူမတို့ ဝိုင်းကို ခေါ်သည်။ ကျွန်တော်က ကော်ဖီ ဗန်းကိုယူရင်း သုံ့နှင့် ဝတီတို့ နောက်က လိုက်သည်။

ကျွန်တော့်လောက်နီးနီးဖြောင့်သော ငနဲတစ်ကောင် ထိုင်နေသည့် ဝိုင်းရောက်တော့ သုံ့က 'လာ ထိုင်' ဟုဆိုရင်း ထိုငနဲဘေးမှာ ဝင်ထိုင်သည်။

ကျွန်တော်နှင့် သုံ့ကို အထင်လွဲကာ ကောက်နေသည်ဆိုသော သကောင့်သားက အခုတော့လည်း သုံ့ကမည်သို့ ရှင်းပြကာ ချော့ထားသည် မသိ ပြုံးရွှင်လို့နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးရဦးမယ်၊ ဒါ သုံ့ရဲ့ 'ကို'လေ၊ ကိုဥက္ကာနိုင်တဲ့။ 'တို' ဒါ သုံ့ရဲ့ ငယ်သူငယ်ချင်း ဖြိုးနှောင်တဲ့၊ သူက 'ဝတီ'တဲ့ ဖြိုးရဲ့ ကောင်မလေး သိလား နင်တို့ အသက်ရှည်ဦးမယ် နင်တို့ အတင်းပြောနေကြတာ"

အက်တင်ကောင်းသော သုံ့စကားအဆုံးမှာ ဝတီကလည်း သုံ့တဲ့သို့သော အက်တင်ဖြင့် 'ဟုတ်လား'ဟု ဆိုသည်။ သကောင့်သားက မျက်နှာငယ်လေးနှင့် ပြုံးပြရှာသည်။

"ဝတီ့ကို စိတ်ဆိုးတယ်သိလား၊ ဟိုတစ်နေ့က ရွှေတိဂုံဘုရားသွားကြမယ်ဆိုတဲ့ ဥစ္စာလိုက်မလာဘူး၊ သုံ့မှာ ဟိုကောင် ဖြိုးနဲ့ နှစ်ယောက်တည်းသွားလိုက်ရတယ်"

"ဟုတ်တယ် ဝတီ အဲဒီနေ့က လုံးလုံးမအားလို့လေ၊ မောင့်ကိုတစ်ယောက်တည်း လွှတ်လိုက်ရတာ၊ သိလား သုံ့ မောင်က ဝတီမပါရင် မသွားတော့ဘူး ကြီးပဲလုပ်နေတာ ဝတီ ဇွတ်သွားခိုင်းလို့ မဟုတ်ရင် သုံ့တစ်ယောက်တည်းသွားရမှာ"

"ထင်သားပဲ ဖြိုးကလေ ငါ့ကိစ္စဆို ဂျီဂကြောင်နဲ့"

"နေပါဦး သုံ့ သုံ့က ဝတီတို့နှစ်ယောက်ကို ခေါ်မယ့်အစား ကိုယ့်လူကိုယ်ခေါ်သွားတာမဟုတ်ဘူး၊ အဲဒါက ပိုအဆင်မပြေဘူးလား"

"သူက မအားလို့ဟ၊ ပြီးတော့ နင်တို့နဲ့ကလည်း မဆုံမိတာကြာပြီဆိုတော့ ငါလည်း လှမ်းခေါ်လိုက်တာ"

ရေပက်မဝင် စတမ်း၊ ဒိုင်ယာလော့(ခ်) တစ်ချက်ကလေးပင် မကြောင်ပဲ ဇာတ်တိုက်ထားသလို ကွက်တိကြီးတစ်လှည့်စီ ဖြီးနေကြသော သူမတို့နှစ်ယောက်ကိုကြည့်ရင်း ကျွန်တော် လက်ဖျားခါသွားရသည်။ ဖြတ်ထိုးဉာဏ်ကောင်းကြလေစွ။ 'တကယ်တော့ မိန်းမမာယာပဲ မဟုတ်လား၊ ကြောက်စရာကြီးဗျ နော်'

ကျွန်တော်က ဝတီ့ကို တစ်လှည့် သုံ့ကို တစ်လှည့်ကြည့်ကာ အံ့သြပြီးရင်း အံ့သြနေခဲ့သလို သုံ့ဘေးက သကောင့်သားကလည်း ပါးစပ်ကြီးဟကာ ဟကာဖြင့် နားထောင်နေရှာသည်။ သနားရာပင် ကောင်းလေးတော့။



www.burmeseclassic.com

www.burmeseclassic.com



(မိန်းမမာယာကို ကျွန်တော်တို့ ယောကျ်ားတွေ လိုက်မမီတာများ ပြောပါတယ်)

"အခုကျတော့လည်း ကြို့ချိန်းထားသလိုပဲ လာဆုံနေတယ် အံ့သြစရာကြီး ဟနော်"

အမြင်ကပ်ကပ်ဖြင့် ထပြောလိုက်သော ကျွန်တော့်စကားကြောင့် ဝတီရော သုံ့ပါ မလုံမလဲတွေဖြစ်သွားကြသည်။ သို့သော် ဝတီက လျင်သည်။

"အေးလေ ချိန်းထားရင်တောင်လွဲချင်လွဲနေဦးမယ်၊ အဟင်းဟင်း"

သုံ့ကလည်း ခပ်တည်တည်ပင် 'ဟုတ်ပ' ဟုထောက်ခံသည်။ ရုပ်တည်ကြီးလုပ်နေကြသော သူတို့နှစ်ယောက်ကို လက်ညှိုးထိုးကာ တဟားဟားဖြင့် အော်ရယ်ပစ်ချင်စိတ်ကို ကျွန်တော် ဘရိတ်အုပ်ထားရသည်။

"နောက်ရက်တွေကျ ဖုန်းဆက်လေ၊ ဆုံရအောင်"

"ကောင်းသားပဲ"

"ဘယ်နေ့ အဆင်ပြေမလဲ"

"ရတယ် ဝတီတို့က အမြဲတမ်းလိုလို အချိန်ရပြီးသား"

သူမတို့နှစ်ယောက်က လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကျော်ကျော်လောက်ကတည်းက ခင်မင်ခဲ့သူများလို တစ်လှည့်စီ 'ဖော'နေတာကို ကြည့်ရင်း ကျွန်တော်အံ့သြမဆုံးနိုင်ဖြစ်နေရသည်။

"ကိုညဏ်နိုင် အားမယ့်ရက်ကို ဆုံကြတာပါ"

စကားအတော်နည်းရှာသော သကောင့်သားကို စကားစမြည်ပြောစေရန်အလို့ငှာ ကျွန်တော်ကပဲ လမ်းကြောင်းပေးရသည်။

"ရပါတယ် ကျွန်တော်က ဘယ်ရက်ဖြစ်ဖြစ် အဆင်ပြေပါတယ်"

"အိုကေ သုံ့၊ နင်တို့နှစ်ယောက် ညီထားပြီးတော့မှ ဖုန်းဆက်လိုက်ပေါ့၊ နင်တို့ကို ငါတို့လိုပဲ ပျော်တတ်တဲ့ ငါ့ဘော်ဒါနဲ့ မိတ်ဆက်ပေးဦးမယ်၊ ကျေးဇူးရှင်ဆိုလည်း မမှားဘူးပေါ့ဟာ ဝတီနဲ့ ငါ့ကိုအောင်သွယ်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပေါ့"

ကျွန်တော့်စကားကြောင့် ဝတီက ရှက်ပြုံးပြုံးသည်။ ပြီး

"နိုင်အောင်လို့ခေါ်တယ်၊ 'ဝတီ'နယ်မှာကတည်းက သူငယ်ချင်းပေါ့၊ အခုတော့ သူ့ကို ဝတီ့သူငယ်ချင်းတစ်ယောက်နဲ့ ဝတီပြန်အောင်သွယ်ပေးလိုက်တာလေ၊ အခု အိုကေသွားပြီ အဟီး"

ပြောပြီး ခွီးခနဲ ရယ်သော ဝတီ့နောက်ကို သုံးတို့နှစ်ယောက်က လိုက်ပြုံးကြသည်။ ကျွန်တော်ကတော့ သက်ပြင်းကို ခိုးချဖြစ်သည်။ ကျွန်တော့်အပေါ် ရှိနေသော ဝတီ၏ သံသယအားလုံး အဆုံးသတ်သွားပြီကိုး။

တစ်လက်စတည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် သုံးလည်း ငနဲနှင့် ပြန်ပြီး အိုကေသွားသည်။ မနေ့က ညစ်နေခဲ့သော စိတ်တို့ အခုတော့ နေသောထိုင်သာရှိလို့သွားသည်။

လောကကြီးက တစ်ခါတစ်ရံ ထိုသို့ သာယာတတ်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

အားလုံးမိတ်ဆက်ပေးပြီးသွားသောအခါ စကားစမြည် ပြောကြရင်း တဖြည်းဖြည်းနွေးထွေးလာသည်။

ထုံးစံအတိုင်း ကိုဉာဏ်နိုင်ကတော့ အေးအေးဆေးဆေး သူများပြောသမျှကို နားထောင်လိုက် တစ်ခွန်းတလေဝင် ပြောလိုက်ဖြင့် သာနေသည်ကို ကြည့်ရင်း ဟိုတစ်နေ့က ဝတီပြောသော စကားကို ပြန်ကြားယောင် မိသည်။

"ကိုဉာဏ်နိုင်ကြီးက အရမ်းအေးတာပဲနော်၊ မောင် သူငယ်ချင်းသုံးကျပြန်တော့လည်း သွက်လိုက်တာလွန်ရော"တဲ့။ ဟုတ်လည်း ဟုတ်သည် အခုလည်း သုံးက သူမရန်ကုန်ရောက်စတုန်းက သူမပြောသော 'ခနု'စကားကို နားမလည်ကြသဖြင့် ဟာသဖြစ်ရပုံတွေကို ရွှန်းရွှန်းဝေအောင်ပြောကာနေသည်။

"သုံ့တို့ဆီမှာက 'ဘာ'ဆိုရင် 'ဘဏာ'လို့ သုံးတယ်လေ၊ ဥပမာ ဘယ်နားသွားမလဲဆိုရင် ဘဏာနားသွားမလဲပေါ့၊ ဘာပြောတယ်ဆိုရင် 'ဘဏာဟောတယ်'ပေါ့ 'ပြော'ဆိုရင်လည်း 'ပြော'လို့ မသုံးဘူး 'ဟော'လို့ သုံးတာကိုး၊ ဒီမှာက 'ဟော'ဆိုတာကို တရားဟောတာတို့ ဘာတို့မှသုံးတာမဟုတ်လား၊ ခနုအသုံးအနှုန်း၊ 'တောင်ရိုး' အသုံးအနှုန်းတွေက ရှေးဆန်တယ်လို့ ပြောကြမှာပေါ့နော်၊ ဘာဖြစ်လို့လဲဆိုတော့ 'ဘဏာ'တို့ ဘာတို့ဆိုတာ ဒီခေတ်မှာ သုံးမှမသုံး



www.burmeseclassic.com

www.burmeseclassic.com



ကြတော့တာ။ ရှိသေးတယ် ‘စောင့်ပါဦး’ဆိုရင် ‘ငံ့ပါဦး’လို့ သုံးတယ်။ ‘ငံ့’ဆိုတာ တ ‘ဆိုင်းငံ့’တဲ့ သဘောမဟုတ်လား။ ဒါပေမယ့် ဒီခေတ်မှာကတော့ ‘ငံ့’ကို ‘မနု’လူငယ်ပိုင်းတွေက သိပ်တောင်မသုံးကြတော့ဘူး။ အဲဒီ ‘ငံ့’ဆိုတာမျိုးကျ တော့ စာဆန်နေပြန်ရော”

သုံ့စကား အရှည်ကြီးကို ခေါင်းညိတ်ကာ ညိတ်ကာဖြင့် ဝိုင်းနားထောင်နေကြသည်။

“ရှိသေးတယ်လေ သုံးရ မေးခွန်းတွေမှာ ‘လော’လို့ သုံးတဲ့ဟာလေ၊ ဥပမာ ‘ပြီးပြီမို့လား’ဆိုရင် ‘ပြီးပြီမို့လော’လို့ သုံးတယ်။ ‘ငါ့ကိုခေါ်တာနင်လား’ ဆိုရင် ‘ငါ့ကိုခေါ်တာနင်လော’ဆိုတာမျိုးပေါ့။ ဒီခေတ်ကြီးမှာ ‘လော’ ဆိုတဲ့အသုံးအနှုန်းကို အရပ်ထဲမှာ သိပ်မှမသုံးကြတော့တာ။ နောက်ပြီး ‘ရပ်တော့’ ဆိုရင် ဟိုမှာက ‘တန်တော့’လို့ပြောတယ်။ ‘ရပ် ရပ်’ဆိုရင် ‘တန်၊ တန်’ပဲ။ အဲဒါလည်း စာဆန်တဲ့ အသုံးအနှုန်းလို့ ပြောရမှာပေါ့”

မြန်မာစကားတော့ မြန်မာစကားပါပဲ မနုစကားက။ အိပ်လို့ကောင်းရဲ့လားဆိုရင် ‘အိပ်မွေ့’လားလို့ မေးတယ်။ ‘မွေ့’ဆိုတာက ‘မွေ့လျော်’ ဆိုတဲ့ သဘောပေါ့။

‘မြင်’ဆိုရင်လည်း ဟိုမှာက ‘မြော်’လို့ သုံးတယ်။ ‘မြင်ရဲ့လား’ ဆိုရင် ‘မြော်’ရဲ့လားပေါ့။ ဒီမှာက ‘ဖူးမြော်’တာတို့ ဘာတို့မှ အဲဒီ ‘မြော်’ကို သုံးတာမဟုတ်လား။ “ငါတစ်ခါ အဲဒီမြော်ကို ရန်ကုန်ရောက်စက သူငယ်ချင်းကောင်မလေးတစ်ယောက်ကို သွားပြောမိတာ ပါးအရိုက်ခံရတော့မလို့”

ကျွန်တော့်စကားတစ်ဝက်မှာ နိုင်အောင်က ‘မင်းကတော့ ဖြစ်ရမယ်’ ဟုဆိုရင်း ရယ်သည်။

“အဲဒီကောင်မလေးက သင်တန်းက သူငယ်ချင်းတစ်ယောက်ပါပဲ၊ နှစ်ည သုံးညလောက်ဆက်တိုက် အပြင်မှာဆုံတယ်၊ ဒါပေမယ့် သူက မမြင်ချင်ယောင်ဆောင်ဆောင်သွားတယ်။ နှုတ်မဆက်ဘူး။ နောက်ရယ် ငါလည်းသင်တန်းရောက်ရော မေးတာပေါ့ ‘နင် ငါ့ကို ညတိုင်းမြော်တယ် မဟုတ်လား’ပေါ့။ ငါကလည်း ငါ့မြို့ ငါ့ရွာလိုပဲ အောက်မေ့ပြီး မေးလိုက်တာ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကန်ပါလေရော 'နင်က ငါ့ကို ဘာအောက်မေ့နေလဲ၊ နင့်ကို မြော်ရအောင် နင်နဲ့ ငါနဲ့ ဘာဆိုင်လို့လဲ ဘာညာပေါ့"

"ငါကလည်း 'နင်မြော်ရဲ့သားနဲ့ မမြော်ချင်ယောင်ဆောင်နေတယ် ဘာညာလည်းပြောရော ဟိုက ပါးရိုက်မယ် နားရိုက်မယ်နဲ့ ဒေါသထွက်ပါလေရော။ အဲဒီတော့မှ ငါက တွေးမိတော့တာ ငါပြောတာက ယရစ် မြော် 'See'ကို ပြောတာ၊ သူထင်တာက ယပင့် 'မျှော်' 'hope' ကိုထင်တာကိုး။ တော်တော်လေး ရှင်းပြလိုက်ရတယ်"

ကျွန်တော့်စကားအဆုံးမှာ အားလုံးက အားရပါးရ ရယ်ကြသည်။

"ပါးတော့ အရိုက်မခံလိုက်ရဘူးပေါ့"

"အေးပေါ့ကွ"

နိုင်အောင့်အမေးကို ရယ်ရင်းဖြေဖြစ်သည်။

"အဲဒီကလေးမက ဝတီလောက် လက်မသွက်လို့ နေမှာပေါ့၊ သိလား ပြောပြဦးမယ် ဒီကောင် ဝတီ့ကို × × × × × × × × × × × × × × ×"

နိုင်အောင်က သုံးတို့နှစ်ယောက်ကို ဦးတည်ရင်း 'ရှနေလား'မေးမိ၍ ဝတီ ကျွန်တော့်ကို ပါးရိုက်ခဲ့သည်ကို ပြန်ပြောပြရင်း ရယ်သည်။

အတော်အေးသော ကိုညဏ်နိုင်ပင် မျက်ရည်များထွက်သည်အထိ ရယ်သည်။ နွေးနွေးကတော့ သိပြီးသားမို့ သိပ်မရယ်။ သုံးကတော့ ဗိုက်ကို နှိပ်ကာ နှိပ်ကာ ရယ်သည်။

ဝတီက ရှက်ရှက်ဖြင့် ပြုံးရင်း . . .

"ဝတီက ငယ်ငယ်လေးကတည်းက ရန်ဖြစ်ရင်ပဲဖြစ်ဖြစ်၊ ဒေါသထွက်ရင်ပဲဖြစ်ဖြစ် အရမ်းလက်သွက်တာ၊ အဲဒီတုန်းက မှတ်မှတ်ရရ ချစ်သူသက်တမ်းမှာ ပထမဆုံးချိန်းတာကို 'ရှနေလား'လို့လည်းအမေးခံရရော၊ ဘာမှကို မမြင်တော့ဘူး၊ ဒေါသထွက်ထွက် နဲ့ ဆော်ထည့်လိုက်တာ၊ သူတော့မသိဘူး ဝတီကတော့ လက်ကိုဆေးစပယ်ရှယ်လိမ်းလိုက်ရတယ်"

သုံးက ရယ်အူပေါက်နေဟန်ဖြင့် ရှေ့မှ စားပွဲကို ရိုက်ကာ ရိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရယ်သည်။ ကိုဉာဏ်နိုင်က မျက်ရည်သုတ်လိုက်၊ ဗိုက် နှိပ်လိုက်ဖြင့် ရယ်သည်။ နိုင်အောင်က

"ဝတီကလည်း ဒီကောင် ပါးအရိုက်ခံပြီး ပြန်လာရော၊ ငါက ပါးကြီး ရောင်နေတာတွေတော့ ကားအကြိတ်ခံလာရတာလား မေးလိုက်တာ နင့်ကောင် ငါ့ကိုဆဲလိုက်တာလွန်ရော"

အတိတ်ကို ပြန်တူးဆွကြရင်း ကျွန်တော့်ပါးက ကျဉ်လာသလိုလို ခံစားရသည်မို့ ပါးကိုပွတ်ဖြစ်သည်။

"တော်ပါတော့ကွာ ငါပါးကျိန်းလွန်းလို့ နေဦး ငါရန်ကုန် မလာခင်က လည်း ပါးအရိုက်ခံရဦးမလို့ပဲ၊ အရိုက်တော့ မခံလိုက်ရဘူး"

ကျွန်တော့်စကားကြောင့် နိုင်အောင်က

"လုပ်ပြီ မင်းကတော့ ဇာတာကိုက ပါနေလားမသိဘူး"

"ပြောပြပါဦးဗျ"

အတော်အေးသော ကိုဉာဏ်နိုင်က ပွဲတောင်းသည်။

အေးလေ

မည်မျှအေးသော သူဖြစ်ပါစေ 'ဟာသ'ကိုတော့ မနှစ်သက်ပဲနေမည် မဟုတ်။ ခုလည်း ကျွန်တော်ပြောပြမည့် ဟာသကို အားလုံးက နားစွင့်နေ ကြသည်။

"ဒီလိုဟ၊ ငါရန်ကုန်လာခါနီးလေးမှာ ငါတို့ရပ်ကွက်ကို မိသားစု တစ်စုပြောင်းလာတယ်။ အဲဒီမိသားစုမှာ ပင်စင်စား မိဘနှစ် ယောက်ရယ်။ ငါနဲ့ရွယ်တူငနဲတစ်ကောင်ရယ်။ တော်တော်လှတဲ့ အပျိုကြီးတစ်ယောက် ရယ် ပါတယ်"

"အဲဒီမှာ စတွေ့တာပဲ မင်း အဲဒီအပျိုကြီးကို 'ရှိနေလား'လို့ သွားမေး လိုက်လို့လား၊ ဒါမှမဟုတ် 'ညတိုင်းမြော်ရဲ့လား'လို့သွားမေး မိလို့လား"

"မဟုတ်ပါဘူးကွာ ဒီလိုကွ"

ကျွန်တော့်စကားကို အားလုံးက အာရုံစိုက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အညာက ပြောင်းလာသော အပျိုကြီးတို့ မိသားစု ကျွန်တော်တို့ ရပ်ကွက်ကို ပြောင်းလာချိန်ကစလို့ အနီးအနားတစ်ဝိုက်က လူတွေတော်တော် ဟန်ကျသွားသည်။

အခြားကြောင့်တော့မဟုတ် သူမတို့၏ ကုန်စုံဆိုင်လေးကြောင့်ဖြစ်သည်။ ကုန်စုံဆိုင်နည်းသော ကျွန်တော်တို့ရပ်ကွက်မှာ သူမတို့ ကုန်စုံဆိုင်လေးက သွားရလာရ လွယ်ကူသော နေရာမှာရှိပြီး ဈေးနှုန်းကလည်း ချိုသဖြင့် ဝေးဝေးလံလံ သွားစရာမလိုဘဲ တိုလီမုတ်စလောက်ကိုတော့ အပျိုကြီးတို့ဆိုင်မှာ ဝယ်ရအဆင်ပြေလေသည်။

အပျိုကြီး၏ မိဘနှစ်ပါးမှာ အတော့်ကို အေးကြ၏။ ဆိုင်တွင် ဈေးရောင်းခြင်းကို အပျိုကြီးနှင့် သူမ၏ မောင်က တာဝန်ယူသည်။ ကျွန်တော်တို့နှင့် ရွယ်တူဖြစ်သော အပျိုကြီး၏ မောင် 'ဖိုးအောင်'သာမက အပျိုကြီးနှင့်ပါ ဈေးဝယ်ရင်း ပြုရင်းဖြင့် တစ်ရပ်ကွက်လုံးနှင့် ရင်းနှီးလာသည်။

ပျော်တတ်သော ကျွန်တော်နှင့်မူကား ဆိုရန်ပင်မရှိ။ အတော်လေးခင်သည်။ တစ်ရက် ကျွန်တော်ဈေးဝယ်သွားတော့ဆိုင်မှာ အပျိုကြီးတစ်ယောက်တည်းရှိသည်။ အပျိုကြီးဆိုသော်လည်း သိပ်အသက်မကြီးသေး၊ သုံးဆယ်ဝန်းကျင် လှတုန်း ပတုန်းဖြစ်သည်။ အနီးအနား တစ်ဝိုက်က ကိုယ်ကာလသားများရော၊ အစ်ကိုကြီးလူပျိုသိုးများရော၊ မြီးကောင်ပေါက်များပါ ဈေးဝယ်


www.burmeseclassic.com

www.burmeseclassic.com



ရင်း အရှုံးခံရသော အပျိုကြီးဖြစ်သည်။

စျေးဝယ်လာသော ကျွန်တော် ဆိုင်ကိုရောက်တော့မှ ပိုက်ဆံအိတ် မေ့ခဲ့တာကို သတိရသည်။ ကိစ္စမရှိ မမလှလှနှင့်က ရင်းနှီးနေပြီးသားဖြစ်သည်။ အကြွေးယူရမည်။ ရှက်ပင် ရှက်ညားသော်လည်း အိမ်ကို ငွေပြန်ယူရမှာ ပျင်းသည်ကိုး။

"အစ်မ ဖိုးအောင် မတွေ့ပါလား"

ဘာရယ်မဟုတ် နှုတ်ဆက်ရင်း ဝင်လာသော မြီးကောင်ပေါက် ကျွန်တော့်ကို ငွေရေနေသော အပျိုကြီးက ဆတ်ခနဲမော့ကြည့်သည်။ ပြီး

ဟက်ဟက်ပက်ပက်ပြန်နှုတ်ဆက်သော အပျိုကြီးကို ကြည့်ရင်း ကျွန်တော် ခေါင်းကုတ်ဖြစ်သည်။ အကြွေးယူရမှာက ရှက်စရာကြီးကိုး။ မတတ်နိုင်။ အိမ်ကိုငွေပြန်ယူမည့်အစား အားနာမနေတော့။

"အစ်မ"

"အေး ပြော"

"ဟို . . . "

ပြောရမှာ ရှက်ကိုးရှက်ကန်းဖြစ်နေသော ကျွန်တော့်ကို အပျိုကြီးက 'ဘာဟိုလဲ'ဟု မေးရှာသည်။ ကျွန်တော် အားကိုတင်းပြီး

"ဟို . . . ကျွန်တော်လေ . . ငမ်း . . . ငမ်းချင်လို့"

"ဘာ!"

အပျိုကြီးက တီကို ဆားနှင့်တို့လိုက်သည့်နှယ် တွန့်ခနဲဖြစ်၍သွားသည်။ မျက်နှာကြီးနီရင်း 'ဘာ'ဟုခပ်ဆောင့်ဆောင့်ဆိုသည်။ သူမကား 'ခပ်ဆောင့်ဆောင့် 'ဘာ'သော်လည်း ပေါက်သည့်နဖူးမထူးတော့မို့ ကျွန်တော်က ပြောလက်စနှင့်ပင် ဆက်ပြောရန်ပြင်သည်။

ရှက်ရှက်ဖြင့် ထူပူနေသော ကျွန်တော်က အပျိုကြီးသည် ကျွန်တော်တို့ ဇာတိမဟုတ်မှန်းသတိမရ။ တကယ်တော့ ကျွန်တော်ပြောသော 'ငမ်း'က မနေ့လို အကြွေးယူသည် ဟု အဓိပ္ပာယ်ရသည်။ ဟိုလို လူပျိုအပျို 'ငမ်း'တာကို ဆိုလိုခြင်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငမ်းမလို့"

"ငမ်းစရာလား"

အပျိုကြီးကလည်း ဟိုလိုငမ်းသည်အထင်နှင့် ဒေါကန်ကန်ဖြင့် 'ငမ်းစရာလား'ဟုဆိုသည်။ ကျွန်တော်ကလည်း လူကိုမယုံ၍ အကြွေးမပေးဟု ထင်ပြီး နည်းနည်းတော့ တင်းသွားသည်။

"ဘာလဲ အစ်မက ကျွန်တော့်ကို မယုံလို့လား၊ အစ်မကလည်း တစ်ခါတလေပဲ ငမ်းတဲ့ဟာကို မသိတဲ့ လူလည်းမဟုတ်ဘဲနဲ့"

"နေပါဦး၊ ဘာဖြစ်လို့ အဲဒီလောက်တောင် ငမ်းချင်နေရတာလဲ"

"ပိုက်ဆံမပါလို့"

ကျွန်တော့် အဖြေကြောင့် အပျိုကြီး ဆွေ့ဆွေ့ခုန်သွားသည်။

"ဘာ နင်က ပစ္စည်းလိုချင်လို့ ငမ်းမှာပေါ့ ဟုတ်လား"

"ဒါပေါ့ ဒီတစ်ခါတည်းပါ အစ်မရ၊ ငမ်းမှာပေါ့ ဟုတ်လား အဟီး အားတော့နာတယ်၊ ဒီတစ်ခါတော့ ငမ်းမယ် . . . နော် . . နော်လို့"

"ကဲဟာ . . . ငမ်းချင်ဦး"

ဒေါသထွက်ထွက်နှင့် အပျိုကြီးက လှမ်းအရိုက် ယောင်ပြီး ရှောင်လိုက်ရာ သီသီလေးလွတ်သွားသည်။

"ဟာ . . . ခင်ဗျားကြီး ဘာဖြစ်လို့ ရိုက်တာလဲဗျ"

"ဟဲ့ . . . နင်က ငါ့ကိုစော်ကားတာကိုး"

"အာ . . . ဘယ်မှာစော်ကားလို့လဲ ဒီတစ်ခါလေးငမ်းမယ့်ဟာကို"

"ငမ်းစရာလား"

"အို တစ်ခါတလေပဲ ဥစ္စာဗျာ၊ အမြဲတမ်း ဘယ်သူက ငမ်းမှာလဲ"

"ဘာ နင် 'နင်"

ထိုအချိန်မှာ ဈေးဝယ်ဖို့က ရောက်လာပြီး အော်ကြီးဟစ်ကျယ်ဖြစ်နေသော ကျွန်တော်တို့ကို ဆွဲရင်း အကျိုးအကြောင်းမေးသည်။ အပျိုကြီးက ဒေါသထွက်ထွက်ဖြင့် ရှင်းပြသည်။ ထိုအခါမှ ကျွန်တော်လည်း မြန်မာလို 'အကြွေးယူဦးမယ်' ဟုမပြောမိဘဲ 'ခနဲ့'လို့ 'ငမ်းဦးမယ်'ပြောမိသွားတာကို သွေး



www.burmeseclassic.com

www.burmeseclassic.com



မိတော့သည်။ ဈေးဝယ်များကလည်း အပျိုကြီး၏ စကားအဆုံးမှာ ပြုံးစိစိဖြင့် . .

"ငါ့တူမက ဒီအရပ်က ဇာတိမဟုတ်တော့ မသိဘူးပေါ့၊ မောင်ဖြိုးနောင် ပြောတဲ့ 'ငမ်း'ဆိုတာက အပျိုလူပျိုငမ်းတာကို ပြောတာမဟုတ်ဘူးကွဲ့ အကြွေးယူတာကို ပြောတာ ဓနုလို ငမ်းတယ်ဆိုတာ အကြွေးယူတာကို ပြောတာကွဲ့"

"ရှင်"

ဤသို့ဖြင့် အပျိုကြီးက သဘောပေါက်နားလည်သွားသည်။ ကျွန်တော်လည်း ရှက်ရှက်ဖြင့် ပြန်လာခဲ့သည်။ ဘာပစ္စည်းမှ မငမ်း (အဲလေ) အကြွေးမယူဖြစ်တော့။ အဲ နောက်လည်း မသွားဖြစ်တော့။ တစ်ခါ တစ်ခါ ဆိုင်ရှေ့က ဖြတ်သွားမိလျှင်တော့ အပျိုကြီးက မျက်လုံးရွဲကြီးများနှင့် လိုက်လိုက်ကြည့်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ပေါက် အပျိုကြီးက လှတယ်လည်းပြောသေး၊ မင်းက ဇာတ်လမ်း ဆက်လိုက်ရမှာ"

ကျွန်တော့်စကားအဆုံးမှာ နိုင်အောင်က တက်ခေါက်ရင်းဆိုသည်။

"ဘာ ဇာတ်လမ်းဆက်စရာလိုလဲ၊ အသက်ချင်း ဒီလောက်ကွာတဲ့ ဟာ"

နိုင်အောင်ကို ဖြန်းခနဲ ရိုက်ရင်းဆိုသော ဝတီ့စကားကြောင့် အားလုံးဝိုင်းရယ်ဖြစ်သည်။

'အချစ်မှာ မျက်စိမရှိ'လို့ ဆိုတယ်မဟုတ်လား၊ "အချစ်မှာ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်ဘူးလေဟာ"

"ဆိုင်တယ်ပေ့ ဆိုင်တယ်၊ ငါကတော့ဆိုင်တယ်"

နိုင်အောင်နှင့် တစ်လှည့်စီ ငြင်းနေသော ဝတီ့ကို ကြည့်ရင်း ရယ်ကြပြန်သည်။

"မင်းညဲ့တာပဲကွ၊ အပျိုကြီးသာဆို ကြီးရင်းမှီ ငယ်ရင်ချီဆိုတဲ့အတိုင်း မှီနေရုံပဲ၊ နောက်ပြီး ဝတီ့လို ခြေမြန်လက်မြန်လည်း စိတ်ဆတ်မှာမဟုတ်ဘူး"

"အာဆတ်တယ်ကွ၊ အဲဒီတုန်းက ငါရှောင်လိုက်မိလို့၊ မဟုတ်ရင် သူလည်း ဝတီ့လက်ဆထက်တော့ မလျော့ဘူး"

ကျွန်တော့်စကားအဆုံးမှာ ဝတီက နိုင်အောင့်ကို နောက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း'ခနဲ ရိုက်ကာ . . .

"ဒီမှာ ငါနဲ့ရေစက်ပါလို့ ချစ်သူတွေဖြစ်ရတာ၊ အပျိုကြီးနဲ့ ရေစက်ပါရင် အပျိုကြီးနဲ့ ချစ်သူဖြစ်မှာပေါ့တဲ့"

ဝတီ၏ စကားကို နိုင်အောင်က မျက်နှာမဲ့ရင်း နားထောင်သည်။

"ငါသာဆို အပျိုကြီးကိုပဲ ကြိုက်မှာ၊ ကိုယ့်ထက်အသက်ကြီးတော့ ဆိုးလို့လည်းရ နွဲ့လို့လည်းရ၊ ဘယ်လောက်တောင် အိုကေလဲ"

"အဲဒါဆို အပျိုကြီးကို ရှာပါလား၊ အပျိုကြီးကို ရှာပါလား"

တစ်ချိန်လုံး ပြုံးပြီးနားထောင်နေသော နွေးနွေးက မခံချင်ဟန်ဖြင့် ဆိုရင်း နိုင်အောင့်ကို ဆွဲဆိတ်သည်။ နိုင်အောင်က ဆွဲအဆိတ်ခံရ၍ ရှုံ့မဲ့နေသည့်ကြားက 'အပျိုကြီးကို မတွေ့လို့ပေါ့ဟာ'ဟု ဆိုဖြစ်အောင်ဆိုသည်။

ဝတီ ပက်ခနဲ ပြောလိုက်သော စကားကတော့ နိုင်အောင့် အရှိုက်ကိုထိမည်ထင်သည်။

"ဟဲ့ ဒီတစ်ယောက်တောင် ငါအောင်သွယ်ကောင်းလို့ ရတာနော်၊ နင့်လိုသာဆို ဒီအချိန်ထိ ရည်းစားဆိုတာ ဘယ်မှာမှန်းသိမှာမဟုတ်ဘူး"ဟူ၏။

ထိုနေ့က အားလုံးလမ်းခွဲချိန်ထိ ပြင်းကြခုန်ကြ၊ ရယ်မောကြဖြင့် ဘေးပတ်ဝန်းကျင်ကို အားလုံးသတိမထားမိကြ။

ကျွန်တော်တို့ အုပ်စုကို ကြည့်နေသော လူကြီးတစ်ယောက်ကို ထိုနေ့က ကျွန်တော်တို့ သတိမူခဲ့မိလျှင်ကောင်းမည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ်းနားသစ်ပင် အတူစွဲလို့ များမွဲ့ဝင် သူလည်းဖွတ်ချင် ငါဖွတ်ချင် ဖွတ်ချင်သူများ သစ်ပင်အောက်မှာ (တိုးမအား)၂

မယ်တစ်ယောက်ကို သူလည်းရချင် ငါရချင် ရချင်သူများ တံလား (ခါး) ဝမှာ (တိုးမအား)၂

(တာတက်ပွဲများတွင် သီဆိုသော 'ခနဲ့'ရိုးရာ သံချပ်များမှ)

www.burmeseclassic.com

www.burmeseclassic.com

"မေမေ တို့လည်း ငယ်ရာကကြီးလာတာပဲ၊ ရည်းစားထားတာကြီးကို အပြစ်လို့ မသတ်မှတ်ပါဘူး။ ဒါပေမယ့် သမီးရဲ့ ကောင်လေးက ဘယ်လို အနေအထားရှိတယ်ဆိုတာလောက်တော့ မေမေတို့ သိချင်တယ်"

မေမေက စကားကို ခေတ္တဖြတ်ကာ နားသည်။ ခေါင်းကို ငုံ့ထားရင်းက ရင်တို့က ဗလောင်ဆူနေသည်။ အရမ်းကြီး ခါးခါးသီးသီးမဟုတ်သော်လည်း သိပ်သဘောမကျဘူးဆိုတာ တင်းထားသော ဖေဖေ့မျက်နှာအရိပ်အကဲကို ကြည့်ရင်း သူမသိသည်။

"သေချာပေါက်ကြီး စကားပြောထားတာမဟုတ်ပေမယ့်၊ သမီးကို သဘောကျနေတဲ့ ကိုမြင့်အောင်ရဲ့ သားရော၊ ကိုဟိန်းရဲ့ သားပါ မေမေ့အနေနဲ့ သဘောကျတယ် ပညာရော ဥစ္စာပါ ဘာဆိုဘာမှ ရှုပြာစရာမရှိဘူး၊ သမီးနဲ့လည်း သူငယ်ချင်းတွေပဲ သမီးလည်း သိပါတယ်"

ခေတ်ရှင်ထဲက အတိုင်းပါပဲလား စာရေးဆြာရယ် (အဲလေ) မေမေရယ်ဟု သူမ စိတ်ညစ်ညူးစွာ တွေးမိသည်။

"သူက ရန်ကုန်က မဟုတ်ဘူးမေမေ၊ နယ်ကပါ E-မေဂျာနဲ့ ဘွဲ့ယူဖို့စောင့်နေတာ ဥစ္စာအနေနဲ့က အရမ်းအချမ်းသာကြီးမဟုတ်ပေမယ့် မေမေပြောတဲ့ ဟိုနှစ်ယောက်ထက်တော့ အများကြီးသာပါတယ်"

သူမ၏ အပြောကြောင့် မေမေနှင့် ဖေဖေက တစ်ယောက် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်သည်။ ပြီး ဖေဖေက သူမကို ကြည့်ကာ..

"သူ့နာမည်က ဘယ်သူ"

"ဖြိုးနောင်ပါ ဖေဖေ"

"ဟုတ်ပြီ မောင်ဖြိုးနောင်နဲ့ တွေ့ပြီး ဖေဖေတို့ စကားစမြည်ပြော ကြည့်ကြတာပေါ့၊ ဖြစ်မလား သမီး"

သူမခေါင်းကို ရဲဝံ့စွာ ညိတ်ပြဖြစ်သည်။ သို့သော် ရင်မှာတော့ တထိတ်ထိတ်။ ခေါင်းမညိတ်လို့ 'မဖြစ်နိုင်ဘူး'ငြင်းရမှာလည်းမဟုတ်။

"မဖြစ်စရာ ဘာအကြောင်းရှိလဲ" ဟု သူမတွေးဖြစ်သည်။

မောင့်ကို သူမ ယုံသည်။ မေမေက

"သမီးစကားကို ယုံပြီး၊ သဘောတူလို့ ခေါ်တွေ့တာမဟုတ်ဘူးနော် သမီး၊ အခုကတည်းက တစ်ခါတည်းပြောထားမယ်၊ သိပ်အချိုးမပြေဘူးထင် ရင် ဆောရီးပဲ"

ခပ်ပြတ်ပြတ် မေမေ့စကားကို ခေါင်းညိတ်လျက် ဖေဖေက ထောက် ခံသည်။

"သမီးအတွက်ပါ၊ သမီးကို ဦးစားပေးပြီးတော့ စဉ်းစားပေးမှာပါ။ ဒါပေမယ့် ခေါ်တွေ့လို့ သမီးမေမေပြောသလို သဘောမတွေ့ဘူးဆိုရင်တော့ သမီးဘက်က ထပ်စဉ်းစားရလိမ့်မယ်"

"သမီးကတော့ တွေးလိမ့်မယ်။ လူတစ်ယောက်ကို ခဏလေးခေါ် တွေ့ရုံနဲ့ အဆုံးစွန်ထိ ဆုံးဖြတ်လို့ရပါ့မလားလို့။ ဖေဖေတို့ကလည်း တစ်ထိုင် တည်းနဲ့ မဆုံးဖြတ်ပါဘူး။ စုံစမ်းစရာရှိတာတော့ စုံစမ်းဦးမှာပါ"

"သမီးက တစ်ဘဝလုံးအတွက် လက်တွဲထားဖို့ ဆုံးဖြတ်ထားတဲ့ လူ တစ်ယောက်ကို ဖေဖေတို့ဘက်က လွယ်လွယ်နဲ့ လက်ခံမှာမဟုတ်သလို၊ လွယ် လွယ်နဲ့လည်း ခေါင်းမခါပါဘူး ဟုတ်ပြီလား"

ဖေဖေ့ကို သူမခေါင်းညိတ်ပြဖြစ်သည်။

"ဖေဖေတို့ ဘယ်နေ့တွေ့ချင်လဲ၊ သမီးဘယ်နေ့ခေါ်လာပေးရင် အဆင်ပြေမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အမေးကြောင့် ဖေဖေနှင့် မေမေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်သည်။

"အင်း တနင်္လာနေ့ တွေ့ကြတာပေါ့"

"ဟုတ်ကဲ့"

ခေါင်းညိတ်ပြရင်း သက်ပြင်းကို မရဲတရဲချဖြစ်သည်။

'တနင်္လာနေ့'တဲ့။ ဒီနေ့က သောကြာ သိပ်မလိုတော့။ သူမရင်ထဲမှာ တတုန်ကရင်ကြီး ဖြစ်လို့နေသည်။

www.burmeseclassic.com

www.burmeseclassic.com

“ဟော တော် . . . သုံ့နဲ့ တိုက်ဆိုင်လိုက်တာ”

ဝတီ့စကားအဆုံးမှာ သုံက အံ့အားတသင့်ဖြစ်ဆိုသည်။

“သုံ့မေမေကလည်း ‘ကို’နဲ့ တွေ့ချင်တယ်တဲ့။ ဒါပေမယ့် ဝတီ့လောက်တော့ အလျှင်စလိုမဟုတ်ဘူး။ သုံက စဖွင့်ပြောပြလိုက်တာဆိုတော့ မေမေက သုံ့ကို ယုံတယ်လေ အဟီး”

“ဘာပြောပြလိုက်လို့လဲ”

ကျွန်တော့်အမေးကို သုံက ချက်ချင်းမဖြေ။ ရှက်တက်တက်ဖြင့် ‘ဟီး’ ခနဲရယ်လိုက်သေးသည်။ ပြီးမှ ကိုညဏ်နိုင်ကို မေးဆတ်ပြရင်း . . .

“သုံ့မှာ ရည်းစားရှိနေပြီဆိုတာရယ်၊ သုံ့ရည်းစားက အရမ်းကဲတာပဲဆိုတာရယ် မေမေ့ကို ပြောပြလိုက်တယ်”

သုံ့စကားအဆုံးမှာ ကျွန်တော်မှ လွဲ၍ အားလုံးပါးစပ်တွေ ဟတုန်သည်။ တကယ်တော့ သုံပြောသော ‘ကဲ’ဆိုသည့် စကားလုံးက ‘ခနဲ’တွေအနေနှင့် အသုံးပြုပုံနှင့် ရန်ကုန်ဘက်အသုံးပြုပုံမတူ။ ကျွန်တော်တို့ဆီမှာက သူတကာထက် တော်တဲ့လူ ကြိုးစားတဲ့လူကို ချီးမွမ်းရင် ‘အရမ်းကဲတာပဲ’ ဟု သုံးသည်။ ဥပမာ ‘ဒီကလေးမက အရမ်းကဲတာ’ ဟုဆိုပါက ချီးမွမ်းခြင်းဖြစ်သည်။ ဒီဘက်မှာ ပြောတဲ့ ဟိုလို ‘ကဲ’ကို မဆိုလို။

သုံကတော့ ဘာရယ်ညာရယ်မဟုတ်။ အရိုးခံအတိုင်းပြောခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ သို့သော် ကျွန်တော်မှအပ ကျန်လူအားလုံးကတော့ မျက်လုံးကြီးတွေပြူးကုန်ကြသည်။ ပြူးဆိုသူတို့သိထားသော 'ကဲ'ကတစ်မျိုးဖြစ်သည်ကိုး။ အဆိုးဆုံးက ကိုညာဏ်နိုင် 'ဟိုက်'ဟုဆိုရင်း သူနဖူးသူရိုက်သည်။ အထင်နှင့် နှုတ်ခမ်းကိုစူသည်။ ကျွန်တော်ကလည်း ထိုအချိန်မှာ ကိုယ့်အပူနှင့်ကိုယ်မို့ 'တနင်္လာနေ့' ဝတီတို့ အိမ်သွားရန် ကိစ္စကိုသာ တွေးနေခဲ့သည်။

"ဘာ 'ဟိုက်'လဲ၊ ဘာလဲ မေမေနဲ့တွေ့ရမှာ ကြောက်နေတာလား၊ မပူပါနဲ့ 'ကို' အရမ်းကဲတဲ့ အကြောင်းပြောပြထားပြီးသားပါဆို"

"သုံးကလည်းကွာ"

ကိုလူအေးကြီးကိုညာဏ်နိုင်က ရှက်မျက်နှာနီရဲရဲဖြင့် 'သုံးကလည်းကွာ'ဟု ခပ်တိုးတိုးရေရွတ်သည်။ ကျန်လူများကတော့ ပါးစပ်ဟောင်းလောင်း။

ထိုအချိန်ထိ မရွှေသုံးက မတွေးမိသေး၊ ကျွန်တော်ကလည်း ကိုယ့်အပူနှင့် ကိုယ်။ ကိုညာဏ်နိုင်က မျက်နှာငယ်လေးဖြင့် . . .

"ဘာဖြစ်ရမှာလဲ သုံးရဲ့ သုံးပဲ . . . ဟို . . . ပြော . . ပြောလိုက်ပြီးတော့"

"ရော် . . . 'ကို'ကလည်း၊ 'ကို' ကဲတာတွေ ပြောပြမှ မေမေတို့ကလည်း သဘောတူမှာပေါ့၊ 'ကို' ကအရမ်းကဲလေ မေမေတို့က သဘောတူလေပဲ"

"ပြော . . . ပြော . . . ပြစရာလား သုံးရာ"

"ကို ဘာဖြစ်နေတာလဲ၊ ပြောပြစရာမို့ပြောပြတာပေါ့၊ ပြောပြတာကမှ လုံးစေ့ ပတ်စေ့ ခရေစေ့တွင်းကျကို ပြောပြတာ၊ ဘာမှကို မကျန်ဘူး"

"သေပြီဆရာ"

ကိုညာဏ်နိုင်က မျက်နှာကြီးနီပြီး ရှက်ရှက်ဖြင့် 'သေပြီဆရာ'ဟု ရေရွတ်သည်။ ကျန်လူများက ပြုံးစိစိ။ မရွှေသုံးကတော့ 'ဟောတော် 'ကို'တစ်ယောက်ဘာတွေ အူကြောင်ကြောင်ဖြစ်နေလဲမသိဘူး"ဟု ခပ်တည်တည်ဆိုရင်း ကျန်လူများကိုကြည့်သည်။ ပြုံးစိစိဖြစ်နေကြသော ဝတီတို့အားလုံးကို ပြန်ပင်ပြုံးပြလိုက်သေးသည်၊ ပြီးမှ ဆတ်ခနဲမျက်နှာကြီးတည်သွားရင်း ဗလုံဗထွေးဖြင့် 'မဟုတ်ဘူး၊ မဟုတ်ဘူး'ဟု ရေရွတ်သည်။ အလန့်တကြား သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်သံကြောင့် အရှက်မပြေသေးသော ကိုညဏ်နိုင်က 'ဘာမဟုတ်တာလဲ' ဟု ခပ်တိုးတိုးမေးသည်။ သုံ့က မျက်နှာကြီးနီရဲလျက်နှင့်ပင်

"ဟဲ့ ငဖြိုး နင်ကလည်း ဘာမှမပြောဘူး"ဟု ဆိုရင်း ကျွန်တော့်ကို ရိုက်သည်။

"ဟ ငါက ဘာပြောရမှာတုံး"

အတွေးလွန်နေသော ကျွန်တော်က ခပ်ဆတ်ဆတ်ပြန်မေးဖြစ်သည်။

"ဟောတော် သူကလည်း စိတ်နဲ့ လူနဲ့ကင်းကွာနေတာကိုး၊ ဒီလိုဟေ့ စောစောက ငါပြောချင်တာက × × × × × ×"

နောက်ဆုံးတော့ သုံ့ခမျာ ရှက်မျက်နှာခပ်နီနီဖြင့် 'ကဲ'အကြောင်းကို ရှင်းပြသည်။

"သုံ့ပြောကဲ့ 'ကဲ'ဆိုတာ 'ခနဲ့'လို 'ကဲ'ကိုပြောတာ။ 'ခနဲ့'လိုဆိုလိုရင်းက သူတကာထက်တော်တာ၊ ကြိုးစားတာ၊ သာတာကို 'ကဲတယ်'လို့ပြောတာ မြန်မာစကားမှာလည်း သူ့ထက်ကဲ ဆိုတာ ရှိတယ်လေ။ ဘာတွေလျှောက်တွေးမှန်းလဲမသိဘူး"

သုံ့ရှင်းပြလို့ အပြီးမှာ အားလုံးက 'ဩော် ဒီလိုကိုး'ဟုဆိုရင်း ရယ်ကြသည်။ နိုင်အောင်က ကိုညဏ်နိုင်ကို တစ်ရှူးတစ်ရွက်လှမ်းပေးရင်း . . .

"ကိုညဏ်နိုင် သုတ်လိုက်ပါဦးဗျ၊ နဖူးမှာလည်း ချွေးစေးတွေ ပျံ"လို့ ဟုဆိုသည်။

ရှက်တက်တက်ဖြစ်နေသော ကိုညဏ်နိုင်ကလည်း အူကြောင်ကြောင်ဖြင့် 'ဟုတ်လား'ဟုဆိုရင်း တစ်ရှူးကို ယူကာသုတ်သည်မို့ အားလုံးက သူ့ကို ကြည့်ရင်း တဟားဟား ရယ်ကြသည်။ သုံ့ကတော့ ရှက်ရှက်ဖြင့် အောက်နှုတ်ခမ်းကို ကိုက်ရင်းရယ်သည်။

"မသိပါဘူးဗျာ သူ့အမေကို သူက ကျွန်တော်ကဲတဲ့အကြောင်းကို လုံးစေ့ ပတ်စေ့၊ ခရေစေ့တွင်းကျ အကုန်ပြောပြတယ်လို့ ဆိုတာကိုး။ အဲဒီ ကျွန်တော် ချွေးစေးပျံတာက အခြားကြောင့်မဟုတ်ပါဘူး သူပြောပြတာ မပြည့်စုံမှာစိုးလို့ပါဗျ"



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ချော်ချော်ဖြင့်ဆိုသော ကိုဉာဏ်နိုင်၏ စကားအဆုံးမှာ သုံးကရင်းကို ဖျတ်ခနဲ လှမ်းရိုက်ရင်း အားလုံးနှင့် ရောကာ ရယ်သည်။

ကျွန်တော်တို့အဖွဲ့နှင့် ပေါင်းမိတော့ လူအေးကြီးကိုဉာဏ်နိုင်ပင် လျှင်ပြောင်ချော်ချော်ဖြစ်ကာလာသည်။

နွေးနွေးနှင့် ဝတီကတော့ တစ်ယောက်ပခုံးတစ်ယောက်ကိုင်ကာ ရယ်လို့ကောင်းနေကြတုန်း။

အားလုံးနှင့်ရောကာ ရယ်နေရသော်လည်း ကျွန်တော့်စိတ်မှာ ခပ်လေးလေး။ 'တနင်္လာနေ့'ဆိုသော အတွေးက ဝင်ဝင်လာသည်ကိုး။

မတတ်နိုင်။ 'လာမည့်ဘေး ပြေးတွေ့'ဆိုတာမျိုး။ ရဲရဲပင်ရင်ဆိုင်လိုက်မည်။ ဝတီက 'ဘာမှမကြောက်နဲ့ သိလား ဖေဖေရော၊ မေမေရော သဘောကောင်းတယ်'ဟု အားပေးထားသော်လည်း ရှိန်တော့ရှိန်သည်။ တွေးကြည့်ရုံနှင့် ဒူးများပင်တုန်၊ ရင်များပင်ခုန်လို့။ (သူများသားသမီးကို ရည်းစားထားရ မလွယ်ပုံများ ပြောပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com

**၁၈** နယ်လ်ာနေ့ ဝတီတို့ အိမ်ကို သွားကာ သူမ၏ မိဘများနှင့်တွေ့ရန် ကျွန်တော် ပြင်ဆင်မှုတွေ တစ်လှေကြီးလုပ်ရသည်။

မကြာသေးမီကမှ ညှပ်ထားသော ဆံပင်ကို ထပ်မံ၍ ညှပ်ကာ သေသပ်သည်ထက်ပို သပ်ရပ်စေသည်။

ပြီး မဝတ်ပဲ ချွတ်ထားသော စိန်လက်စွပ်ကို လက်သူကြွယ်မှာ ပြန်ဝတ်ဖြစ်သည်။ ဘာရယ်ညာရယ်မဟုတ်။ ဟန် ကိုယ့်ဖို့ ဆိုသော စကားကလည်း ရှိသေးသည်ကိုး။

ရေဆေးထားပြီးသားကားကို ဟိုပွတ်ဒီတိုက်လုပ်နေသောအခါ နိုင်အောင်က 'ဟက်'ခနဲရယ်သည်။

"မင်းကိုကြည့်ရတာ ဝတီနဲ့ ပထမဆုံးချိန်းတဲ့ရက်တုန်းက အတိုင်းပဲ အရမ်းကို တက်ကြွနေတယ်"

"အာ မင်းကလည်း မဦးမချွတ်နဲ့ အဲဒီပါးအရိုက်ခံခဲ့ရတဲ့အတိတ်ကို ပြန်ပြန်မဆွစမ်းပါနဲ့ကွာ . . . ပါးကျိန်းလွန်းလို့"

"အေး . . . အဲဒါက အသာထား၊ မင်းကို အခုကတည်းက ကြိုသတိပေးလိုက်ဦးမယ်၊ ကမောက်ကမဖြစ်မယ့်ကိစ္စတွေကို ရှောင်နေ၊ စကားတစ်ခွန်းပြောတော့မယ်ဆိုရင် အရင်ဆုံးတွေးဦး။ တော်ကြာ 'ရှနေဘား' တုန်းကလို ပါးကိုကားအကြိတ်ခံရပြီး ပြန်လာနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေဗျား၊ ခွေးကောင် မင်းကတော့ လုပ်တော့မယ် ငါသတိထားမှာပါကွ"

'ကြောက်ပါတယ်ဆို ကြောင်နဲ့တို့'ဆိုသလိုမျိုး။ နဂိုကမှ ဝတီတို့အိမ်သွားရန်ကို ခပ်လန့်လန့်ပါဆိုမှ သကောင့်သားက နောက်နေပြန်သည်။ တကယ်တမ်းကျတော့လည်း သူပြောတာမှားတော့လည်း မမှား။

ထိုအခိုက် အိတ်ကပ်ထဲမှ ဖုန်းက ထမြည်သည်။ ဖုန်းက ဝတီ့ဆီက ဖုန်း။ ဘာပြောစရာရှိသည်မသိ။

"ပြော ဝတီ"

"မောင် ဟိုတစ်ရက်က ဝတီဝယ်ထားပေးတဲ့ ရှပ်အင်္ကျီလက်ရှည်နဲ့ ယောပုဆိုးလေးဝတ်လာနော်"

"ဩော် အင်း"

ကလေးတစ်ယောက်ကို မှာနေသလိုမျိုး မှာနေသော သူမကို ရယ်တော့လည်း ရယ်ချင်သည်။

"ဝတီ့"

"ပြော"

"ဝတီ့ ဖေဖေကိုလည်း မှာထားလိုက်ဦး"

"ဘာမှာထားရမှာတုံး"

"ဩော် ဟိုတစ်နေ့က ဝယ်ထားပေးတဲ့ စကပ်လေး ဝတ်ပြီးတော့ ခါးခါးလေးလိမ်း ပြီးစောင့်နေလို့"

"မောင်နော် ငရဲကြီးလိမ့်မယ်"

"နောက်ပြီးတော့ အပေါ်က ဗိုက်ဖုံးအင်္ကျီလေး ဝတ်ဖို့လည်းမမေ့နဲ့ဦးလို့"

ကျွန်တော့်အပြောကြောင့် 'မောင်နော်'ဟုဆိုရင်း ရယ်နေသော ဝတီ့ရယ်သံလွင်လွင်ကို ဖုန်းထဲမှ ကြည်နူးစွာ ကြားနေရသည်။

"မောင်"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကျရင် အဲဒီလို စပ်ဖြီးဖြီးကြီးလည်း လုပ်မနေနဲ့ဦးနော်"

"အာ လုပ်မှာပဲ"

"မောင်နော် ဝတီဖုန်းချလိုက်ရမလား"

"နောက်တာပါ ဝတီရ"

"ဒါပဲနော် စပ်ဖြီးဖြီး၊ ပြောင်စပ်စပ် မလုပ်ရဘူး၊ ၁၁ နာရီမထိုးခင် ငါးမိနစ်လောက်ကတည်းက ရောက်အောင်လာ"

"ည ၁၁ နာရီလား"

"မောင် အကောင်းပြောနေတာ မေမေက နေ့လယ်စာ ကျွေးမလို့တဲ့၊ သိလား"

"ဝတီ့ မေမေကို ပြောပြလိုက်ဦး၊ မောင်က ခွဲ့ကျွေးမှစားမှာလို့"

"တော်ပြီကွာ၊ ဒီက အကောင်းပြောနေတာကို နားမထောင်ဘူး၊ ဖုန်းချလိုက်တော့မယ်"

ကျွန်တော် တောက်လျှောက်နောက်နေသဖြင့် ဝတီ အတည်ကြီး တင်းလာဟန်တူသည်။ ဖုန်းထဲမှာ ဒေါသသံက ပါလာသည်။

"အာ ဝတီ နေပါဦး"

". . ."

သူမဘက်က ဖုန်းချမသွားသော်လည်း အသံတော့ ထွက်မလာတော့၊ နားတော့ ထောင်နေသေးသည်။

"ဒီနေ့ တစ်နေကုန် မတွေ့ရတော့ အရမ်းလွမ်းတာပဲ ဝတီရာ"

". . ."

"ဝတီရော မောင့်ကို မလွမ်းဘူးလား"

". . . . . . . . . ."

"ဝတီ . . . ဘာလဲ စိတ်ကောက်နေတာလား"

". . . . . . . . . ."

သူမက ဘာမှခွန်းတုံ့မဆို။ တစ်ဖက်မှာ ပြုံးပြီးနားထောင်နေမည်မှန်း ကျွန်တော်သိသည်။ ပြေးကြည့်စရာမလို။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းချစ်တာပဲ ဝတီရာ . . . ယောက္ခမလောင်းနှစ်ယောက်လုံးကိုလည်း ပြောပြလိုက်ဦးနော် . . . သမက်လောင်းလေးက ပါပါးနဲ့မာမားကို အသေချစ်မှာလို့"

"သေလိုက်ပါလား"

"ပါပါးကိုလည်း ပြောလိုက် . . . အပေါ်က ဗိုက်ဖုံးအင်္ကျီ . . . အောက်က စကပ်ဝတ်ပြီး မကြိုလို့ကတော့ အာဘွားမပေးဘူးလို့ . . . အဟီး"

"တော်ပြီကွာ . . . စိတ်ဆိုးတယ်"

အတည်ကြီး စိတ်ဆိုးသွားဟန်တူသော သူမက ဖုံးချသွားသည်။ သေးမှုကပ်နားထောင်နေသော နိုင်အောင်က တဟားဟား အော်ရယ်သည်။

"မနက်ဖြန် . . . မင်း ဝတီတို့အိမ်ထဲ ဝင်သွားပြီဆိုတာနဲ့ ငါ ဆေးရုံတားခေါ်ပြီးတော့ စောင့်နေမယ်နော်"

"ဘာကွ . . . ဖွဟဲ့ . . . လွဲပါစေ ဖယ်ပါစေဗျား . . . သေဂျင်းဖိုး . . . ငါ့ကို စိတ်အနှောင့်အယှက်အတော်ပေးတဲ့ကောင်"

"စိတ်ချပါကွ . . . အရိုးအထူးကုကိုလည်း ကျောက်ပတ်တီးအသင့်နဲ့ စောင့်ခိုင်းထားမယ်"

"ဟ . . . မပြောကောင်းဘူးကွ။ နင့်မေကျီးဒေါ်တဲ့မှပဲ"

ပျစ်ပျစ်နှစ်နှစ်ဆဲရေးရင်း ရင်မှာထိတ်သည်။ ဘာတွေပြောမှန်းမသိ။ ကျွန်တော်သာ အယူသီးသူဖြစ်ပါက မလွယ်။

သကောင့်သားက တဟားဟားရယ်နေသည်မို့ 'ဒီကောင်တော့' ဟု ကြိမ်းရင်း လိုက်ပိတ်ကန်တော့ သကောင့်သားက ထွက်ပြေးသည်။

"မနက်ဖြန် ငါတစ်ယောက်တည်း မသွားဘူး။ မင်းပါလိုက်ခဲ့ . . . ဖြစ်ချင်းဖြစ်ရင် မင်းပဲခံရအောင်"

ကျွန်တော့် အပြောကို သကောင့်သားက ပြောင်ရင်း ရယ်ပြသည်။

"မျက်ခွက်ကိုက ကျက်သရေ လုံးလုံးမရှိတဲ့ကောင်၊ ငါ ကြည့်ရင်းကြည့်ရင်းနဲ့ ပါးပိတ်တီးချင်လာပြီ။ တစ်ခါတည်းစိတ်ရှိလက်ရှိသာ ဆော်လိုက်ရလို့ကတော့ သွား ၃၈ ချောင်းလုံး ကျွတ်ထွက်တော့မယ် . . . ခွေးကောင်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထိန်းပါ . . ငါ့ကောင်ရ . . . ငါ့ကို အဲဒီလောက်ထိ မေတ္တာမထားစမ်းပါနဲ့ . . . ငါ့လိုချစ်စရာကောင်းတဲ့ ဘော်ဒါကိုလေ . . . လိုက်ရှာကြည့်ဦး"

"မင်း . . . အဲဒီမှာ အမြီးကုတ်ပြီး သေလိုက်လေ . . . ငါ့ကို မဦးမချွတ်နဲ့ ဘာတွေပြောမှန်းကို မသိဘူး၊ ငါပြောရင်းနဲ့ ဒေါသက ထွက်လာပြီ . . . မျက်ခွက်ကိုက ပါးပိတ်တီးချင်စရာကြီး"

"အရမ်း ချစ်စရာ ကောင်းတာပဲလား"

"တောက် . . . နွေးနွေးမှိုလို့ ဒီအခွက်ကို ကြိုက်တယ် . . . ကြိုက်စရာရှားလို့ . . . မျက်နှာကိုက မှောက်အကုတ်ခံထားရတဲ့ ရုပ်နဲ့"

"အစ်ကိုကြီး အရမ်းမမြှောက်ပါနဲ့ကွာ"

"ကျက်သရေကို မရှိဘူး . . . လင်းတ မာတ်ချုပ်နေတဲ့ ရုပ်နဲ့ . . . × × × × × × × × × × ×"

www.burmeseclassic.com

www.burmeseclassic.com

“ဒ ဟဲ့ ယောကျ်ား” ဟု မည်မျှပင် အားတင်းလာခဲ့သော်လည်း တကယ်တမ်း ဝတီတို့အိမ်သွားမည်ဆိုတော့ ရင်မှာ တထိတ်ထိတ်ခုန်သည်။

ဝတီတို့ လမ်းထိပ်ကို ဆယ်နာရီခွဲကတည်းက ရောက်နေသည်။ တစ်မနက်လုံးလည်း ထိုင်နေရမလို ရပ်နေရမလိုဖြင့် ဂဏှာမငြိမ်ဖြစ်နေခဲ့ရသည်။

Air con ဖွင့်ထားသောကားထဲမှာ ချွေးစေးတို့ ပျံကာ ရင်မှာတလှပ်လှပ်ဖြင့် အဆက်ရှူမဝသလိုကြီး ဖြစ်နေသည်။

နာရီကိုကြည့်တော့ ၁၁ နာရီထိုးရန် ငါးမိနစ်သာ လိုတော့သည်။ ကျွန်တော်ကားကို ဖြည်းညင်းစွာ မောင်းထွက်လာခဲ့သည်။

တစ်ခါမှ မရောက်ဖူးသေးသော ဝတီတို့အိမ်ထဲ ကားကွေ့ဝင်လိုက်ချိန်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် အသက်ရှူရန်ကိုပင် မေ့လျော့ကာနေသည်။

ဆင်ဝင်အောက်နှင့် ကွက်တိ ကားကို ရပ်လိုက်သော်လည်း ဘရိတ်ကအခုမှ ဘာကြောင်နေသည်မသိ။ သိပ်မထူးပါဘူးဟုတွေးရင်း ဒီအတိုင်းရပ်ထား ကားပေါ်မှ ဆင်းပြီး ကားတံခါးကိုပိတ်လိုက်သည်။

ကံဆိုးချင်တော့ ကားတံခါးကြားမှာ ပုဆိုးစညှပ်နေသည်ကို ကျွန်တော်သတိမထားမိ။ ခပ်လျော့လျော့ဖြစ်နေသော ပုဆိုးကို ပြန်ဝတ်ရန် ပြင်သော်လည်း အိမ်တံခါးဝမှနေ ထွက်ကြိုနေသော ဝတီတို့သားအမိ သား အဖရှေ့မှာမို့

www.burmeseclassic.com



ဒီအတိုင်းပဲ ထားလိုက်ကာ ဝတီတို့ဆီ လှမ်းပြုံးပြရင်း အလှမ်း . . .

"ဟာ"

"အို . . ဟဲ့ ကုလားမန္တာခေါင်းတွေ ကျွတ်ကုန်ပြီ"

ခပ်လျော့လျော့ ဖြစ်နေသော ပုဆိုးက ဆွဲချွတ်သလို 'ဗျတ်'ခနဲ ကျွတ်ကျသည်။ လှမ်းဖမ်းလိုက်သော်လည်း ဘယ်လိုမှမမီတော့။ ယောင်တတ်ပုံရသော ဝတီတို့အမေက ကြဲ့ကြဲ့ဖန်ဖန် 'ကုလားမန္တာခေါင်းတွေ ကျွတ်ကုန်ပြီ' ဟု ယောင်သည်။ ဒူးဆစ်ထိ ရှည်သော ရှော့ပင်သာ မပါခဲ့လျှင် အခြေအနေ ကမကောင်း။

ရှက်ရှက်ဖြင့် ပုဆိုးကို ကောက်ဝတ်တော့ ကားတံခါးကြားမှ ပုဆိုးစက အခုမှ သူမဟုတ်သလို လျောလျောရှူရှူပါလာသည်။

ပုဆိုးကို တစ်ဖက်လှည့်ကာ ကမန်းကတန်းဝတ်ရင်း ဝတီတို့ဘက် လှည့်၍ ဖိညှစ်ပြီး 'အဟဲ' ဟု ပြုံးပြဖြစ်သည်။

ရယ်ချင်နေသော်လည်း အတော်ကြီး အောင့်ထားဟန်တူသော ဝတီ့အဖေနှင့် အမေက ဇွတ်ကြီး ရုပ်ကိုတည်ထားသည်။

ချစ်ရသော ဝတီကတော့ 'ဆီးရွက်သာသာ' သာ ကျန်တော့သော မျက်နှာဖြင့် အပြစ်တင်သလို မျက်မှောင်ကြုတ်ရင်း ကြည့်သည်။

"အဟဲ"

ရှက်ရှက်ဖြင့် နောက်တစ်ကြိမ် ဝတီ့အဖေနှင့် အမေကို ရယ်ပြရင်း လှေကားထစ်ပေါ် ခပ်သွက်သွက် အတက်"

"ဟာ"

"ဟဲ့ ကုလားမန္တာခေါင်း လဲပြီ"

လူကလည်း မည်ကဲ့သို့ ဖြစ်နေသည်မသိ။ ဒီလှေကားထစ်ကိုတောင် ခလုတ်တိုက်ဖြစ်အောင် တိုက်မိသည်။

ယောက္ခမလောင်းနှစ်ယောက်ရှေ့မှာ နမော်နမဲ့ဖြင့် လေးဖက် ထောက်ကြီးဖြစ်နေသေ ကျွန်တော့်မှာ တရုတ်သိုင်းကားထဲက "ဝမ့် ရွှေ ဝမ့် ဇွေ" လုပ်နေသည့်အတိုင်း လေးဖက်ထောက်ကာ ကုန်းကုန်းကြီး။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက် ပြန်ထလိုက်ချိန်မှာ မျက်မှောင်ကြုတ်ကာ ကြည့်နေသော ဝတီ့အဖေ၏ အထင်သေးပုံပေါက်နေသော အကြည့်ကို မြင်ရသည်။ ဝတီ့ အမေကတော့ ပြုံးစိစိ။

ချစ်ရပါသော ဝတီကတော့ မျက်နှာကြီးတစ်ခုလုံး ပြုံတော့မည့် မိုးလို အုံ့မှိုင်းနေကာ အောက်နှုတ်ခမ်းကို အလိုမကျဟန်ဖြင့် ဖိကိုက်လို့ထားသည်။

ဧည့်ခန်းမှာ ထိုင်ပြီး မကြာမီမှာ ကောင်မလေးတစ်ယောက်က အအေးလာချပေးသွားသည်။ ချွေးပျံနေသော မျက်နှာကြီးဖြင့် ကျွန်တော်နေရ ထိုင်ရခက်ကာနေသည်။

"သမီးက သမီးအမေနဲ့ မီးဖိုချောင်သွားကူလိုက်ဦး"

ကျွန်တော့် ဧည့်ခန်းထဲရောက်စဉ်က ပြုံးပြပြီး မီးဖိုချောင်ဘက် ထွက်သွားသော ဝတီ့အမေနောက်သို့ 'ဝတီ'မလိုက်ချင်လိုက်ချင်ဖြင့် လိုက်သွားသည်။

တမင်ပထုတ်လိုက်မှန်းသိသာသည်။

ဧည့်ခန်းထဲမှာ ဝတီ့အဖေနှင့် နှစ်ယောက်တည်းကျန်သည်။ ဒူးကလည်းတုန်၊ ရင်ကလည်းခုန်ဖြင့် ဘာကိုစပြောလိုက်ရမှန်းမသိ။

"မင်း တော်တော် နမော်နမဲ့နိုင်တာပဲ"

"ခင်ဗျာ"

တကယ်တော့ ကျွန်တော့် 'ခင်ဗျာ'က အာမေဋိတ် 'ခင်ဗျာ'သာဖြစ်သည်။ ယောက္ခမလောင်းကြီးက စောစောက မတော်တဆတို့ကို အလိုမကျဖြစ်နေဟန်တူသည်။ မတတ်နိုင်။ ကျွန်တော်က တမင်လုပ်သည်လည်း မဟုတ်။ ကြောက်စိတ်တွေကို ဖယ်ရင်း ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်သည်။ ရင်းရင်းနှီးဖြစ်သွားအောင် မျက်နှာကို အသားကုန်ပြုံးပစ်လိုက်သည်။

"မင်း ဦးသမီးကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားလား"

"ဟုတ်ကဲ့"

ခေါင်းကို ခပ်သွက်သွက်ညိတ်ပြရင်း 'ဟုတ်ကဲ့'လိုက်သည်။

"ဘာအလုပ်လုပ်ပြီး ရှာကျွေးမယ် စဉ်းစားထားလဲ"

မျက်စိစင်းရင်း မေးသော့အမေးကို 'ကြုံရာ ကျပန်းပေါ့ ဦးရယ်'ဟု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မဖြေပါ။ အလုပ်မရှိ အကိုင်မရှိဟု ကျွန်တော့်ကို ဆိုလိုချင်နေသေး ရော့သလား။

"ဟုတ်ကဲ့ တစ်ခုခုကို သေသေချာချာကားပြီးမှ ကျွေးမှာပါ"

"ဘာကွ!"

ကျွန်တော့်စကားကြောင့် ဝတီ့အဖေဒေါသထသွားဟန်ဖြင့် 'ဘာကွ'ဟု အလန့်တကြား မျက်လုံးကြီးပြူးရင်း ဆိုသည်။ ကျွန်တော်ကလည်း ကျွန်တော်၊ ကျွန်တော်ပြောချင်သည်က 'ကုန်တစ်ခုခုကို အရောင်းအဝယ် လုပ်ပြီးမှ ရှာ ကျွေးမည်'ဆိုသော သဘော။ ကျွန်တော်တို့ 'ခနေ့'တွေက အရောင်းအဝယ်လုပ် တာကို 'ကားသည်'ဟုသုံးနှုန်းသည်။ ဥပမာ 'ငါလက်ဖက်ခြောက် ကားနေတယ်' ဆိုသည့်သဘော။ ကျွန်တော်ပြောသော 'ကား'က ရောင်းဝယ်ဖောက်ကားတယ် ဆိုသော သဘော။

"ဘယ်လို ရှာကျွေးမယ်လို့ ပြောလိုက်တယ်"

"ကျွန်တော် တစ်ခုခုကားပြီးမှ ကျွေးမယ်လို့ ပြောတာပါဦး"

"ဟ ဘာကြီးလဲဟ ဒီကောင်"

"ကျွန်တော် အတည်ပြောတာပါဦး၊ ကျွန်တော် ဝတီ့ကို တကယ်ချစ် တာပါ။ နောက်ဆို ကျွန်တော် ဘယ်လောက်ထိ ကဲတယ်ဆိုတာ ဦးသိလာမှာပါ"

'မင်း ဘာတွေပြောနေတာလဲ'ဟု မျက်လုံးပြူးကာ ဆိုသော ယောက္ခမ လောင်းကြီးကို ကျွန်တော် မိန့်မိန့်ကြီး ပြုံးပြလိုက်ရင်း . . .

"အို . . . ဦးကလည်း စိတ်သာချ ကျွန်တော်က ကားလို့ရသမျှတို လေ ဝတီ့အတွက်ဆို . . . ကား . . . ဦး . . မှာ . . အဲဒီလိုကားပြီးတော့ လေ ဝတီ့ကို . ."

"ဟေ့ကောင် . . . မင်း . . . မင်း ထွက်သွားစမ်း"

ဝတီ့အဖေက မျက်နှာကြီးနီလျက် ဒေါသတကြီးဖြင့် ဆိုလာသော အခါ ကျွန်တော် တုန်လည်းတုန်လှုပ်သလို အံ့လည်းအံ့ဩသွားရသည်။ ... သော် သည်းခံရန် စိတ်ကိုအားပေးရင်း ဘာမှမဖြစ်သလို ရယ်လိုက်...

"ဦးကလည်း အရမ်းနောက်တတ်တာပဲ၊ တကယ့် တကယ်ကြီး နင်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အတိုင်းပဲနော် အပတ်”

“ဘာ . . ဘာကွ၊ ဟော့ကောင် ဇကယ် နင်နေတာကွ၊ ထွက်သွား ပြောင်ချော်ချော်နဲ့ ဘာတွေပြောမှန်းလဲမသိဘူး၊ သွား . . . မင်းထွက်သွား”

“ဖေဖေ”

အသံကျယ်ကြီးနှင့် နင်နေသော သူမ၏ အဖေအသံကြောင့် ထင့်။ မီးဖိုဆောင်ထဲမှ ဝတီရော သူမ၏ အမေပါ ဝရုန်းသုန်းကားထွက်လာကြ သည်။ ဝတီက ဒေါသကြီးနေသော သူမ၏ အဖေကို ‘ဖေဖေ’ဟုခေါ်ရင်း ကျွန်တော့်ကို ‘ဘာဖြစ်တာလဲ’ ဟူသော သဘောဖြင့် ကြည့်သည်။

“သွား မင်းထွက်သွား၊ ပုံစံကိုက ဝင်လာကတည်းက နမော်နမဲ့နဲ့ ငါ့မျက်စိနဲ့ကို အဆင်မပြေဘူး၊ သမီး ဒီအကောင်နဲ့ ဖေဖေလုံးဝ သဘောမတူ ဘူးနော် ဒါပဲ”

ဒေါသတကြီးဖြင့် အိမ်အပေါ်ထပ်သို့ တက်သွားသော ဝတီ့ဖေဖေ နောက်သို့ ကြောင်ငေးကာ ရပ်ကြည့်နေသော ဝတီ့မေမေက ကပ်လိုက်သွား သည်။

ဝတီက သူမအဖေကို ကြည့်နေရာက ကျွန်တော့်ဘက်ကိုလှည့်သည်။

“မောင်ရယ် ဘယ်လိုဖြစ်ရတာလဲ”

ဝတီ့အမေးကို ကျွန်တော်လက်ကာပြလိုက်သည်။

“ဝတီ စိတ်အေးအေးထားသိလား၊ နောက်မှ ဖြည်းဖြည်းချင်း မောင် ရှင်းပြမယ်၊ အခုတော့ မောင်ပြန်တော့မယ် နော်”

“မောင်”

အံ့အားသင့်ရင်း၊ မှင်သက်မေ့ရင်း ဝတီ ကျန်ရစ်ခဲ့သည်။ ရင်တစ်ခု လုံး ပွင့်ထွက်သွားမတတ် နာကျင်ရင်း၊ နားမလည်နိုင်စွာ၊ နာကျင်စွာဖြင့် ကျွန်တော် သူမတို့ အိမ်ထဲမှ မောင်းထွက်လာခဲ့သည်။

ဘာတွေ ကျွန်တော်မှားခဲ့သနည်း။

ရင်တို့က မွန်းကြပ်ကာ ဆို့နင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားကသာ ချစ်ခြင်းကို ခွဲပစ်နိုင်မယ်ဆိုရင် ကမ္ဘာကြီးဆိုတာ ရှိတောင်ရှိတော့မှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

"ဝတီ ဖေဖေက ဝတီ့ကို ဘယ်မှ ပေးမထွက်ဘူးတဲ့။ ဟန်းဖုန်းကိုလည်း သိမ်းထားတယ်"

နွေးနွေး၏ စကားအဆုံးမှာ ကျွန်တော်ပြုံးဖြစ်သည်။ နာကျင်သော အပြုံး။

"မင်းကလည်းလေ ငါသေသေချာချာ မှာရဲ့သားနဲ့ ကမောက်ကမ တွေချည်းလုပ်ခဲ့တယ်။ မင်း အေးအေးဆေးဆေး သွားရှင်းပြသင့်တယ်"

"နိုင်အောင်ရာ အခုလို သွေးပူနေတဲ့အချိန်မှာ သွားရှင်းပြလို့လဲ၊ သူ လက်ခံမှာမဟုတ်ဘူး၊ အမှန်တရားဆိုတာ တစ်နေ့နေ့မှာ သေချာပေါက် ပေါ် လာပါလိမ့်မယ်။ ငါ ဝတီတို့အဖေအပေါ်မှာ မေတ္တာအပြည့်ထားတယ်။ တကယ်တော့ ငါကိုက စိုးရိမ်စိတ်များလွန်းပြီး ပျာယာခတ်သွားတာလေ၊ မဟုတ်ရင် အားလုံးအေးအေးဆေးဆေးပြီး သွားနိုင်တယ်"

ကိုညဏ်နိုင်နှင့် သုံးက ကျွန်တော့်ကို စိတ်မကောင်းစွာ ကြည့်သည်။ နွေးနွေးက

"ဝတီက မှာလိုက်တယ် သူအေးအေးဆေးဆေးနဲ့ပဲ သူ့အဖေကို ရအောင်ရှင်းပြမယ်တဲ့။ နောက်ပြီးတော့ သူတို့အိမ်ကို ရတနာလာလာရောင်းနေတဲ့ ဗိုလ်ချုပ်ဈေးထဲက အန်တီဆီကိုလည်း သူ့အဖေကို သွားမေးခိုင်းထားတယ်တဲ့။ နင်ပြောတာတွေက အမှန်တွေဆိုတာ သူ့အဖေသိရင် အိုကေပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ယုံယုံလေးမျှသော ရောင်ခြည်တို့ကြားက ကျွန်တော့်ကိုပင် တဖြန်တလဲအားပေးစကားပါးရှာသော ဝတီ့ကို ကျွန်တော်သနားသွားမိသည်။

ကျွန်တော် လွမ်းသလို သူမလည်း လွမ်းနေရှာရော့မည်ကိုး။

"ဝတီက သူ့အဖေနဲ့ အလောင်းအစား လုပ်ထားတယ်တဲ့။ သူ့အဖေက စုံစမ်းလို့ နင်ပြောတဲ့စကားတွေကသာ အမှန်ဖြစ်တယ်ဆိုရင် နင်နဲ့ သူ့ကို သဘောတူရမယ်။ တကယ်လို့ နင်အဲဒီနေ့ကပြောတဲ့ စကားတွေကသာ မှားတယ်ဆိုရင်တော့ သူ့အဖေ ပေးစားတဲ့ လူနဲ့ ယူမယ်လို့ ကတိပေးထားတယ်တဲ့"

"ဝတီရယ်" ဟု ရင်မှခေါ်ဖြစ်သည်။ ကျွန်တော့်အပေါ် ဘဝနှင့်ချီကာ အားကိုးယုံကြည်ပါသောချစ်သူ။

"သေချာပါတယ်၊ ငါ့ဘက်မှာ အမှန်တရားရှိတယ်"

ဝေ့ဝဲနေသော မျက်ရည်တို့ကို ထိန်းရင်းဆိုသော ကျွန်တော့်ကို အားလုံးက ငေးကြည့်နေကြသည်။

"အချိန်ကာလ အတိုင်းအတာတစ်ခုထိ စောင့်လို့မှ အဲဒီအမှန်တရားက ငါ့ကိုမျက်နှာသာမပေးဘဲ ငါ့ဘက်မပါခဲ့ရင်၊ ငါ . . . ဝတီ့ကို ရအောင်ခိုးမယ်၊ ဘယ်လိုနည်းနဲ့မှ အဆုံးအရှုံးမခံဘူး"

အံကိုကြိတ်ရင်းဆိုသော ကျွန်တော့်စကားကို ကိုလူအေးကြီးကိုညာဏ်နိုင်က လက်သီးဆုပ်ရင်းထောက်ခံသည်။

"ဒီလိုပဲဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားသည် နောက်ဆုံးတော့ ကျွန်တော့်ထံ ဆိုက်ဆိုက်မြိုက် မြိုက်ကြီးရောက်လာခဲ့လေသည်။

"တီတီတီ"

အိတ်ကပ်ထဲမှ ဖုန်းမြည်သံကြောင့် ထုတ်ရင်းကြည့်ဖြစ်သည်။ ဝတီ့ဖုန်း။ ရင်ထဲလှိုက်ခနဲ ဝမ်းသာမှုက တက်ဆောင့်သည်။

"ဝ . . . ဝတီ"

တစ်ဖက်က ဘာမှပြန်မတုံ့ပြန်။

"ဟဲလို ဝတီ . . ဝတီလား"

"ဦးပါ ဝတီ့ဖေဖေပါ"

ကျွန်တော့် တစ်ကိုယ်လုံး ကျဉ်တက်သွားကာ အေးခဲသွားသလို ခံစားလိုက်ရသည်။ ဖုန်းကို ပိတ်ပစ်ချင်သော်လည်း ကျွန်တော် မပိတ်ဖြစ်။ ကျွန်တော် မရိုင်းပါ။

"ဟုတ်ကဲ့ ပြောပါဦး"

"သားကို ဦးတောင်းပန်ချင်လို့ပါ"

"ခင်ဗျာ"

'တောင်းပန်ချင်လို့' ဒါဆို ဝတီဘက်က အနိုင်ရရှိသွားပြီပေါ့။ ကျွန်တော်လေထဲလွင့်ပါသွားသလို လှိုက်ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဦး သေသေချာချာ စုံစမ်းပြီးပါပြီ။ အဲဒီနေ့က ဦးရဲ့ အမှားတွေ အတွက် သားကို အားနာလိုက်တာ သားရယ်"

"အာ . . ကိစ္စမရှိပါဘူး"

"ဘယ်ဟုတ်မလဲ၊ ဦးက စော်ကားသလိုဖြစ်သွားတာဆိုတော့ တောင်း ပန်ရမယ့် ဝတ္တရား ဦးမှာရှိတယ်လေ၊ ဦး တကယ့်ကို တောင်းပန်ပါတယ်ကွာ"

"အာ မဟုတ်တာ ဦးကလည်း ရပါတယ် ကိစ္စမရှိပါဘူး"

အားနာနာဖြင့် ဆိုဖြစ်သည်။

"ကဲကဲ ဝတီနဲ့ ပြောလိုက်ဦး"

ဖုန်းသံက တိတ်သွားသည်။ ကျွန်တော့် ရင်ခုန်သံတို့ကလည်း ချစ်သူ့ အသံကို နားစွင့်ရန် တိတ်ဆိတ်ကာ သွားသည်။

"ဝတီ . . . ဟဲလို . . . ဝတီ"

"မောင်!"

ချစ်ရပါသော ဝတီ၏ နွမ်းလျလျအသံလေး။

"လွမ်းလိုက်တာ ဝတီရာ၊ ထွက်လာခဲ့လေ မောင်လာကြိုမယ်"

"အိမ်ကိုလာမှာလား"

"အာ မလုပ်ပါနဲ့၊ လမ်းထိပ်ကပဲ စောင့်ပါရစေ"

ကျွန်တော့်၏ ပျာပျာသလဲ စကားကြောင့် ဝတီရယ်သည်။

မကြားရတာ ကြာပြီဖြစ်သော ချစ်သူ၏ အသံက အဆုံးစွန်ချိုမြလို့။

www.burmeseclassic.com

www.burmeseclassic.com

**အင်း** လျှားကန်ပေါင်မှာ ထိုင်ထိုင်ပြီးချင်း 'ဝတီ'က ကျွန်တော့်ကို ခပ်တင်းတင်း ဖက်ကာထားသည်။ ပြီး

"ဝတီ အရမ်းကြောက်သွားတာပဲ သိလား၊ မောင်နဲ့သာ တကယ်ခွဲရလို့ကတော့ ဝတီသေမှာသေချာတယ်"

"အာ ဝတီကလည်း ဒီကကောင်က ကိုယ်ချစ်သူကို လက်လွှတ်ခံမယ့်ကောင်မှမဟုတ်တာ၊ အခြေအနေမဟန်လို့ကတော့ လာခိုးမှာ သိလား"

ခပ်တင်းတင်းပြန်ပွေ့ဖက်ထားရင်းက ကျွန်တော်ဆိုဖြစ်သည်။

"ဖေဖေက မောင့်ကို အရမ်းအားနာနေတာ၊ မေမေကလည်း ပြောသေးတယ်သိလား"

"ဘာတဲ့လဲ"

"မောင်က အရမ်းချောတာပဲတဲ့ တွေ့တွေ့ခြင်းကတည်းက ဝတီနဲ့ကြိုက်ပြီးသဘောတူနေတာတဲ့လေ"

"ဖြစ်ရမယ်လေ၊ ဟဲဟဲ ဆက်မပြောဘူးလား၊ သူ့သမီးထက်တောင်ချစ်စရာကောင်းနေသေးတယ်လို့"

"မပြောပါဘူး အာ ဘာလုပ်တာလဲ . ."

"အာဘွားပေးတာလေ၊ လွမ်းလို့"

"သွား ဘာကြီးမှန်းလဲမသိဘူး"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကျရင် မောင် ဝတီတို့အိမ်ကို လာမယ်နော် ဝတီ့ ဖေဖေကို ပြောထားလိုက်"

"ဘာပြောထားရမှာလဲ"

"ဩော် ဟိုတစ်ခေါက်က မဝတ်ဖြစ်တဲ့ ဗိုက်ဖုံးအကျီနဲ့ စကပ်ဝတ်ပြီးတော့ ခါးခါးလူးထားလို့ ဒီက ရွှေသမက်လောင်းက အာဘွားပေးမလို့ လို့"

"မောင်နော်"

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူတို့၏ ရယ်သံကား ချိုမြ၏။ ထိုချိုမြသော ရယ်သံကို ကန်ရေပြင်က ခိုးနားထောင်နေရာက မျက်လုံးဖွင့်ရင်း ထိုချစ်သူနှစ်ယောက်ကို ခိုးကြည့်ပြန်လေသည်။ သို့သော် ချက်ချင်းပင် သူ၏မျက်လုံးတို့ကို ဆတ်ခနဲ ပြန်ပိတ်ပြီး ရှက်သွေးဖြာကာသွားသည်။

ထိုချစ်သူနှစ်ဦးကား ကန်ရေပြင်ကိုပင် အရှက်သည်းစေသော ချစ်သူနှစ်ဦးတည်း။

မြည်ပိုင်မှူးဆိုင်

www.burmeseclassic.com